

# သိမ်းပိုက်ခံ ဘဝများ

မြန်မာနိုင်ငံ ပလောင်ဒေသမှ တရုတ်နိုင်ငံသို့
လူကုန်ကူးခြင်း

ဝေါဟာရ ဖွင့်ဆိုရှင်းလင်းချက်

| | |
|---|---|
| **CBTIP*** | လူကုန်ကူးမှုထိန်းချုပ်ကွပ်ကဲရေး ဗဟိုဌာန |
| **CEDAW** | အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ဆန့်ကျင်ခွဲခြားဖိနှိပ်မှု တိုက်ဖျက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ် |
| **COMMIT** | မဲခေါင်ဒေသဆိုင်ရာ လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးလုပ်ငန်း |
| **GMS** | မဟာမဲခေါင်ဒေသ |
| **KWAT** | ကချင်အမျိုးသမီးအစည်းအရုံး(ထိုင်းနိုင်ငံ) |
| **MoU** | နားလည်မှုသဘောတူညီချက်စာချွန်လွှာ |
| **MP** | ပါလီမန်လွှတ်တော်ကိုယ်စားလှယ် |
| **MWAF*** | မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ |
| **NGO/INGO** | အစိုးရမဟုတ်သည့်အဖွဲ့အစည်း/အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်း |
| **PNF** | ပလောင်အမျိုးသားလွတ်မြောက်ရေးတပ်ဦး |
| **PSLA** | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် |
| **PSLF** | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး |
| **PWO** | ပလောင်အမျိုးသမီးအစည်းအရုံး |
| **TIP** | လူပုဂ္ဂိုလ်များကို ရောင်းဝယ်ခြင်း |
| **TNP** | တအာင်း(ပလောင်)အမျိုးသားပါတီ |
| **TSYO** | တအာင်းကျောင်းသားနှင့် လူငယ်များ အစည်းအရုံး |
| *(formerly PYNG)* | (ယခင် – ပလောင်လူငယ်လုပ်ငန်းကွန်ယက်အဖွဲ့) |
| **UNIAP** | ကုလသမဂ္ဂဆိုင်ရာ လူကုန်ကူးမှုပပျောက်ရေးအေဂျင်စီ စီမံချက် |
| **USD** | အမေရိကန်–ဒေါ်လာ |
| **USDP*** | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

* အစိုးရလက်အောက်ခံ အဖွဲ့အစည်း (သို့) နိုင်ငံရေးပါတီ

ပျမ်းမျှငွေလဲလှယ်နှုန်း – ယူအက် ၁ ဒေါ်လာ – ၁၀၀၀ ကျပ်၊ ယူအက် ၁ ဒေါ်လာ – ၆.၅ ယွမ်

ပလောင်လူမျိုးတို့သည် မိမိကိုယ်ကို တအာင်းလူမျိုးဟု သုံးနှုန်းခေါ်ဝေါ်ကြသည်။

# မာတိကာ


**လူကုန်ကူးသည့်ဒေသပြ မြေပုံ** ..... **၄**
**အစီရင်ခံစာအနှစ်ချုပ်** ..... **၅**
**အစီရင်ခံစာအတွက် လုပ်ဆောင်ခဲ့သည့်နည်းနာ** ..... **၇**
**နိဒါန်း** ..... **၉**


**နောက်ခံသမိုင်း** ..... **၁၀**
- ပလောင်လူမျိုး ..... ၁၀
- ပလောင်အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု ..... ၁၀
- ပလောင်ဒေသတွင်း စစ်တပ်ကြီးစိုးမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ..... ၁၀
- ပလောင်လက်ဖက်လုပ်ငန်းများ ကျဆင်းလာမှု ..... ၁၁
- ဘိန်းစိုက်ပျိုးမှုနှင့်မူးယစ်ဆေးဝါးသုံးစွဲမှုများ တိုးပွားလာခြင်း ..... ၁၂
- မူးယစ်ရာဇာနှင့် စစ်တပ်လက်ဝေခံများ ၂၀၁၀ ရွေးကောက်ပွဲမှ အာဏာရရှိလာခြင်း ..... ၁၂
- ပြည်တွင်းစစ် ပြန်လည်ဖြစ်ပေါ်လာခြင်းကြောင့် ရှမ်းပြည်မြောက်ပိုင်းတွင် ချိုးဖောက်မှုများပြားလာခြင်း ..... ၁၂
- မြန်မာပြည်ရှိ လူကုန်ကူးမှုများ ..... ၁၃
- ပုံစံခွက်–လိင်ခွဲခြားသည့်ဓလေ့ထုံးတမ်းနှင့် လူကုန်ကူးခြင်း ..... ၁၄

**ရှာဖွေတွေ့ရှိချက်များ** ..... **၁၅**
- လူကုန်ကူးမှုများ တိုးပွားဖြစ်ပေါ်နေခြင်း ..... ၁၅
- ဘယ်သူတွေ လူကုန်ကူးခံနေရသလဲ ..... ၁၅
    - အမျိုးသမီးပျိုများအဓိကပစ်မှတ် ..... ၁၅
    - ကလေးငယ်များအား လူကုန်ကူးခြင်း ..... ၁၅
    - လက်ဖက်တောင်သူများ လူကုန်ကူးခံရခြင်း ..... ၁၇
    - နမ့်ခမ်းဒေသမှ လူကုန်ကူးမှုတိုးမြင့်လာခြင်း ..... ၁၇
- တရုတ်ပြည်သို့ ဦးတည်ရောင်းစားခြင်း ..... ၁၉
- ဘယ်သူတွေက လူကုန်ကူးနေကြသလဲ ..... ၁၉
- ရောင်းစားခံရသူများအခြေအနေ ..... ၂၀
    - လိင်ဖျော်ဖြေရေးလုပ်ငန်းတွင် အတင်းအဓမ္မ လုပ်ကိုင်စေခြင်း ..... ၂၀
    - တရုတ်အမျိုးသားများနှင့် အတင်းအဓမ္မလက်ထပ်ထိမ်းမြားစေခြင်း ..... ၂၁
    - မျော့စာကျွေးခြင်း ..... ၂၃
- လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသည့်အခြေအနေများ ..... ၂၄
- ကူညီထောက်ပံ့မှုနှင့်တရားမျှတမှု ရရှိနိုင်မည့်လမ်းကြောင်းများ ကန့်သတ်ခံရခြင်း ..... ၂၅
- လွတ်မြောက်လာသူများနေရပ်ဌာနသို့ပြန်ရောက်လာစဉ် ရင်ဆိုင်ရသည့်အခက်အခဲများ ..... ၂၇
- ပလောင်ဒေသမှ ရွှေ့ပြောင်းအလုပ်သမားများ ကြီးမားစွာတိုးပွားလာခြင်း ..... ၂၈
    - လက်ဖက်လုပ်ငန်းအပေါ် အာရုံစူးစိုက်မှုကြီးမားစွာလျော့နည်းလာခြင်း ..... ၃၀
    - မီးသွေးလုပ်ငန်းဖြင့် ရေရှည်ရပ်တည်ရန်မဖြစ်နိုင်တော့ခြင်း ..... ၃၂
    - ပညာရေးနှင့်ကျန်းမာရေးစရိတ် မြင့်မားခြင်း ..... ၃၂
- လူကုန်ကူးမှုဖြစ်ပေါ်စေသည့် လူမှုရေးဆိုင်ရာအချက်အလက်များ ..... ၃၄
    - ပညာရေးချို့တဲ့ခြင်း ..... ၃၄
    - ကျန်းမာရေးဝန်ဆောင်မှု ချို့တဲ့ခြင်း ..... ၃၄
    - မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် သုံးစွဲမှု တိုးမြင့်လာခြင်း ..... ၃၅

**နိဂုံးနှင့် အကြံပြုချက်** ..... **၃၆**
**နောက်ဆက်တွဲ** ..... **၃၈**
- ရွေးချယ်ထားသည့် အချို့ဖြစ်စဉ်များ ..... ၃၈
- စုစည်းကောက်ခံခဲ့သည့် လူကုန်ကူးမှုဖြစ်စဉ်များ အကျဉ်းချုပ်စာရင်း ..... ၄၂
- လူကုန်ကူးမှုနှင့်စပ်လျဉ်းသည့် ဥပဒေဖွင့်ဆိုချက်များ ..... ၅၂

**အောက်ခြေမှတ်စု** ..... **၅၆**

လူကုန်ကူးသည့်ဒေသပြ မြေပုံ



# အစီရင်ခံစာအနှစ်ချုပ်

တရုတ်–မြန်မာနယ်စပ်တွင် လွန်ခဲ့သည့်ခြောက်နှစ်တာကာလအတွင်းဖြစ်ပွားခဲ့သော လူကုန်ကူးခြင်းကိစ္စနှင့်အမှန်တကယ်ပတ်သက်သူနှင့်ပတ်သက်သည်ဟုယူဆရသူ ၁၁၀ ဦးပါဝင်သည့်ဖြစ်စဉ် ၇၂ ခုကို ပလောင်အမျိုးသမီးအစည်းအရုံးမှ ကောက်ခံစုဆောင်းခဲ့ပါသည်။ ထိုလူကုန်ကူးမှုဖြစ်စဉ်အများစုမှာ နမ့်ခမ်း၊ နမ့်ဆန်နှင့် မန်တုန် မြို့နယ်ရှိ လက်ဖက်တောင်သူ မိသားစုအသိုင်းအဝိုင်းတို့မှ ပလောင်အမျိုးသမီးပျိုများ ဖြစ်ကြပါသည်။

PWO သုတေသနပြုခဲ့သည့် အချက်အလက်များအရ လူကုန်ကူးခြင်းခံခဲ့ရသောအမျိုးသမီးများ၏ နေရပ်ကျေးရွာများရှိ လူဦးရေ ၄၁ ရာခိုင်နှုန်းအထက်မှာ အခြားနေရာဒေသများသို့ ထွက်ခွာအလုပ်လုပ်ကြသည်ကို တွေ့ရှိရသည်။ အပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့သည့် ၁၉၉၁ ခုနှစ်မှစတင်၍ ပလောင်ဒေသကို အုပ်ချုပ်ခဲ့သည့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် အနေဖြင့် ၂၀၀၅ ခုနှစ်တွင် လက်နက်အပ်ခဲ့သည့်နောက်ပိုင်းတွင် ပလောင်ဒေသရှိ ပြည်သူများ အခြားဒေသသို့ ရွှေ့ပြောင်းအလုပ်ရှာသည့်ပမာဏစတင်ကြီးမားလာခဲ့သည်။လက်နက်အပ်ပြီးသည့်နောက် ပလောင်ဒေသကို ထိန်းချုပ်ထားသည့် မြန်မာစစ်တပ်ဖွဲ့များနှင့် လက်အောက်ခံပြည်သူ့စစ်များက စိုက်ပျိုးရေးနှင့် ကူသန်းရောင်းဝယ်ရေးတို့အပေါ် အခွန်နှုန်းထားများ ပိုမိုတိုးမြှင့်ကောက်ခံလာကြသည်။ ထို့အတူ မြန်မာပြည်မှ တင်ပို့ရသည့် စားနပ်ရိက္ခာကုန်ဈေးနှုန်းမြင့်မားလာခြင်း၊ ကျန်းမာရေး၊ ပညာရေးစရိတ်များတိုးမြှင့်လာခြင်း တို့သည် လက်ဖက်တောင်သူများ စားဝတ်နေရေးအတွက် ရေရှည်ရှာဖွေလုပ်ကိုင်ရန် မဖြစ်နိုင်တော့သဖြင့် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန်အတွက် ဒေသခံ လူငယ်များ တနယ်တကျေးသို့ ထွက်ခွာအလုပ်ရှာကြရပါသည်။ ထိုကဲ့သို့ ရွှေ့ပြောင်းအလုပ်ရှာခြင်းသည် အမျိုးသမီး၊ အမျိုးသားနှင့် ကလေးငယ်များအား တရုတ်နိုင်ငံသို့ အဓိက တင်ပို့ကြသော လူကုန်ကူးမှုများ ပိုမိုဖြစ်ပေါ်စေရန် ဦးတည် အချက်ပြနေပါသည်။

လူကုန်ကူးခံရသူအများစုမှာ တရုတ်ပြည်ရှိ စက်ရုံများ သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်အားခကောင်းသည့် အလုပ်များရရှိမည်ဟူ၍ လှည့်ဖြားခေါ်ဆောင်ခံကြရသည်။ ဖြစ်စဉ် ၂၅ ရာခိုင်နှုန်းကျော်တွင် အမျိုးသမီးများမှာ တရုတ်အမျိုးသားများနှင့် အတင်းအဓမ္မလက်ထပ်ရသည့် အမှုများဖြစ်ပြီး ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ပွဲစားများမှာ ယွမ်ငွေ ၂၅၀၀၀ (အမေရိကန်ဒေါ်လာ ၃၈၀၀ ခန့်) ပွဲစားခရရှိကြသည်။ ၁၀ ရာခိုင်နှုန်းခန့်မှာ လိင်ဖျော်ဖြေရေးတွင် ရောင်းစားခံကြရသည်။ အချို့မှာ မျော့စာအဖြစ် အစာကျွေးခြင်းခံရပြီး ဘဝအဆုံးသတ်ခဲ့ကြရသည်။ ယူနန်ပြည်နယ်တွင် အဓိကဖြစ်ပွားပြီး အချို့သူများမှာ ဝေးကွာလှသော အပေါ်ပိုင်းရှိ ရှန်ဒေါင်ဒေသများတွင် ဘဝဆုံးပါးခဲ့ကြရသည်။

အသက်ဆယ်နှစ်အောက်ကလေးငယ်များကို ရောင်းဝယ်သည့် ဖြစ်စဉ် ၁၁ ခုကိုလည်း ရင်နှစ်ဖွယ်ကြုံတွေ့ မေးမြန်းခဲ့ရပြီး ထိုဖြစ်စဉ်များထဲမှ ၅ ခုမှာ တနှစ်အောက်ကလေးငယ်များဖြစ်သည်။ အများစုမှာ ယောကျ်ားလေးများဖြစ်သည်။ အချို့ကလေးငယ်များမှာ ယင်းတို့၏နေအိမ်မှ လွယ်ကူစွာပင်ခိုးယူခြင်းခံကြရပြီး၊ အချို့မှာ အရက်(သို့) မူးယစ်ဆေးဝါး သုံးစွဲသူ မိဘများကိုယ်တိုင် ရောင်းစားခဲ့ကြသည်။ PWO ၏ယခင်အစီရင်ခံစာများတွင် ထောက်ပြထားသည့်အတိုင်း မြန်မာ စစ်တပ်ဖွဲ့နှင့် ယင်းတို့၏ပြည်သူ့စစ်များ၏ ဘိန်းရောင်းဝယ်မှုများသည် ပလောင်ဒေသအတွင်း ဘိန်းစိုက်ပျိုးရောင်းဝယ်ခြင်းများ ယခုနှစ်ပိုင်းအတွင်း ကြောက်ခမန်းလိလိတိုးများလာသည်ကို တွေ့ရသည်။ ထိုကြောင့် မူးယစ်ဆေးဝါး သုံးစွဲသည့် ပလောင်အမျိုးသားဦးရေ တိုးများလာပြီး၊ မူးယစ်ဆေးဝါးဝယ်ရန်အတွက် ယင်းတို့ပိုင်ဆိုင်သည့်ပစ္စည်းများသာမက သား သမီးများကိုပင် ရောင်းစားလာကြသည်။

လွန်ခဲ့သည့်နှစ်များစွာကတည်းက တရုတ်အမျိုးသားများနှင့်အတင်းအဓမ္မလက်ထပ်ခံရခြင်းမှ ထွက်ပြေးလွတ်မြောက်လာသူ လူကုန်ကူးခံရသည့်ဖြစ်စဉ် ၁၁ ခုသာတွေ့ရသည်။ မိသားစုဝင်များမှာ လူကုန်ကူးခံရသူများလွတ်မြောက်နိုင်ရန်အတွက် ထိရောက်မှုမရှိသည့် ဒေသခံ မြန်မာအာဏာပိုင်များ၊ လူမှုအသင်းအဖွဲ့များထံမှ အကူအညီတောင်းခံခဲ့ကြသည်။ အချို့ လူကုန်ကူးသူများမှာ ဖမ်းဆီးခြင်း၊ ထောင်ချခြင်းခံကြရပြီး၊ လာဘ်ငွေထိုးခြင်း၊ ဒါဏ်ရိုက်ခြင်းများပြုလုပ်ပြီး ပြန်လည် လွတ်မြောက်ခဲ့ကြသည်။

မြန်မာစစ်အုပ်စုတို့သည် ၂၀၀၅ ခုနှစ်ကတည်းက လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေ ထုတ်ပြန်ခဲ့ပြီး၊ တရုတ်နယ်စပ်ရှိ မူစယ်မြို့တွင်လည်း လူကုန်ကူးမှုတိုက်ဖျက်ရေးအထူးအဖွဲ့ကိုဖွဲ့စည်းထားရှိခဲ့သည်။ သို့သော်လူကုန်ကူးမှုများဖြစ်ပွားရသည့် အဓိကအရင်းအမြစ်ကို ကိုင်တွယ်ဖြေရှင်းခြင်းမပြုခြင်းကြောင့် လုပ်ငန်းထိရောက်မှုအနည်းငယ်သာရှိသည်။

နိုဝင်ဘာလ ၂၀၁၀ ရွေးကောက်ပွဲပြီးသည့်နောက်ပိုင်း အခြေအနေများ ပိုဆိုးရွားလာသည်ကို တွေ့ရှိရသည်။ နမ့်ခမ်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည့်နာမည်ကြီးမူးယစ်ရာဇာဝပန်ဆေးကျော်မြင့်အပါအဝင် မြန်မာစစ်အုပ်စု၏ လက်ဝေခံများကို ပလောင်ဒေသတွင် အနိုင်ရရှိစေရန်ပြုလုပ်ထားခဲ့ကြသည်။ စစ်တပ်အုပ်စိုးမှု ဆက်လက်ကြီးထွားလျက်ရှိပြီး၊ အပစ်အခတ်ရပ်တိုင်းရင်းသားတပ်ဖွဲ့များကို ထိုးစစ်ဆင် တိုက်ခိုက်မှုအသစ်များ ပြုလုပ်လာခြင်းကြောင့် ရှမ်းပြည်မြောက်ပိုင်းတွင် စစ်မီးငွေ့များ တဖန်ပြန်လည် တောက်လောင်လာနေပါသည်။ ပါလီမန်လွှတ်တော်သစ် ခေါ်ယူကျင်းပခဲ့သော်လည်း ပညာရေးနှင့်ကျန်းမာရေးအသုံးစရိတ်ထက်ကျော်လွန်ပြီး စစ်အသုံးစရိတ်ကို ဦးစားပေးသုံးစွဲရန် နိုင်ငံတော် ဘတ်ဂျက်ချမှတ်ခဲ့သည်။

လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းအလုပ်သမားကိစ္စများကို လက်ငင်းကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အခြေခံကျသည့် နိုင်ငံရေးစံနစ် ပြုပြင်ပြောင်းလဲခြင်းများပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် ပလောင်အမျိုးသမီးအစည်းအရုံးမှ အောက်ပါတောင်းဆိုချက်များကို တောင်းဆိုအကြံပြုလိုက်ပါသည်။

စစ်တပ်လက်အောက်ခံ အစိုးရ အနေဖြင့် –

- စစ်မှန်သောငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိရန်အတွက် စစ်တပ်လက်အောက်ခံ အစိုးရ အနေဖြင့် ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုများနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ချက်ချင်းပြုလုပ်ရန်။
- တပြည်လုံးအတိုင်းအတာဆောင်သည့် အပစ်ခတ်ရပ်စဲရေးများပြုလုပ်ပြီး၊ တိုင်းရင်းသားဒေသများတွင် ထိုးစစ်ဆင်နေခြင်းများကို ချက်ချင်းရပ်တန့်ရန်။
- လူကုန်ကူးခြင်းများ ဖြစ်ပွားရသည့် အဓိကအရင်းအမြစ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လူကုန်ကူးမှု တိုက်ဖျက်ရေး ပေါ်လစီများကို ပြန်လည်သုံးသပ်ရန်။
- လူကုန်ကူးခံရသူများကို ကူညီနေသူများအပါအဝင် လူထုအခြေပြုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများအပေါ် ချမှတ်ထားသည့် ကန့်သတ်မှု အားလုံးကို ရုပ်သိမ်းရန်။

နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် –

- ဒီမိုကရေစီမဆန်သော စစ်တပ်ကျောထောက်နောက်ခံပြုထားသည့်အစိုးရကို အသိအမှတ်မပြုရန်။
- မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးကိုဦးတည်စေမည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် စစ်တပ်လက်အောက်ခံအစိုးရကို ဖိအားပေးရန်။

အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများ INGOs နှင့် NGOs အနေဖြင့် –

- မြန်မာပြည်တွင်းတွင် ကူညီထောက်ပံ့ပေးနေသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်းများ၏ ထိရောက်မှုကို သုံးသပ်ရန်နှင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိ/မရှိကို သေချာစွာကြီးကြပ်ရန်။
- လူကုန်ကူးခံရခြင်းကြောင့် ထိခိုက်နစ်နာသူများကို တိုက်ရိုက်ကူညီနေသည့် နယ်စပ်ဖြတ်ကျော် အလုပ်လုပ်နေသူများ အပါအဝင် လူထုအခြေပြု အဖွဲ့အစည်းများကို ပိုမိုထောက်ပံ့ပေးရန်။

တရုတ်အစိုးရ အနေဖြင့် –

- စစ်တပ်လက်အောက်ခံအစိုးရအား စီးပွားရေးနှင့်သံတမန်ရေးအရ ကူညီထောက်ခံနေခြင်းကြောင့် တရုတ်ပြည်တွင်းသို့ ကြီးမားသောရွှေ့ပြောင်းအလုပ်သမားများ၊ လူကုန်ကူးမှုများ စိမ့်ဝင်နေခြင်းနှင့် မြန်မာပြည်သူလူထုများအား ဆင်းရဲမွဲတေမှုနှင့် ပဋိပက္ခအတွင်းသို့ ဆက်လက်ကျရောက်နေစေမည့် မူဝါဒများဖြစ်ပေါ်စေခြင်းတို့ကြောင့် ထိုကဲ့သို့ ထောက်ခံနေမှုများကို ပြန်လည်သုံးသပ်ပေးရန်။

ဒေသခံပြည်သူလူထုများအနေဖြင့် –

- လူကုန်ကူးခံရသူများ၏ ဘဝပြန်လည်တည်ဆောက်နိုင်ရန်အတွက် ထွက်ပြေးလွတ်မြောက်လာသူများကို လိုအပ်သည့်ကူညီစောင့်ရှောက်မှုများ ပံ့ပိုးပေးရန်နှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်းသို့ ပြန်လည်လက်ခံပေးရန်။

## အစီရင်ခံစာ ပြုစုလုပ်ဆောင်ခဲ့သည့်နည်းနာ

ယခု အစီရင်ခံစာအတွက် သက်သေအချက်အလက်များကို ပလောင်အမျိုးသမီးအစည်းအရုံး၏ သတင်းပြန်ကြားရေးနှင့် သုတေသနဌာနရှိ ကွင်းဆင်းသတင်းကောက်ယူသူလုပ်သားများ ကောက်ယူစုဆောင်းခဲ့သည့် လူကုန်ကူးခြင်းဖြစ်စဉ် အချက်အလက်များမှ ရယူသည်။ ၂၀၀၇ ခုနှစ်မှစတင်၍ ရှမ်းပြည်မြောက်ပိုင်းရှိ ပလောင်ဒေသတစိုက်တွင် ကောက်ယူ စုဆောင်းခဲ့သည်။ အချို့ဖြစ်စဉ်များမှာ PWO ၏ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးစီမံချက်မှ ဖော်ဆောင်နေသည့် အမျိုးသမီးများနားခိုရာဂေဟာမှ မှတ်တမ်းပြုထားပါသည်။ ထို့အတူ တရုတ်ပြည်ရှိ ပလောင်ရွှေ့ပြောင်းအလုပ်သမားများအား တွေ့ဆုံမေးမြန်းခြင်း၊ နမ့်ခမ်းဒေသ၌ရှိသော ရွှေ့ပြောင်းအလုပ်သမား ဆင့်ကဲဖြစ်စဉ်များကို ၂၀၁၁ အစောပိုင်းကာလတွင် သုတေသနပြုခြင်းနှင့် ဒေသခံကျေးရွာသူသားများအား တွေ့ဆုံမေးမြန်းခြင်း စသည်တို့မှရရှိလာသောအချက်အလက်များကိုလည်း အစီရင်ခံစာတွင် ဖော်ညွှန်း သက်သေပြုထားပါသည်။ တအာင်း ကျောင်းသားနှင့် လူငယ်များအစည်းအရုံး TSYO နှင့် PWO တို့ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများ၊ ဆက်စပ်သည့်သုတေသနအချက်အလက်များမှာလည်း ယခု အစီရင်ခံစာကို ရေးသားပြုစုရာတွင် များစွာ အထောက်အကူပြုအသုံးဝင်စေပါသည်။

လူကုန်ကူးခြင်းဆိုင်ရာ တိကျခိုင်လုံသည့်အချက်အလက်စာရင်းဇယားများကို ကောက်ယူသိမ်းဆည်းရန်မှာလွန်စွာ ခက်ခဲလှပါသည်။ မိမိအိမ်ထောင်ဘက်မဟုတ်သူများနှင့် လိင်ဆက်ဆံခြင်းမှာ ရှက်ဖွယ်ဖြစ်သည်ဟု ပလောင်လူမှုအသိုင်းအဝိုင်းက မှတ်ယူထားကြပြီး၊ လူကုန်ကူးခံရခြင်းသည်လည်း ပြည့်တန်ဆာလုပ်ငန်းကဲ့သို့ပင် ဖြစ်သည်ဟု ယုံကြည်လက်ခံကြသည်။ ထိုအကျိုးရလာဒ်အဖြစ် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများမှာ ယင်းတို့ရောင်းစားခံခဲ့ရကြောင်းကို ဖွင့်ဟပြောပြရန် အမြဲဝန်လေးတတ်ကြသည်။ လွတ်မြောက်လာသူအမျိုးသမီးအများစုမှာ ပတ်ဝန်းကျင်ဒေသခံအသိုင်းအဝိုင်းများအကြား အရှက်ကွဲရမည့်အဖြစ်ကို ရှောင်ရှားနိုင်ရန်အတွက်ယင်းတို့၏ရပ်ရွာများသို့ ပြန်လည်နေထိုင်လေ့မရှိချေ။ လွတ်မြောက်လာသူအချို့မှာယင်းတို့ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များကိုပြောပြချင်သော်လည်း ရောင်းစားခံရစဉ်တွင် လှည့်ဖြားမှုများပိရိသောကြောင့် ယင်းတို့ မည်သို့မည်ပုံလက်လွှဲရောင်းစားခံခဲ့ရသည်ကို အသေးစိပ်ပြောပြခြင်း မပြုနိုင်ကြပါ။ လူပုဂ္ဂိုလ်များကို ကူးသန်းရောင်းဝယ်ခြင်းသည် ရာဇဝတ်မှုကျူးလွန်သည့်လုပ်ရပ်တခုဖြစ်သောကြောင့် လူကုန်ကူးသူများမှာ ယင်းတို့၏ ကိုယ်ရေးအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများကို အကောင်းဆုံးလျှို့ဝှက် လှုပ်ရှားလေ့ ရှိကြသဖြင့် လူကုန်ကူးသူများအကြောင်းကို လိုက်လံစုံစမ်းရှာဖွေကောက်ယူရာတွင် ကြီးမားသည့် စိန်ခေါ်မှုတရပ်ဖြစ်သည်။

ယခုအစီရင်ခံစာသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ရှိသော လူကုန်းကူးခံရသည့်ပလောင်အမျိုးသမီးများကိုသာ အဓိကရည်ညွှန်းပြီး လူကုန်ကူးခြင်းဖြစ်စဉ်များကို ရှာဖွေစုဆောင်းရာမှ ရရှိလာသောအချက်အလက်များကို ကိုယ်စားပြုတင်ပြ ထားခြင်းဖြစ်သည်။


မြန်မာပြည်ရှိ ပလောင်ကျေးရွာ

## နိဒါန်း

PWO မှ အမျိုးသမီးများယာယီခိုလှုံရာဂေဟာတခုကို လွန်ခဲ့သည့်လေးနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာပြည်တွင်းမှ တဆင့် လူကုန်ကူးခံရသောသူများထဲမှ ပလောင်အမျိုးသမီးနှင့် မိန်းကလေးငယ်များကို အရေအတွက်မြောက်များစွာ ကြုံတွေ့ခဲ့ရသည်။ ထိုကြောင့် နေရာဒေသအသီးသီးတွင်ကြုံတွေ့ရသည့် လူကုန်ကူးခြင်းဖြစ်စဉ် အချက်အလက်များကို စတင်စုဆောင်းခဲ့ပြီး၊ လူကုန်ကူးခြင်းဖြစ်ပွားရသည့်အကြောင်းအရင်းနှင့် မိမိတို့ဒေသမှ သယ်ယူလာသည့် ဖြစ်စဉ် အဆင့်ဆင့် တို့ကို သိရှိနားလည်ရန် ကြိုးပမ်းလေ့လာခဲ့သည်။ ထိုပြဿနာကို အကောင်းဆုံးကိုင်တွယ် ဖြေရှင်းနိုင်မည့် နည်းလမ်းများ ရှာဖွေခဲ့သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို တင်းကြပ်စွာ ကန့်သတ်ထားသဖြင့် ထိုကဲ့သို့ရှန်းကန်လှုပ်ရှားရန်အတွက် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ခဲ့ကြရသည်။



# နောက်ခံသမိုင်း

## *ပလောင်လူမျိုး*

ပလောင်လူမျိုးသည် လူမျိုးပေါင်းစုံနေထိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတွင် အခြေချနေထိုင်သည့် ဌာနေတိုင်းရင်းသား လူမျိုး တမျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ပလောင်လူဦးရေ တသန်းကျော်ရှိပြီး အများစုမှာ ရှမ်းပြည်နယ် အနောက်မြောက်ပိုင်းရှိ တောင်တန်းများပေါ်တွင်နေထိုင်ကြသည်။ ရှမ်းပြည် အရှေ့နှင့်တောင်ပိုင်းတွင်လည်း အခြေချနေထိုင်ကြသည်။ ပလောင်လူမျိုးသည် မွန်–ခမာ မျိုးနွယ်မှဆင်းသက်လာသူများဖြစ်ပြီး မွန်ဂိုလီးယားမှ တရုတ်–မြန်မာဘက်သို့ ရွှေ့ပြောင်းနေထိုင်လာသည့် လူမျိုးဖြစ်သည်။ ၁၉ ရာစုနှစ်အစောပိုင်းကာလအထိ ကိုယ်ပိုင် စော်ဘွားအစဉ်အဆက်တို့ဖြင့် အုပ်ချုပ် နေထိုင်လာခဲ့သည့် ရှည်လျားသည့်သမိုင်းကြောင်းများရှိခဲ့သည်။ သိသာထင်ရှားသည့် ဘာသာစကား၊ စာပေနှင့် ဓလေ့ထုံးတမ်းယဉ်ကျေးမှုများ ရှိကြသည်။ အများစုမှာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြပြီး ဆယ်ရာခိုင်နှုန်းခန့်သာ ရှိးရာ နတ်စားနှင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။

ပလောင်ဒေသသည် ရွှေ၊ ငွေ၊ ခဲသတ္တု၊ အလူမီနီယမ်အစရှိသည့် သဘာဝသယံဇာတများလည်း ပေါကြွယ်ဝလှပေသည်။ မိုးကုတ် ကျောက်တွင်းအပါအဝင် ကျောက်တန်ပတ္တမြားများထွက်ရှိသည့် ကျောက်တွင်းများကိုလည်းပလောင်ဒေသတွင် တွေ့ရှိနိုင်သည်။ သို့သော် မြန်မာစစ်အစိုးရတို့က မိုးကုတ်ဒေသကို ရှမ်းပြည်နယ်မှ ဖဲ့ထုတ်ပြီး မန္တလေးတိုင်းသို့ လွှဲပြောင်းကာ နယ်နမိတ်သတ်မှတ်ခဲ့သည်။ ရှမ်းပြည်မြောက်ပိုင်းရှိ မြင့်မားလှသောပလောင်တောင်တန်းများပေါ် တွင် စိုက်ပျိုးသည့် အရည်အသွေးမြင့်လက်ဖက်များမှာ မြန်မာပြည်တဝှမ်းတွင်အထူးကျော်ကြားလှပေသည်။ ထို့အတူ မြန်မာပြည်မြေနိမ့်ပိုင်းတွင် ရှားပါးတန်ဖိုးမြင့်သည့် ပန်းသီး၊ သစ်တော်သီး၊ မက်မန်းသီးနှင့် ထောပတ်သီးများကိုလည်း စိုက်ပျိုးကြသည်။

## *ပလောင်အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု*

၁၉၄၈ ခုနှစ်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိပြီးနောက် ပင်လုံစာချုပ်သဘောတူညီချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံ ကိုစုစည်းတည်ထောင်ခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် အမည်ခံ ပြည်ထောင်စုနိုင်ငံသစ်တွင် ကျေနပ်မှုများ မရှိကြသော်လည်း ပါလီမန်ဒီမိုကရေစီစံနစ်မှတဆင့် အခွင့်အရေးများရရှိစေရန်ကြိုးပမ်းခဲ့ကြပါသည်။ သို့သော် ၁၉၆၂ ခုနှစ်တွင် မြန်မာတပ်မတော်မှအာဏာသိမ်းပြီး၊ စစ်အုပ်ချုပ်ရေးထူထောင်ခဲ့သည်။ ထို့နောက်ပလောင်လူမျိုး အပါအဝင် အခြားတိုင်းရင်းသားပေါင်းစုံတို့က လက်နက်စွဲကိုင်ကာ စစ်အုပ်စုကို ဆန့်ကျင်တော်လှန်ခဲ့ကြသည်။

ပလောင်အမျိုးသားတပ်ဦး PNF ကို ၁၉၆၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နေ့တွင်ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်းတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် PSLA အဖြစ်ပြောင်းလဲလှုပ်ရှားခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးကို နှစ်ပေါင်း ၃၀ နီးပါး ရှန်းကန်လှုပ်ရှားခဲ့ပြီးနောက် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သောထိုးစစ်များကြောင့် ၁၉၉၁ ခုနှစ် အေပြီလတွင် အပစ်အခတ်ရပ်စဲရန်သဘောတူညီခဲ့ကြသည်။ အပစ်ခတ်ရပ်စဲပြီးနောက် ပလောင်အဖွဲ့အား နမ့်ဆန်၊ မန်တုန်၊ ကျောက်မဲ အနောက်ပိုင်း၊ သီပေါအနောက်ပိုင်း၊ နမ္မတူနှင့် နမ့်ခမ်းမြို့နယ်တို့ကို ပလောင်အထူးဒေသ (၇) အဖြစ် စီမံအုပ်ချုပ်ရန် စစ်အုပ်စုမှ သတ်မှတ်ပေးခဲ့သည်။

အပစ်အခတ်ရပ်စဲရေးကာလ ၁၄ နှစ်ကြာပြီးနောက် ၂၀၀၅ ခုနှစ် အေပြီလ ၂၉ ရက်နေ့တွင် စစ်အုပ်စုမှ PSLA ကို အတင်း အဓမ္မဖိအားပေးကာ လက်နက်အပ်စေခဲ့သည်။ ထိုအချိန်မှစတင်ပြီး ပလောင်ဒေသထိန်းချုပ်ခွင့် ရုပ်သိမ်းခံခဲ့ရပြီး ယခုအချိန်ထိ တရားဥပဒေစိုးမိုးမှုကင်းမဲ့သော ပလောင်ဒေသအဖြစ်သို့ ဆင်းသက်ခဲ့ရသည်။ အပစ်ခတ်ရပ်စဲရေးကို သဘောမတူသည့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုသို့ စေလွှတ်ထားသည့် PSLA ကိုယ်စားလှယ်တပ်ဖွဲ့အချို့က ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး ကို ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့၌ ဖွဲ့စည်းထူထောင်ခဲ့ပြီး ပလောင်အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွက် ဆက်လက်ချီတက်ရုန်းကန်လျှက်ရှိသည်။

## *ပလောင်ဒေသတွင်း စစ်တပ်ကြီးစိုးမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ*

စစ်အုပ်စုတို့သည် စစ်တပ်စခန်းများကို ပလောင်ဒေသတွင် နှစ်ပေါင်းနှစ်ဆယ်နီးပါးကာလအတွင်း၌ မြောက်များစွာတိုးချဲ့တည်ဆောက်ခဲ့သည်။ ၁၉၉၀ အစောပိုင်းကာလတွင် စစ်တပ်ရင်း ၄ ရင်းသာ နမ့်ဆန်၊ နမ္မတူ၊ မိုးမိတ်နှင့် နမ့်ခမ်း မြို့နယ်တို့တွင်အခြေစိုက်ခဲ့ကြပြီး၊ ရွှေ့ပြောင်းတပ်ဖွဲ့များဖြင့်သာ ပလောင်ဒေသတွင်လှုပ်ရှားခဲ့ပါသည်။ ထိုအတူ စစ်အုပ်စုလက်

အောက်ခံပြည်သူ့စစ်တပ်ဖွဲ့မှာလည်း ၁၀ ဖွဲ့ခန့်သာထားရှိခဲ့သည်။ ယနေ့ကာလတွင် ပလောင်ဒေသအတွင်း၌ စစ်အုပ်စု၏ စစ်တပ်ရင်း ၁၅ ရင်းနှင့် ရွှေ့ပြောင်းလှုပ်ရှားသည့် တပ်ခွဲ ၃၀ ကျော် အခြေစိုက်လှုပ်ရှားလျှက်ရှိသည်။ လက်အောက်ခံပြည်သူ့စစ်တပ်ဖွဲ့များကိုလည်း ၂၀ ကျော်ထိ တိုးချဲ့ဖွဲ့စည်းခဲ့သည်။

စစ်အင်အားတိုးချဲ့ခြင်းကြောင့် စစ်တပ်တို့၏လူ့အခွင့်အရေးချိုးဖောက်မှုမျိုးစုံကို ဒေသခံပြည်သူလူထုများ ဆိုးရွားစွာခံစား ကြရသည်။ ပလောင်လူငယ်များကို အတင်းအဓမ္မစစ်သားစုဆောင်းခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ဥပဒေမဲ့ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ပစ္စည်းဥစ္စာနှင့်စိုက်ပျိုးသီးနှံများ အတင်းအဓမ္မသိမ်းယူဖျက်ဆီးခြင်း၊ လယ်ယာမြေများ အဓမ္မသိမ်းယူခြင်း၊ စစ်တပ်စခန်းများ ဆောက်လုပ်ခြင်းနှင့် စစ်တပ်စိုက်ပျိုးရေးတို့တွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ စစ်တပ်ဖွံ့ဖြိုးစီမံကိန်း အတွက်လမ်းဖောက်လုပ်ရာတွင် အဓမ္မခိုင်းစေခြင်း၊ အခွန်ငွေများမတရားကောက်ခံခြင်း အစရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေလျှက်ရှိသည်။ အမျိုးသမီးများအားမုဒိမ်းကျင့်ခြင်း နှင့် အတင်းအဓမ္မ လက်ထပ်ထိမ်းမြားခြင်း၊ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုအမျိုးမျိုးကိုလည်း ဒေသခံအမျိုးသမီးများခံစားနေကြရသည်။

## *ပလောင်လက်ဖက်လုပ်ငန်းများ ကျဆင်းလာမှု*

ပလောင်လူမျိုးတို့သည် လက်ဖက်ရောင်းဝယ်စိုက်ပျိုးခြင်းဖြင့် အဓိကအသက်မွေဝမ်းကျောင်းပြုကြပြီး၊ ဘဝရှင်သန်ရပ်တည်ရန်အတွက်လက်ဖက်လုပ်ငန်းမှာမရှိမဖြစ်အရေးပါလှပေသည်။ပလောင်ဒေသမှအရည်အသွေးကောင်းသောရိုးရာလက်ဖက်ထွက်ကုန်များကို မြန်မာပြည်အလယ်ပိုင်းသို့ရောင်းချပြီး ဆန်နှင့်အခြားလိုအပ်သည့် စားသောက်ကုန်များကိုဝယ်ယူတင်ပို့ကြပါသည်။ သို့သော်လက်နက်အပ်ပြီးနောက်ပိုင်း ပလောင်ဒေသတခုလုံးကို မြန်မာစစ်တပ်ကထိန်းချုပ်လိုက်ပြီး၊ လက်ဖက်စက်ရုံများကိုလက်ဝါးကြီးအုပ်ခဲ့ကြသည်။ စစ်တပ်လက်အောက်ခံစက်ရုံများသို့လက်ဖက်များကို အလွန်နိမ့်ကျသည့်ဈေးနှုန်းဖြင့်ရောင်းရန် ဒေသခံပြည်သူများကိုအဓမ္မဖိအားပေးခြင်းများပြုလာသည်။[၁] လက်ဖက်လုပ်ငန်းမှတပါး အခြားဝင်ငွေရရှိနိုင်သည့်လုပ်ငန်းမရှိသော ပလောင်ဒေသတွင်ပြည်သူများမှာ လက်ဖက်ဈေးနှုန်း ကျဆင်းခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမားမှုကိုရင်ဆိုင်နိုင်ရန် ကြပ်တည်းစွာရင်ဆိုင် ရုန်းကန်ကြရပါသည်။

*ဈေးကွက်သို့ တင်ပို့မည့်လက်ဖက်များပြင်နေပုံ*



လက်ဖက်များတွင် (အော်ရာမင်း–အို) ဟူသော ဓါတုပစ္စည်းများအသုံးပြုသည်ကိုတွေ့ရှိသဖြင့် ကျန်းမာရေးဌာနမှ မြန်မာပြည်တွင် နာမည်ကျော်ကြားသော လက်ဖက်အမှတ်တံဆိပ် ၁၀၀ ကျော်ကို ရုတ်တရက်ပိတ်ပင်လိုက်သည့် မတ်လ ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် လက်ဖက်လုပ်ငန်းအခြေအနေမှာ ပိုမိုဆိုးရွားလာသည်။ လက်ဖက်လုပ်ငန်းသည် ပလောင်လူမျိုးတို့၏ အဓိကဝင်ငွေရရှိသောလုပ်ငန်းဖြစ်သောကြောင့် ထိုလက်ဖက်လုပ်ငန်းဖြင့်မှီခိုနေသူ ထောင်သောင်းမကသော ပလောင်ပြည်သူများအပေါ်မည်ကဲ့သို့ဆိုးကျိုးများသက်ရောက်မည်ကို အုပ်ချုပ်သူများအနေဖြင့်အချက်အလက် စုံစမ်းခြင်းမပြုပဲ အမိန့်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

## *ဘိန်းစိုက်ပျိုးမှုနှင့်မူးယစ်ဆေးဝါးသုံးစွဲမှုများ တိုးပွားလာခြင်း*

ပလောင်အမျိုးသမီးအစည်းအရုံး ထုတ်ဝေခဲ့သည့် အဆိပ်သင့်ပန်း(၂၀၀၅)နှင့် အဆိပ်သင့်တောင်တန်း (၂၀၁၀) အစီရင်ခံစာပါ အသေးစိပ်ဖော်ပြထားသည့်အချက်အလက်များအရ ယခုနှစ်ပိုင်းအတွင်းတွင် ပလောင်ဒေသ၌ဘိန်းထုတ်လုပ်မှုပမာဏ အလွန်ကြီးမားလာသည်ကိုတွေ့ရှိရသည်။ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း၌ PWOကွင်းဆင်းသုတေသနပြုချက်အရ စစ်တပ်ထိန်းချုပ်ထားသည့် မန်တုန်၊ နမ့်ခမ်းမြို့နယ် အစရှိသောဒေသများတွင် ဘိန်းစိုက်ပျိုးမှု ၅ ဆကျော်တိုးလာကြောင်းတွေ့ရှိရသည်။ နိုင်ငံရေးအရ ဆန့်ကျင်လှုပ်ရှားမှုများမရှိစေရန်အတွက် ယင်းတို့လက်အောက်ခံဖြစ်သည့်ပြည်သူ့စစ်အဖွဲ့များကို ဘိန်းစိုက်ပျိုးရောင်းဝယ်ခြင်းမှအကျိုးအမြတ်ရရှိစေရန်ခွင့်ပြုထားကြသည်။

လက်ဖက်ခြံလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် မလုံလောက်ခြင်းကြောင့် လက်ဖက်တောင်သူများက အကျိုးမြတ်ပိုရသောဘိန်းခြံများကို ပိုမိုစိုက်ပျိုးရန် တွန်းအားပေးသကဲ့သို့ဖြစ်နေပါသည်။ ထိုကြောင့် ဒေသခံအမျိုးသားများအကြား မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်တက်လာပြီး မိသားစုများအပေါ် ကြီးမားသောဆိုးကျိုးများဖြစ်ပေါ်စေရန် ဦးတည်နေပါသည်။

## *မူးယစ်ရာဇာနှင့် စစ်တပ်လက်ဝေခံများ ၂၀၁၀ ရွေးကောက်ပွဲမှ အာဏာရရှိလာခြင်း*

မြန်မာပြည်တန့်တလျားကဲ့သို့ပင် မဲပေးပိုင်ခွင့်ရှိသောပလောင်ပြည်သူများမှာ ၂၀၁၀ ရွေးကောက်ပွဲတွင် ဒီမိုကရေစီအခွင့်အရေးများ ရုပ်သိမ်းခြင်းခံခဲ့ကြရပါသည်။ နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ နမ္မတူနှင့် ကျောက်မဲမြို့နယ်များအပါအဝင် ပလောင်လူမျိုးများ အဓိကနေထိုင်သည့်ဒေသများတွင် စစ်အုပ်စု ကျောထောက်နောက်ခံပြုထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကသာ အသစ်ဖွဲ့စည်းခဲ့သည့် တအာင်း(ပလောင်)အမျိုးသားပါတီ(တီအန်ပီ)ကို မသမာသည့်နည်းလမ်းများအသုံးပြု၍ အနိုင်ယူခဲ့သည်။ မဲပြားများဝယ်ယူခြင်း၊ ကြံ့ဖွံ့ပါတီကိုမဲမပေးပါက အကြမ်းဖက်ခြိမ်းချောက်ခြင်း၊ တီအန်ပီ ပါတီကိုပေးထားသည့်မဲများကို ပယ်မဲဖြစ်အောင်ပြုလုပ်ခြင်း၊ ကြိုတင်မဲများရယူခြင်း အစရှိသည့် မသမာသည့်နည်းလမ်းပေါင်းစုံကို အသုံးပြုခဲ့ကြပါသည်။

လေးစားအသိအမှတ်ပြုဖွယ်ရာမသင့်သော မူးယစ်ရာဇာပန်ဆေးကျော်မြင့်မှာ ကြံ့ဖွံ့ပါတီကိုယ်စားပြု နမ့်ခမ်းလွှတ်တော်အမတ် ဖြစ်လာသည်။ သူမဲဆွယ်စည်းရုံးစဉ်ကာလတွင် သူ့အားမဲပေးပါက နောက်ငါးနှစ်တာကာလအထိ ဘိန်းလွတ်လပ်စွာ စိုက်ပျိုးခွင့်ပေးမည်ဟု ကတိပေးပြီး မဲဆွယ်စည်းရုံးခဲ့သည်။


ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်သည့် နမ့်ဆန်နှင့် မန်တုံ တို့တွင် မဲပေးခြင်းမပြုပဲ ကြံ့ဖွံ့ပါတီနှင့် တီအန်ပီပါတီတို့က အပြန်အလှန်အပေးအယူလုပ်ကာ ကိုယ်စားလှယ်နေရာကိုခွဲယူခဲ့ကြသည်။ စစ်အုပ်စု ဒုဉက္ကဌဟောင်း ၏ ဇနီးဖြစ်သူ နှင့် မောင်နှမတဝမ်းကွဲတော်စပ်သူ စစ်အရာရှိဟောင်း ဦးမောင်မောင်ဆွေမှာ နမ့်ဆန် ကိုယ်စားပြုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာပြီး ယခင်စစ်အစိုးရလက်ထပ်က တာဝန်ယူထားသည့် လူမှုကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးအဖြစ် ပြန်လည်ခန့်အပ်ခြင်း ခံရသည်။[၂]

## *ပြည်တွင်းစစ် ပြန်လည်ဖြစ်ပေါ်လာခြင်းကြောင့် ရှမ်းပြည်မြောက်ပိုင်းတွင် ချိုးဖောက်မှုများပြားလာခြင်း*

၂၀၁၀ ရွေးကောက်ပွဲမကျင်းပမီ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားတပ်ဖွဲ့အားလုံးကို နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် စစ်အုပ်စုမှ ဖိအားပေးခဲ့သည်။ သို့သော် အင်အားကြီးသော အပစ်ရပ်အဖွဲ့ကြီးများမှာ အသွင်ပြောင်းရန်ငြင်းဆန်ခဲ့ကြသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင်ပင် နယ်ခြားစောင့်တပ်ပြောင်းရေးကို လက်မခံနိုင်သည့် တိုးတက်သောဒီမိုကရက်တစ်ဗုဒ္ဓဘာသာကရင်တပ်ဖွဲ့–ဒီကေဘီအေ၏ ခွဲထွက်တပ်ဖွဲ့များနှင့် စစ်အုပ်စုအကြား စတင်၍တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ၂၂ နှစ်တာ အပစ်ရပ်ကာလကိုဖျက်သိမ်းပြီး စစ်အင်အားတိုးချဲ့ကာ ရှမ်းပြည်တပ်မတော်ကိုထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။နှစ်ဘက်ရင်ဆိုင်တိုက်ပွဲများကြီးထွားလာပြီး

ပလောင်ဒေသထိတိုင်အောင် ကူးစက်ပျံ့နှံ့လာကာ မြန်မာစစ်တပ်ဖွဲ့တို့က ဒေသခံပြည်သူများကို ပေါ်တာဆွဲခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

အရပ်သားအစိုးရသစ်အား အာဏာလွှဲပြောင်းပေးခဲ့သော်လည်း တိုင်းရင်းသားတပ်ဖွဲ့များအား စစ်အင်အားသုံး အကြမ်းဖက်ကာ ဆက်လက်ထိုးစစ်ဆင်နေခြင်းသည် မြန်မာပြည်တွင် နိုင်ငံရေးတိုးတက်ပြောင်းလဲမှုမရှိသေးကြောင်း ဖော်ညွှန်းနေခြင်းပင် ဖြစ်ပါသည်။



## မြန်မာပြည်ရှိ လူကုန်ကူးမှုများ

မြန်မာပြည်ရှိ လူကုန်ကူးမှုပြဿနာသည် ဆက်တိုက်ကြီးထွားလျက်ရှိသည်ကို ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) တို့ ထုတ်ဝေခဲ့သောအစီရင်ခံစာများက သက်သေထူနေပါသည်။[၇] ကြီးမားသည့်ရွှေ့ပြောင်းအလုပ်သမားများနှင့် အကာအကွယ်မဲ့လူကုန်ကူးခံရခြင်းများ တိုးတက်များပြားလာခြင်းသည် ကျရှုံးမည့်နိုင်ငံပေါ်လစီများ တိုက်ရိုက်ပြဿနာရှိသည်ကို ဖော်ညွှန်းလိုက်ခြင်းပင်ဖြစ်သည်။ ထိုပြဿနာကို အထူးကိုင်တွယ်ဖြေရှင်းရန်အတွက်တခုတည်းသောနည်းလမ်းမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲရန်လိုအပ်သည်ဟု ထောက်ပြထားပါသည်။

မြန်မာနိုင်ငံသည် လူသားများရောင်းဝယ်ခြင်းကို ဟန့်တားကန့်သတ်သည့် နိုင်ငံတကာသဘောတူညီချက်များ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေကို ၂၀၀၅ တွင်ပြဋ္ဌာန်းခဲ့သည်။ လူကုန်ကူးမှုထိန်းချုပ်ကွပ်ကဲရေးဗဟိုဌာန (CBTIP) ကို ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် လူကုန်ကူးမှုထိန်းချုပ်ကွပ်ကဲရေး အလုပ်အဖွဲ့များကိုပါ ဖွဲ့စည်းထားရှိခဲ့သည်။ လူကုန်ကူးမှုအဖြစ်များရာဒေသ ၁၂ ခုတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးယူနစ်များကို ၂၀၀၇ ခုနှစ်ကတည်းက ထူထောင်ထားရှိခဲ့သည်။ တရုတ်–မြန်မာနယ်စပ်တွင် နယ်ခြားကျော်ဖြတ်လာသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် မူဆယ်မြို့တွင် နယ်ခြားဆက်သွယ်ရေးရုံးကို ၂၀၀၉ ခုနှစ်၌ ဖွင့်လှစ်ခဲ့သည်။ လူကုန်ကူးသူများကို အပြစ်ပေးအရေးယူခြင်း၊ လူကုန်ကူးခြင်းခံရသူများကို ကူညီစောင့်ရှောက်ခြင်းများ ပြုလုပ်နေကြောင်းကို နိုင်ငံပိုင်မီဒီယာများက ပုံမှန်ကြေညာထုတ်လွှင့်လျက်ရှိပါသည်။

ကုလသမဂ္ဂဆိုင်ရာ လူကုန်ကူးမှုပပျောက်ရေးအေဂျင်စီစီမံချက် (UNIAP) နှင့်လည်း မြန်မာနိုင်ငံအနေဖြင့်ပူးပေါင်းဆောင်ရွက်မှုရှိပြီး၊ မဲခေါင်ဒေသဆိုင်ရာ လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင်လည်း ပူးတွဲပါဝင်ထားပါသည်။ မဟာမဲခေါင်ဒေသ(GMS) နှင့် အခြားနိုင်ငံများအကြား လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာသဘောတူညီမှုများ ကို ၂၀၀၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံနှင့်လည်းလူကုန်ကူးမှုတိုက်ဖျက် ရေးအတွက်ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

ထိုကဲ့သို့ဆောင်ရွက်နေသော်လည်း မြန်မာနိုင်ငံ၏ဆောင်ရွက်မှုမှာ နိမ့်ကျသည့်အဆင့်တွင်ဆက်လက်တည်ရှိနေဆဲဖြစ်သည်ကို အမေရိကန်–နိုင်ငံခြားရေးဌာနမှ ပုံမှန်ထုတ်ဝေသည့် လူကုန်ကူးခြင်း အစီရင်ခံစာတွင်သတ်မှတ်ဖော်ပြခဲ့သည်။ ၂၀၁၀ ခုနှစ် ဇွန်လတွင် ထုတ်ဝေခဲ့သည့်အစီရင်ခံစာတွင် –

မြန်မာအစိုးရ အနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာများကို ဖြေရှင်းပေးခြင်း မပြုသောကြောင့် အိမ်နီးချင်းနိုင်ငံများသို့ တရားဝင်နည်းလမ်းနှင့်အတူ တရားမဝင်နည်းလမ်းများနှင့် ဖြတ်ကျော်ဝင်ရောက် အလုပ်ရှာနေသော မြန်မာပြည်သူလူထု များပြားလာပြီး၊ အချို့မှာ လူကုန်ကူးခံရသည့် သားကောင်များဖြစ်ခဲ့ကြသည် – ဟု ဖော်ပြထားပါသည်။

စစ်အုပ်စု၏ လူကုန်ကူးသူများအား ကိုင်တွယ်အပြစ်ပေးသည့်စနစ်ကို မေးခွန်းထုတ်ခြင်း၊ တရားဥပဒေစိုးမိုးရေး ကင်းမဲ့မှုကို ထောက်ပြခြင်းနှင့် မြန်မာပြည်၏ လာဘ်စားမှုအခြေအနေကိုလည်း အစီရင်ခံစာက ထောက်ပြထားပါသည်။



*အမျိုးသမီးငယ်များ လူကုန်ကူးခံရနိုင်သည်ဟူသော နံရံကပ်ကြော်ငြာ*

## လိင်ခွဲခြားသည့်ဓလေ့ထုံးတမ်းနှင့် လူကုန်ကူးခြင်း


ပလောင်လူမှုအသိုင်းအဝိုင်း၏ ဓလေ့ထုံးတမ်းတွင် ကြီးမားသည့် လိင်ခွဲခြားမှုရှိသည်။ လုပ်ငန်းခွင်များတွင် အမျိုးသားများနှင့် အချိန်တူအလုပ်လုပ်ကြသော်လည်း ကလေးများ၊ မိသားစုနှင့် အိမ်တွင်းလုပ်ငန်းများအားလုံး ထိန်းသိမ်းလုပ်ဆောင်ရန် တာဝန်ရှိသည်ဟု အစဉ်အလာအရ သတ်မှတ်ထားကြသည်။ မိသားစုဆိုင်ရာ အမွေများကို အမျိုးသားဖြစ်သူများကသာရရှိပြီး အမျိုးသမီးများမှာ အမွေဆက်ခံပိုင်ခွင့်မရှိချေ။ လင်မယား ကွာရှင်းရာတွင်လည်း ကလေးများ အပါအဝင် အရာရာအားလုံးကို အမျိုးသမီးဘက်မှ စွန့်လွှတ်ကြရသည်။ ပညာရေးတွင် မိဘများက သားဖြစ်သူတို့ကိုသာဦးစားပေးပြီး သမီးများမှာ အိမ်ထောင်ကျလျှင် ယင်းတို့၏လင်ယောကျ်ားကို မှီခိုလိမ့်မည်ဟု ခံယူထားကြသည်။

အကျိုးရလာဒ်အဖြစ် အမျိုးသမီးအများစုမှာ ပမာဏအနည်းငယ်သာပုံမှန်ပညာသင်ကြားရပြီး၊ အိမ်ပြင်ပ အခြားအတွေ့အကြုံလည်း အနည်းငယ်သာရရှိကြသည်။ ထိုအတူ မိသားစုစီမံကိန်း၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာကျန်းမာရေး ဗဟုသုတ အလွန်နည်းပါးကြပါသည်။ ထို့ကြောင့် အမျိုးသမီးများမှာ နေအိမ်မှထွက်၍ လုပ်ငန်းရှာဖွေကြရသည့်အချိန်တွင် လူကုန်ကူးခံရခြင်း၊ မလိုလားအပ်ပဲ ကိုယ်ဝန်ဆောင်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာရောဂါများဖြစ်ပွားခြင်း အစရှိသည်တို့ကို ခံစားရရှိစေရန် အန္တရာယ်တောထဲသို့ တွန်းပို့လိုက်သကဲ့သို့ဖြစ်ကြရသည်။

## ရှာဖွေတွေ့ရှိချက်များ

### *လူကုန်ကူးမှုများ တိုးပွားဖြစ်ပေါ်နေခြင်း*

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပလောင်ဒေသတွင် ၁၉၉၉ ခုနှစ် မတ်လမှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလထိ အဓိက ဖြစ်ပေါ်နေသော လူကုန်ကူးခြင်းကိစ္စနှင့်အမှန်တကယ် ပတ်သက်သူနှင့် ပတ်သက်သည်ဟု ယူဆရသူ ၁၁၀ ဦးပါဝင်သည့် ဖြစ်စဉ် ၇၂ ခုကို ပလောင်အမျိုးသမီးအစည်းအရုံး မှ ကောက်ခံစုဆောင်းခဲ့ပါသည်။ ပလောင်ဒေသအတွင်းမှ ရွှေ့ပြောင်းအလုပ်သမားတိုးပွားလာသည့် နောက်ဆက်တွဲအကျိုးဆက်အဖြစ် ယခုနှစ်ပိုင်းများအတွင်းတွင် လူကုန်ကူးမှုဖြစ်စဉ် တိုးတက်များပြားလာသည်ကို ထိုအချက်အလက်များက ဖော်ညွှန်းနေပေသည်။




မှတ်ချက်။ ။ ၂၀၁၀ နောက်ပိုင်းဖြစ်ပွားသော လူကုန်ကူးမှုဖြစ်စဉ်များကို ဆက်လက်စီစစ်ကောက်ခံနေဆဲဖြစ်သည်။ ယခုဖော်ပြထားသည့် ဇယားပါ အချက်အလက်များသည် သတ်မှတ်ကာလအတွင်းဖြစ်ပျက်ခဲ့သောလူကုန်ကူးမှုဖြစ်စဉ်အားလုံးကို ဖော်ပြထားခြင်းမဟုတ်ပေ။

## ဘယ်သူတွေ လူကုန်ကူးခံနေရပါသလဲ


### *အမျိုးသမီးပျိုများအဓိကပစ်မှတ်*


လူကုန်ကူးခြင်းခံရသူ ၁၁၀ ဦးတွင် အမျိုးသမီး ၉၅ ဦးနှင့် အမျိုးသား ၁၅ ဦး ပါဝင်သည်။ လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများမှာ အသက် ၃ လမှ ၃၃ နှစ်အကြားရှိသောသူများဖြစ်သည်။ ပလောင်ဒေသရှိ နုပျိုသောအမျိုးသမီးများမှာ လူကုန်ကူးမှု၏ အခြေခံပစ်မှတ်များဖြစ်နေသည်။ လွတ်မြောက်လာသူများမှာ အသက် ၁၀ နှစ်မှ ၂၅ နှစ်အကြားရှိ အမျိုးသမီးအများစု ဖြစ်သည်။


ရောင်းစားခံရသော အမျိုးသားအများစုမှာ လူငယ်များဖြစ်ပြီး တရုတ်ပြည်တွင် အလုပ်ကောင်းများရရှိမည်ဟူသော ကတိကဝတ်ဖြင့် ပွဲစားများနှင့်လိုက်ခဲ့ကြခြင်းဖြစ်သည်။ သို့သော်လည်း အကြွေးများဖြင့်နစ်မွန်းခြင်း (သို့) ဖမ်းဆီး အကျဉ်းချခံရ ခြင်းတို့ဖြစ်သာ အဆုံးသတ်ခဲ့ကြရသည်။

### *ကလေးကုန်ကူးခြင်း*

ဆယ်နှစ်အောက် ကလေးငယ်များအကြောင်းအများ လူကုန်ကူးခံရသည်ကို စိုးရိမ်ဖွယ်စတင်ကြုံတွေ့လာရပြီး၊ ၂၀၀၉ ခုနှစ် တနှစ်တည်းပင် ဖြစ်စဉ် ငါးခုကို မှတ်တမ်းပြုခဲ့ရပါသည်။ လူကုန်ကူးခံရသောကလေးငယ်များမှာ ၈ နှစ်နှင့်


လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများ၏ အသက်
၆၀
၅၀
၄၀
၃၀
၂၀
၁၀
၀
လိင်မသိ
လွတ်လာသူ-ကျား
လွတ်လာသူ-မ
အသက် ၀-၉ နှစ်
အသက် ၁၀-၁၇ နှစ်
အသက် ၁၈-၂၅ နှစ်
အသက် ၂၆-၃၆ နှစ်
အသက်မသိ
လူကုန်ကူးခံရစဉ် လွတ်သူများ၏ အသက်အရွယ်


လူကုန်ကူးခံရသူများ၏ လူမျိုးစု
0.9%
3.6%
7.3%
0.9%
87.3%
မြန်မာ
မြန်မာ-တရုတ်
ပလောင်
ရှမ်း
ရှမ်း-ရခိုင်


လူကုန်ကူးခြင်းခံရသူများ ကျား၊ မ
၁၅
၉၅
အမျိုးသမီး
အမျိုးသား

၁၁ နှစ် ကြားရှိ ယောက်ျားလေးအများစုဖြစ်ပြီး တနှစ်အောက် ကလေးငယ် ငါးဦး ပါဝင်သည်။ ဖြစ်စဉ်များထဲမှ ဖြစ်စဉ် သုံးခုမှာ ကလေးငယ်များသည် လူကုန်ကူးသူများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းကို ခံခဲ့ကြရသည်။ ဖြစ်စဉ် ငါးခုမှာ လူကုန်ကူးသူများက ကလေးငယ်များကိုမွေးစားရန် ရည်ရွယ်ဟန်ပြပြီးနောက် တရုတ်ပြည်တွင် ရောင်းစားခဲ့ကြသည်။ အချို့ဖြစ်စဉ်များမှာ ဆင်းရဲမွဲတေခြင်း (သို့မဟုတ်) ဘိန်း၊ အရက်သုံးစွဲနေခြင်းတို့ကြောင့် မိဘအုပ်ထိန်းသူတို့က ကလေးများ ကို ရောင်းစားခဲ့ကြသည်။

ဖြစ်စဉ်အားလုံးနီးပါးမှာ ကလေးငယ်များရောင်းစားခြင်းဖြင့် ငွေပမာဏ မည်မျှရရှိသည်ကို မသိရှိရချေ။ သို့သော် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်တခုတွင် ငါးနှစ်သားအရွယ်ယောက်ျားလေးမှာ နမ့်ခမ်းရှိသူ၏နေအိမ်အပြင်ဘက်၌ ဖမ်းဆီး ခြင်းခံခဲ့ရပြီး၊ ထိုဖမ်းဆီးသွားသူ လင်မယားစုံတွဲမှ ယောက်ျားဖြစ်သူအား ဖမ်းဆီးရမိသောအခါ ကလေးငယ်ကို ယွမ်ငွေ ၇၆၀၀ (အမေရိကန် ဒေါ်လာ ၁၁၇၀ ခန့်) ဖြင့်ရောင်းစားခဲ့သည်ဟု ဝန်ခံခဲ့သည်။


## *လက်ဖက်တောင်သူများ လူကုန်ကူးခံရခြင်း*

ကောက်ခံရရှိသော လူကုန်ကူးခံရသောသူများ၏ ကိုယ်ရေးမှတ်တမ်းအချက်အလက်များအရ လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူအများစုမှာ လက်ဖက်ခြံများ(သို့) လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်ကြသည်။ ငယ်ရွယ်သော လွတ်မြောက်သူအချို့မှာ ယင်းတို့၏မိသားစုအပေါ် မှီခိုနေသူများဖြစ်ကြသည်။

## *နမ့်ခမ်းဒေသမှ လူကုန်ကူးမှုတိုးမြင့်လာခြင်း*

ပလောင်အမျိုးသမီးအစည်းအရုံး၏ ကွင်းဆင်းသုတေသနပြုခြင်းမှာ ပလောင်ဒေသကိုသာ အဓိကဦးတည်ထားသဖြင့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူအများစုမှာ ပလောင်လူမျိုးများသာဖြစ်နေသည်ကို မျှော်မှန်းထားသည့်အတိုင်း တွေ့ရှိရသည်။ ရှမ်း၊ ဗမာ၊ တရုတ်–ဗမာ အစရှိသော အခြားတိုင်းရင်းသားလူမျိုးများလည်း လူကုန်ကူးခြင်းခံခဲ့ကြရသည်။

လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူ ၅၆.၄% မှာ နမ့်ခမ်းမြို့နယ်တွင် နေထိုင်သူများဖြစ်ပြီး၊ ၂၂.၇% မှာ မန်တုံ၊ နမ့်ဆန် အစရှိသည့် ပလောင်မြို့နယ်များမှဖြစ်သည်။ မြန်မာပြည်အလယ်ပိုင်း ရန်ကုန်၊ မန္တလေး တို့မှတဆင့် လူကုန်ကူးခံရပြီး လွတ်မြောက်လာသူများလည်းပါဝင်သည်။ လွတ်မြောက်လာသူများ၏ ၉.၄% မှာ နေထိုင်ရာ ကျေးရွာမြို့နယ်များကို မသိရှိခဲ့ရပေ။ နမ့်ခမ်းမြို့သည် တရုတ်နိုင်ငံနယ်စပ်နှင့် ထိစပ်နီးကပ်နေခြင်းကြောင့် လူကုန်ကူးမှု များ ပိုမိုများပြားစွာတွေ့ရှိရပြီး ရွှေ့ပြောင်းအလုပ်သမားအဖြစ် အလုပ်လုပ်များလာသည်ကို လေ့လာတွေ့ရှိရပါသည်။







တရုတ်နိုင်ငံ ဂျယ်ဂေါင်ရှိ နယ်စပ်စစ်ဆေးရေးဂိတ်



တရုတ်နိုင်ငံ၊ ရွှေလီရှိ တောင်းရမ်းစားသောက်နေရသူများ

### လူကုန်ကူးသူများ ဦးတည်ရာပန်းတိုင်




### *တရုတ်ပြည်သို့ ခရီးပန်းတိုင်*

လူအများစု (၉၀%) မှာ တရုတ်ပြည်သို့ ရောင်းစားခံကြရသည်။ နောက်ပိုင်းတွင်ပါရှိသည့် ရွှေ့ပြောင်းအလုပ်သမားများ အပိုင်းတွင် ဆွေးနွေးချက်များအရ ဤကဲ့သို့ဖြစ်ပွားရခြင်းမှာ တရုတ်နိုင်ငံသို့ အလုပ်ထွက်ရှာလုပ်သည့် ရွှေ့ပြောင်း အလုပ်သမားအရေအတွက်များပြားလာခြင်းနှင့်သက်ဆိုင်နေပါသည်။စက်ရုံ၊အလုပ်ရုံများတွင်လုပ်အားခကောင်းသည့် အလုပ်များရရှိမည်ဟု ကတိရရှိပြီး ပွဲစားများနှင့်အတူ နယ်စပ်ဖြတ်ကျော်လာခဲ့ကြရာ ထွက်ပြေးလွတ်မြောက်ရန် အလွန် ခက်ခဲနောက်ကျသည့်အခြေအနေထိတိုင်အောင် ယင်းတို့ရောင်းစားခံရသည်ကို သတိမပြုမိခဲ့ကြပါ။ လူကုန်ကူး ခံရသူများသည် လုံလောက်သည့်ငွေကြေးမရှိခြင်း (သို့) ဘာသာစကားတတ်ကျွမ်းမှုမရှိခြင်း၊ အလုပ်ရှင်များ၊ အတင်း အဓမ္မလက်ထပ်ထားသည့်လင်ယောက်ျားများ (သို့) လူကုန်ကူးသူများက ပိတ်လှောင်အကျဉ်းချထားခြင်း စသည့် အခြေအနေများ အမြဲဖြစ်နေတတ်သဖြင့် ယင်းတို့၏မူရင်းဒေသသို့ မပြန်နိုင်ကြပေ။

လူအများသိရှိထင်ရှားသည့် တရုတ်နိုင်ငံအတွင်း ရောင်းစားခံရသည့်နေရာမှာ ယူနန်ပြည်နယ်ဖြစ်ပြီး တရုတ်–မြန်မာ နယ်စပ် ရွှေလီမြို့တွင် ၁၆.၄% နှင့် ကူမင်းမြို့တွင် ၁၁% နီးပါး လူကုန်ကူးခံခဲ့ရသည်။ အချို့မှာ ဝေးကွာလှသည့် တရုတ် ပြည် အရှေ့ပိုင်း ရှန်ဒေါင်ပြည်နယ်အထိ အဆုံးသတ်ရောင်းစားခံခဲ့ကြရသည်။ ရောင်းစားခံရသောသူများ ပျောက်ဆုံး နေပြီး နောက်ဆုံးမည်သည့်နေရာတွင်ရောက်ရှိနေသည်ကို မသိရှိနိုင်သေးသည့် ဖြစ်စဉ်များလည်း များစွာရှိပါသည်။

## ဘယ်သူတွေက လူကုန်ကူးနေကြပါသလဲ

နယ်စပ်ဖြတ်ကျော်ရသည့် လူကုန်ကူးမှုများတွင် လူအများအပြားဖြင့်ဖွဲ့စည်းထားသည့် ကျယ်ပြန့်သောကွန်ယက် ပါဝင် သည်ကိုတွေ့ရှိရပါသည်။ PWO ကောက်ခံရရှိသည့် လူကုန်ကူးသူအချက်အလက်များမှာ လူစတင်စုဆောင်းသူ(သို့) ပွဲစားများသာ အများစုဖြစ်သည်။ လူကုန်ကူးခံရသူများကို နယ်စပ်ဖြတ်ကျော်ခေါ်ဆောင်ပြီး အခြားအဆက်သွယ်များ လက်ထဲသို့ ပေးပို့ခဲ့ကြသူများဖြစ်သည်။ PWO ၏ကွင်းဆင်းသတင်းကောက်သူများကောက်ယူခဲ့သည့် ဖြစ်စဉ် ၇၂ ခုတွင် လူစတင်စုဆောင်းသူ(သို့) ပွဲစား ၁၀၀ ခန့်၏သတင်းအချက်အလက်များကို မှတ်တမ်းပြုနိုင်ခဲ့ပါသည်။

လူကုန်ကူးသူ ၁၀၀ တွင် အမျိုးသမီး ၆၅ ဦးနှင့် အမျိုးသား ၂၇ ဦးပါဝင်သည်။ ကျန် လူကုန်ကူးသူ ၈ ဦးမှာ ကျား/မ မသိရှိနိုင်သေးပေ။ လူကုန်ကူးသူများမှာ အသက် ၁၉ နှစ်မှ ၅၄ နှစ်အရွယ်ရှိ ပုဂ္ဂိုလ်များဖြစ်သည်။ လူကုန်ကူးသူ အမျိုးသမီးများမှာ အသက် အရွယ်အားဖြင့် ၂၂ မှ ၅၀ နှစ်ခန့်ဖြစ်သည်။ လူကုန်ကူးသူများမှာ လူမျိုးစုံဖြစ်ပြီး ပလောင်၊ ရှမ်း၊ တရုတ်၊ ဗမာနှင့် ကချင် တို့ပါဝင်သည်။

လူကုန်ကူးသူ ၁၀%ကျော်မှာ ခြံလုပ်ငန်းလုပ်ကိုင်ကြပြီး၊ ၁၀% အောက်မှာ ကုန်သည်လုပ်ငန်း၊ ၄%မှာ အစိုးရဝန်ထမ်း (သို့) ရဲတပ်သားအဖွဲ့ဝင်နှင့် ၃% မှာ လုပ်ငန်းရှင်ကြီးများဖြစ်ကြသည်။ တဦးမှာ မယ်သီလရှင်ဖြစ်သည်။ လူကုန်ကူး သူအများစုမှာ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်တွင် အခြေချနေထိုင်သူများဖြစ်သည်။ အချို့မှာ တရုတ်ပြည်နှင့် မြန်မာပြည်အလယ်ပိုင်းတွင် နေထိုင်ကြသည်။

## ရောင်းစားခံရသူများအခြေအနေ

အောက်ဖော်ပြပါ ဇယားသည် ကုန်ကူးခံရသူများရောက်ရှိနေသည့် မတူညီသောအခြေအနေများကို ဖော်ပြထားသည်။ ဖြစ်စဉ် ထက်ဝက်ကျော် (၅၃.၆%)၏ အခြေအနေကို ကံမကောင်းအကြောင်းမလှစွာ မသိရှိရချေ။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ လူကုန်ကူးခံရသူများ မလွတ်မြောက်လာမီအချိန်ထိ ယင်းတို့အား မည်သည့်အလုပ်များဖိအားပေးခိုင်းစေမည် (သို့မဟုတ်) လူကုန်ကူးခြင်းခံရပြီးနောက် မည်ကဲ့သို့ဖြစ်ပျက်နေသည်ကို သတင်းအချက်အလက် မရရှိခြင်းနှင့် ခြေရာခံလိုက်ရန် မဖြစ်နိုင်ခြင်း တို့ကြောင့်ဖြစ်သည်။ လူကုန်းကူးခံရသည့် ကလေးငယ်များနှင့် ငယ်ရွယ်သူလူငယ်များ မည်သို့ဖြစ်နေသည်ကို မည်သည့်သတင်းအချက်အလက်မျှ မရရှိပေ။


### *လိင်ဖျော်ဖြေရေးလုပ်ငန်းတွင် အတင်းအဓမ္မ လုပ်ကိုင်စေခြင်း*

လူကုန်ကူးခံရသူ ၁၀%မှာ တရုတ်နိုင်ငံရှိလိင်ဖျော်ဖြေရေးတွင် ဘဝအဆုံးသတ်ခဲ့ကြရသည်။ ၁၈ နှစ်အရွယ် အမျိုးသမီးငယ်တဦးမှာ သူမ၏ ယောက္ခမကိုယ်တိုင် ပြည့်တန်ဆာလုပ်ငန်းတွင် အတင်းအဓမ္မ အလုပ်လုပ်ရန် ခိုင်းစေခံခဲ့ရသည်။

"မ–က သည် တရုတ်အမျိုးသားနှင့်လက်ထပ်ခဲ့ပြီး တရုတ်ပြည်တွင်နေထိုင်သည်မှာ တနှစ်ခန့်ရှိပြီဖြစ်သည်။ ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် သူမ၏ ယောက္ခမက သူမကို တရုတ်ပြည်ရှိ မြို့တမြို့သို့အလည်သွားစေခဲ့သည်။ ထိုနေရာသို့ရောက် သောအခါ နိုက်ကလပ်တွင် အလုပ်လုပ်ရန်အတင်းဖိအားပေးခံရပြီး၊ သူမ၏ တရုတ် ယောက္ခမ က သူမကို နိုက်ကလပ်တွင် ရောင်းစားခဲ့သည်။ ထိုနိုက်ကလပ်မှထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း သူမ၏ယောကက္ခမက သူမအား ပြည့်တန်ဆာအဖြစ် နောက်ထပ်တကြိမ်ရောင်းစားခဲ့သည်။ နောက်ဆုံးတွင် သူမ၏ ယခင် တရုတ် ယောကျ်ားထံပြန်လည်ရောင်းချခံခဲ့ရပါသည်။"




*ရွှေလီရှိ နိုက်ကလပ် တခု*




## *တရုတ်အမျိုးသားများနှင့် အတင်းအဓမ္မလက်ထပ်ထိမ်းမြားစေခြင်း*

လူကုန်ကူးခံရသူအားလုံး၏ ၂၅%မှာ တရုတ်အမျိုးသားများနှင့်လက်ထပ်ရန် ရောင်းစားခံခဲ့ရသည်။ တရုတ်ပြည်၏ ကလေး တယောက်သာယူရမည့်ပေါ်လစီကြောင့် တရုတ်အမျိုးသားများမှာအခြားနိုင်ငံမှ အမျိုးသမီးများကိုလိုချင် တောင်းဆိုကြရသည့် အဖြစ်သို့ ဆိုက်ရောက်ရသည်ကို ကချင် အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) ထုတ်ဝေ ခဲ့သော အစီရင်ခံစာများ[၄]တွင် ထင်ဟပ်ဖော်ပြ လျှက်ရှိသည်။



ကလေးတယောက်သာယူရမည့်တရုတ်ပေါ်လစီအရ မြို့ပြဒေသရှိအစိုးရ ဝန်ထမ်းများ၊ မိသားစုများမှာမိသားစု တိုင်းကလေးတယောက်သာယူရန် ကန့်သတ်ထားသည်[၅]။ ကျေးရွာများရှိ မိသားစုများမှာပထမကလေး အသက် ငါးနှစ်ပြည့်လျှင် ဒုတိယကလေးယူရန် ယေဘုယျအားဖြင့် ခွင့်ပြုထားသည်။ သို့သော်ပထမကလေးမှာမိန်းကလေး ဖြစ်မှသာထိုခွင့်ပြုချက်[၆]နှင့် အကျုံးဝင်သည်။ ထိုမူပေါ်လစီကိုမလိုက်နာပါက ကြီးလေးသည့်ဒါဏ်ငွေဆောင်ရခြင်း၊ ပိုင်ဆိုင်မှုများသိမ်းယူခံရခြင်း၊ အလုပ်မှ ထုတ်ပစ်ခံရခြင်း စသည့် အပြစ်ပေး အရေးယူမှု[၇]ကိုခံကြရသည်။ ကလေးတယောက်ပေါ်လစီကြောင့် တရုတ် လူဦးရေတွင်အမျိုးသမီး ရှားပါးမှုကိုဖြစ်ပေါ်စေသကဲ့သို့ သား ယောကျ်ားလေးကိုသာဦးစားပေးသော ဓလေ့ထုံးစံကြောင့် တရုတ်မိသားစုများတွင်လိင်ရွေးချယ်ကိုယ်ဝန် ဖျက်ချမှုများဖြစ်ပေါ်စေပါသည်[၈]။

သို့ဖြစ်၍ အမျိုးသမီးများရှားပါးမှုကြောင့် လက်ထပ်ရန် နှင့် လိင်ဖျော်ဖြေရေးလုပ်ငန်းများတွင် လိင်လုပ်သားအဖြစ် အလုပ်ခိုင်စေးရန် အလို့ငှာအမျိုးသမီးများကို လူကုန်ကူး ခြင်း၊ ပြန်ပေးဆွဲခြင်းပြုလုပ်ရန်အကြောင်းတရားများဖြစ်စေပါသည်။[၆] မြန်မာပြည်မှ အမျိုးသမီးများကို တရုတ် အမျိုးသမီးများထက် ဈေးလျော့နည်းစွာဝယ်ယူနိုင်ကြသဖြင့် သတိုးသမီးအဖြစ် ဝယ်ယူသူများပြားနေပါသည်။ ပလောင် အမျိုးသမီးအစည်းအရုံးမှ ကောက်ခံရရှိသောဖြစ်စဉ်တခုတွင် ၁၅ နှစ်အရွယ် ပလောင်အမျိုးသမီးငယ်တဦးမှာ ယွမ်ငွေ ၁၂၀၀ (အမေရိကန် ၁၈၂ ဒေါ်လာခန့်)ဖြင့်သာ တရုတ်အမျိုးသား၏ မိန်းမအဖြစ် ရောင်းစားခံခဲ့ရသည်။ သို့သော်လည်း အခြားဖြစ်စဉ်တခုတွင် တရုတ်အမျိုးသားမှ ယွမ်ငွေ ၂၅၀၀၀ (အမေရိကန် ၃၈၂၇ ဒေါ်လာခန့်)ပေးခဲ့ရသည်။

ပလောင်အမျိုးသမီးအစည်းအရုံးမှ ရှာဖွေတွေ့ရှိသောအချို့ဖြစ်စဉ်များတွင် အမျိုးသမီး(သို့)မိန်းကလေး၏ မိဘများကိုယ်တိုင် ထိုလက်ထပ်ထိမ်းမြားမှုကို သဘောတူပြီး ပွဲစားမှတဆင့် တိုက်ရိုက်ငွေလက်ခံခဲ့သည်။ သို့သော်လည်း ဖြစ်စဉ်တခုတွင်မူ အမျိုးသမီးငယ်ကို အသက်ကြီးသည့်မုဆိုးဖိုနှင့် အတင်းအဓမ္မလက်ထပ်ခိုင်းမည်ဖြစ်သော်လည်း အမျိုးသမီး၏ မိခင်ကို ယင်းတို့၏သမီးငယ်နှင့်လက်ထပ်မည့် ယင်ရွယ်ခန့်ငြားသောလူငယ်၏ ဓါတ်ပုံများနှင့်အတူ ကျပ်ငွေအနည်းငယ် (၃၅၀၀၀၀ ကျပ်၊ ၃၅၀ ဒေါ်လာခန့်) ပို့ပေးပြီးလိမ်လည်ဖြားယောင်းခဲ့သည်။ ထိုနောက်အသက် ၁၇ နှစ်အရွယ်သမီးငယ်ကို တရုတ်ပြည်သို့ပို့ပြီးနောက် ထိုပွဲစားလင်မယားမှာလည်း နေရာပြောင်းသွားခဲ့သည်။

မိမိတို့ကိုများစွာစိတ်အနှောင့်အယှက်ဖြစ်စေပြီး မှတ်မှတ်သားသားဖြစ်စေခဲ့သောဖြစ်စဉ်တခုမှာ တချို့ တရုတ်အမျိုးသားများသည် ယင်းတို့ မယားအဖြစ်ဝယ်ယူခဲ့သည့်မိန်းမကို အခြားယောကျ်ားများထံပြန်ရောင်းပြီး အမြတ်ရှာခြင်းဖြစ်သည်။ ရန်ကုန်မှ အသက် ၂၂ နှစ်အရွယ်ရှိ အမျိုးသမီး၏ အောက်ပါအတွေ့အကြုံတွင် ထိုကိစ္စကို တွေ့ရှိနိုင်သည်။

> "ကျမတို့လက်ထပ်ပြီးတဲ့နောက် သူ့ရဲ့ဇာတိဖြစ်တဲ့ ယူနန်နယ်ကိုလိုက်ခဲ့ရပါတယ်။ သူတို့အိမ်ကိုရောက်ပြီး သုံးရက်လောက်ပဲရှိသေးတယ်၊ သူက ကျမကို လုံးဝမကြိုက်နိုင်တော့ဘူး၊ လက်မထပ်နိုင်ဘူးလို့ ပြောပါတယ်။ အခြား ယောကျ်ားတယောက်ဆီ လွှဲပြောင်းပေးဖို့ သူစီမံတဲ့အခါ နောက်ယောကျ်ားတယောက်ကို ထပ်ပြီး လက်ထပ်ရမှာထက် ရင်ကျန်း ကိုပဲပြန်ချင်တယ်လို့ ကျမ သူ့ကိုပြောခဲ့တယ်။ ဒါပေမဲ့ ကျမယောကျ်ားနဲ့ ဂျ–လို့ အမည်ရှိတဲ့ ကချင်အမျိုးသမီးပွဲစား တို့က ကျမ အခြားယောကျ်ားကို လက်မထပ်ချင်ဘူး၊ ရင်ကျန်း ပဲ ပြန်ချင်တယ်ဆိုရင် လျော်ကြေးငွေ ၁၄၀၀၀ ယွမ် ပေးရမယ်လို့ ပြောလာပါတယ်။ ငွေမပေးနိုင်ဘူးဆိုရင် စီစဉ်ထားတဲ့ ယောကျ်ားကိုယူမလား၊ ငွေလျော်မလား ရွေးစရာနည်းလမ်းနှစ်ခုပဲရှိတယ်လို့ သူတို့ကျမကိုဖိအားပေးတယ်။ အဲဒီနောက် ကျမစုဆောင်းထားတဲ့ယွမ်ငွေ ၂၂၀၀ ကို ပေးခဲ့ပေမဲ့ သူတို့ကျမကို ပြန်မပို့ပေးခဲ့ပါဘူး။"

အရွယ်မရောက်သေးသော အမျိုးသမီးမှာ လွတ်မြောက်ရန်ထွက်ပြေးခြင်းမပြုခင်အထိ ယောကျ်ားလေးဦး ထံ အဆက်ဆက်ရောင်းစားခံခဲ့ရသည်ကို အောက်ပါဖြစ်စဉ်တွင်တွေ့နိုင်သည်။



*တရုတ်နိုင်ငံ ရွှေလီရှိကားဂိတ်*

“မ–စ သည် အသက် ၁၁–၁၂ နှစ်အရွယ်ကတည်းက တရုတ်ပြည်သို့ လူကုန်ကူးခံခဲ့ရပြီး ပြန်လွတ်သည့် အချိန်တွင် အသက် ၁၇ နှစ်ပြည့်ပြီးဖြစ်သည်။ သူမကို ၂၄ ရက် အေပြီလ ၂၀၁၀ တွင် မူဆယ်မြို့၌ တွေ့ရှိခဲ့သည်။ လူကုန်ကူးခံရသည့် တရုတ်နိုင်ငံ ရင်ကျန်း မှ ထွက်ပြေးလွတ်မြောက်လာပြီးနောက် မူစယ်ကားဂိတ်တွင်သူမကို တွေ့ရှိခဲ့သည်။ အိမ်အပြန်လမ်းအတွက် မူစယ်ကားဂိတ်တွင် အကူအညီတောင်းခံနေစဉ်ဒေသခံအမျိုးသမီးတဦးက သူမကိုတွေ့ရှိပြီးကူညီရန်ကြိုးပမ်းခဲ့သည်။ ထိုဒေသခံအမျိုးသမီးက သူမ၏အမည်နှင့်သွားလိုသောနေရာကို မေးမြန်း သောအခါ မ–စ က သူမ၏ဖြစ်ကြောင်းကုန်စင်ကို ပြောပြခဲ့သည်။ မ–စ၏ မိဘ အမည်ကို မေးမြန်းသောအခါ သူမ၏မိဘကိုသိရှိကြောင်းအမှတ်ရလိုက်သည်။ ထိုအမျိုးသမီး၏အကူအညီဖြင့် မ–စ–မှာ မိသားစုနှင့်ပြန်လည် ဆုံဆည်းခွင့်ရရှိခဲ့သည်။ သူမတို့မိသားစုဆုံတွေ့ကြသည့်အချိန်တွင်ဝမ်းနည်းစွာ ငိုကြွေးခဲ့ကြပြီး လွတ်ထွက်သွားမည်စိုးရိမ်သည့်အလား ပွေ့ဖက်ခဲ့ကြသည်။ မ–စ ပြောပြချက်အရ– သူမကို အမျိုးသမီးတဦးက ရင်ကျန်းသို့ခေါ်ဆောင်သွားပြီး လူကုန်ကူးခဲ့သည်။ ရင်ကျန်းသို့ရောက်ရှိသောအခါ မ–စ သည် တနေရာမှတနေရာသို့ ပြောင်းရွှေ့ခံရပြီး ယောက်ျားလေးယောက်နှင့် အတင်းအဓမ္မလက်ထပ်ရန် ခိုင်းစေခြင်းခံခဲ့ရသည်။ မ–စ သည် သူမကြုံတွေ့ခဲ့ရသည့် အိမ်မက်ဆိုးများအတွက် ပြင်းထန်သည့် စိတ်ဒါဏ်ရာ ခံစားနေရပါသည်။”

## *မျော့စာကျွေးခြင်း*

၂၀၀၄ ခုနှစ် နှင့် ၂၀၀၆ ခုနှစ်တို့တွင် ဖြစ်ပွားခဲ့သော စိုးရိမ်းဖွယ်ဖြစ်စဉ်နှစ်ခုမှာ မျော့စာကျွေးရန်အတွက် လူကို ချုပ်နှောင်ထားခဲ့သည်။ ရှားပါးလှသည့် တရုတ်ရိုးရာဆေးဝါးရရှိရန်အတွက် လူ၏သွေးဖြင့် မျော့စာကျွေးခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ်ဖြစ်စဉ်မှာ နမ့်ခမ်းမြို့နယ်မှ ပလောင်အမျိုးသား(လူငယ်) သုံးဦးသည် လိမ္မော်ခြံ၌အလုပ်လုပ်ရမည်ဟု လှည့်ဖြားခေါ်ယူခြင်းခံရပြီး တရုတ်ပြည်သို့ခရီးထွက်ခဲ့သည်။ ထိုသူတို့သည် ယင်းတို့၏ရပ်ရွာသို့ မည်သည့်အခါမှ ပြန်မရောက်နိုင်တော့ပဲ တရုတ်ပြည်တွင် မျော့စာကျွေးခံရပြီး ဘဝအဆုံးသတ်ခဲ့ရသည်။

၂၀၀၆ ခုနှစ်ဖြစ်စဉ်မှာ နမ့်ခမ်းမြို့အနီးရှိ ရွာတရွာမှ ၂၁ နှစ်အရွယ်အမျိုးသမီးတဦးသည် တရုတ်အမျိုးသမီးတဦး၏ ဖိတ်ခေါ်ချက်အရ ရွှေလီသို့အလည်သွားခဲ့သည်။ အခြားအမျိုးသမီးတဦးက တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်ပြည်နယ် လင်ဂုမြို့သို့ ခေါ်ဆောင်ခဲ့ပြီး ဘဝအဆုံးသတ်ခဲ့ရသည်။ သူမ၏ အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

“ကျမ အဲဒီနေရာကိုရောက်တော့ တော်တော်လေးကိုမြင့်တဲ့အဆောက်အအုံမှာပေးနေတယ်။ ၁၇ ထပ်မြောက်မှာပါ။ အဲဒီအထပ်မှာ အခန်းတွေအများကြီးပဲ။ အခြားအခန်းတံခါးတွေ မဖွင့်ဖို့ကျမကို သူတို့ပြောတယ်။ ကျမ တယောက်တည်း အခန်းထဲမှာနေရတယ်။ သူတို့ကျမကို ဆေးပုလင်းကြီးတွေချိတ်ပေးတယ်၊ အစားအသောက်ကောင်းတွေ နေ့တိုင်းကျွေးတယ်။ ကျမ အပြင်တော့မထွက်ရဘူး။ သူတို့ ကျမကိုဘာမှမလုပ်ဘူး၊ အခန်းထဲမှာပဲ နေဖို့ပြောပါတယ်။ တနေ့မှာ ကျမ အခန်းကနေတိတ်တိတ်ကလေးထွက်ပြီး အခြားအခန်း တခန်းထဲကိုကြည့်လိုက်တယ်။ အဲဒီအခန်းမှာရှိတဲ့ ရေဇလုံကြီးတွေမှာ လူအချို့ရှိနေတာ ကျမတွေ့ခဲ့ရတယ်။ သူတို့အားလုံးက ဝဖြိုးနေပြီး ဘာလှုပ်ရှားမှုမှမရှိဘူး၊ အသက်မဲ့သလိုဖြစ်နေတယ်။ အဲဒီနောက် သူတို့တတွေရဲ့သွေးကို မျော့တွေစုပ်ယူစားသောက်နေတာ ကျမတွေ့လိုက်ရတယ်။ ကျမအရမ်းကိုထိတ်လန့်သွားတယ်။ ကျမလည်း မျော့စာအကျွေးခံရမှာပဲလို့ သတိပြုမိလိုက်တယ်။

ကျမ အရမ်းကိုကံကောင်းတယ်လို့ ပြောနိုင်ပါတယ်။ ဘာဖြစ်လဲဆိုတော့ ကျမ အဲဒီရေဇလုံထဲထည့်ပြီး မျော့တွေရဲ့ အစာအဖြစ် မကျွေးခံရခင်မှာပဲ တရုတ်ပုလိပ်က ကျမကို ကျမနေတဲ့အခန်းမှာလာတွေ့ခဲ့ပါတယ်။ ပုလိပ်တွေက ကျမကို တရုတ်–မြန်မာနယ်စပ် ရွှေလီကိုပြန်ပို့ပေးခဲ့တယ်။ ကျမမိဘတွေရောက်လာပြီး ရွှေလီ ရဲစခန်းမှာ ကျမကိုပြန်ခေါ်တယ်။ ကျမလည်း ရွာကိုပြန်လိုက်သွားခဲ့တယ်။ ကျမရဲ့အတွေ့အကြုံတွေကို ပြန်စဉ်းစားတိုင်း အရမ်းကိုကြောက်ရွံ့တုန်လှုပ် နေဆဲပါပဲ။”

## *လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသည့်အခြေအနေများ*

ဖြစ်စဉ်ပမာဏအများစုရှိ လူကုန်ကူးခံရသူများသည် လွတ်မြောက်ရန်မစွမ်းနိုင်ခြင်း (သို့) လွယ်ကူစွာပျောက်ဆုံးနေခြင်းတို့ဖြင့် ဝမ်းနည်းဖွယ်ရာတွေ့ရပါသည်။ ဖြစ်စဉ် ၁၁ ခုမှ အမျိုးသမီးများသာ တရုတ်–မြန်မာနယ်စပ်၌ လူကုန်ကူးခံရစဉ် ထွက်ပြေးလွတ်မြောက်ခဲ့သည်။ အချို့မှာ မိသားစု (သို့) သူငယ်ချင်းများထံဖုန်းဆက်ပြီး လာရောက်ကူညီရန် အကူအညီ တောင်းခံနိုင်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်သားများ၏ ကူညီမှုဖြင့်လွတ်လာသူ ဖြစ်စဉ်တခုတည်းသာရှိပါသည်။ ထိုဖြစ်စဉ်မှာလည်း PSLA ပလောင်တပ်ဖွဲ့ဝင်များ၏ သတိပေးမှုကြောင့် ကူညီကြခြင်းဖြစ်သည်။

အမျိုးသမီးအများအပြားမှာ ယင်းတို့ကိုထိန်းသိမ်းထားသည့် အဆောက်အအုံတွင်းမှ ရိုးရှင်းစွာ ထွက်ပြေးလွတ်မြောက်လာခဲ့ကြသည်။ အောက်ဖော်ပြပါ ဖြစ်စဉ်တွင် မူးယစ်ဆေးထိုးထားခံရသည့် အမျိုးသမီးမှာ အိမ်သာတက်ရန် ဟန်ပြပြီး ထွက်ပြေးလွတ်မြောက်လာသည်ကို တွေ့ရသည်။

> "ကျမ –––စတိုးဆိုင်မှာ လစာ တလကျပ်နှစ်သောင်းခွဲရမယ်ဆိုလို့ အဒေါ်နဲ့အတူ မူဆယ်ကိုလာခဲ့ပါတယ်။အဲဒီမှာ ၁၅ ရက်လောက်အလုပ်လုပ်ပြီးတဲ့နောက် တရုတ်–ဗမာ ကပြားအမျိုးသမီး မ–– နဲ့တွေ့ခဲ့ပါတယ်။သူကအခုအလုပ်ကနေထွက်ပြီး တလတရုတ်ယွမ်ငွေ ၄၀၀ ရတဲ့ တရုတ်စားသောက်ဆိုင်မှာလုပ်ဖို့ တိုက်တွန်းခဲ့တယ်။သူပြောတာကတော့ အခုကျမနေတဲ့နေရာကနေ အဲဒီစားသောက်ဆိုင်ကိုအရောက်သွားဖို့ မိနစ် ၂၀ လောက်ပဲကြာမယ်တဲ့။ အဲဒီနောက်မှာတော့ သူ ကျမကို တရုတ်ပြည်၊ ကျင်းဟုန် ––ရွာမှာရှိတဲ့ ကချင် ကိုယ်စားလှယ်ဆီ ကို မူဆယ်ကနေခေါ်လာခဲ့ပါတယ်။ သူတို့ ကျမကို လူကုန်ကူးလိမ့်မယ်လို့ ကျမ လုံးဝမတွေးမိဘူး။ ကျမ အဲဒီမှာ နှစ်ရက်လောက်နေရပေမဲ့ ဘာအလုပ်မှပေးမလုပ်ဘူး။ သူနဲ့ကချင်အမျိုးသမီးကို ပြောထားတဲ့ကတိအတိုင်း အလုပ်ပေးဖို့ ကျမ ပြောတော့ သူတို့ကျမအတွက် အရင်ဆုံးအလုပ်ရှာနေတယ်လို့ ပြောတယ်။ တရုတ်အမျိုးသားတွေ တယောက်ပြီး တယောက် ကျမကိုလာကြည့်ကြတယ်။ နောက်တော့ မ––နဲ့ ကချင်အမျိုးသမီးက ကူမင်းက တရုတ်အမျိုးသားကို ယူဖို့ပြောလာပါတယ်။ တကယ်လို့လက်ထပ်မယ်ဆိုရင် ယွမ်ငွေ ငါးထောင်နဲ့ ရွှေတွေ ရမယ် လို့လည်း ပြောတယ်။ ကျမ တရုတ်ကိုလာတာ အလုပ်လုပ်ဖို့ပဲ၊ ယောကျ်ားယူဖို့မဟုတ်ဘူးလို့ သူတို့ကို ငြင်းခဲ့ပါတယ်။ အဲဒီနောက် မ––နဲ့ ကချင်အမျိုးသမီးက ကျမကိုအခန်းထဲခေါ်သွားပြီး ဆေးသုံးလုံး ထိုးပေးတယ်။ တလုံးက ကျမလက်မောင်းနဲ့ နှစ်လုံးက ကျမတင်ပါးမှာထိုးပါတယ်။ သူတို့ပြောတာကတော့ အားဆေးထိုးပေးတယ်တဲ့၊ ဒါပေမဲ့ ဆေးထိုးပြီးတဲ့နောက်ပိုင်း ကျမ အရမ်းနုံးခွေတာခံစားရပြီး အမြဲတမ်းအိပ်ချင်နေတယ်။ ဘာအလုပ်မှလည်း ကျမ မလုပ်ချင်ဘူး။ ကူမင်းက ယောကျ်ားတယောက် ကျမကိုလာကြည့်ပြီး ကျမကို ယွမ် ၅၀၀၀ စပေါ်ငွေအဖြစ်ပေးခဲ့တယ်။ မ––နဲ့ ကချင်အမျိုးသမီးက ကျမကို ယွမ်ငွေ တသောင်းလောက်နဲ့ ရောင်းလိုက်ပြီ။ ၂၀၀၉ ခုနှစ် မတ်လ ၁၇ ရက်နေ့မှာ ကျမကိုပို့ဖို့ သူတို့ပြင်ဆင်ကြတယ်၊ ဒါကြောင့် မတ်လ ၁၆ ရက်နေ့မှာ ကျမ အိမ်သာတက်ချင်ဟန်ဆောင်ပြီး ထွက်ပြေးလာခဲ့တယ်။ အဲဒီအနီးအနားမှာရှိတဲ့ မြန်မာလူမျိုးတွေနေတဲ့အိမ်မှာ ကျမပုန်းနေခဲ့တယ်။ မ––နဲ့ ကချင်အမျိုးသမီးတို့ အုပ်စုတွေက မော်တော်ဆိုင်ကယ်စီးပြီး ကျမကို မြို့အနှံ့လိုက်ရှာတယ်။ (ထိုမြန်မာပြည်သားများက ပလောင်အမျိုးသမီးအစည်းအရုံးကို ဆက်သွယ်ပေးခဲ့ပြီး၊ အမျိုးသမီးငယ်ကို အိမ်တိုင် ယာရောက်ပို့ဆောင်ပေးနိုင်ခဲ့သည်။)"

ဖြစ်စဉ်လေးခုတွင်မူ အမျိုးသမီးနှင့်မိန်းကလေးငယ်များမှာ နှစ်ပေါင်းများစွာကြာအောင် ကုန်ကူးရောင်းစားခံရပြီးမှ ပြန်လည်လွတ်မြောက် (သို့) အိမ်ပြန်ခွင့်ပေးခဲ့သည်။ တရုတ်နိုင်ငံ၏ အလွန်ဝေးလံခေါင်ပါးသောနေရာသို့ ရောင်းစားခံရသောသူများမှာ မြန်မာပြည်ပြန်ရန် အလွန်ခက်ခဲလှပါသည်။

အသက် ၃၃ နှစ်ရှိ အမျိုးသမီးတဦးမှာ သုံးနှစ်ကြာမှ သူ၏တရုတ်အမျိုးသားက ပေးပြန်ခဲ့သော်လည်း ကားမှားစီးပြီး တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် လမ်းပျောက်ခဲ့ရသည်။ ထိုနောက် တရုတ်ရဲများ၏ ဖမ်းဆီးခြင်းကို ခံရပြီး တလကျော် ချုပ်နှောင်ခံခဲ့ရသည်။ တရုတ်ရဲများက သူမကို မြန်မာနယ်စပ်သို့ပြန်ပို့ပေးခဲ့သည်။ သူမ၏ ဖြစ်စဉ်မှာ –

> မ–တ ကို မော်လမြိုင်တွင်မွေးဖွားခဲ့သည်။ အိမ်ထောင်ကျပြီးနောက် သူမ၏လင်ယောကျ်ားနှင့်အတူ ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့သည်။ သူမ၏ယောကျ်ားမှာ ကံဆိုးစွာ သေဆုံးခဲ့ပြီး သူမတွင် သားတယောက်ကျန်ခဲ့သည်။ သူမတွင် အလုပ်အကိုင်မရှိသဖြင့် ကလေးကိုကျွေးမွေးရန် မစွမ်းနိုင်သောကြောင့် အခြားသူကို မွေးစားရန်ပေးခဲ့



*တရုတ်နယ်စပ် ဂျယ်ဂေါင် ရှိ နယ်ခြားခြံစည်းရိုးမှတဆင့် တရားမဝင်ဖြတ်ကျော်နေသော ပြည်သူလူထုများ*

သည်။ သူမမှာ တောင်းရမ်းစားသောက်ခဲ့ရသည်။ ၂၀၀၆ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ရန်ကုန် ကားဝင်း၌ တောင်းရမ်းနေစဉ် အမျိုးသမီးနှစ်ဦးနှင့် မ–တ တွေ့ဆုံခဲ့ပြီး အလုပ်လိုချင်လျှင် မြောက်ဥက္ကာလပ ပန်းခြံသို့ လိုက်ခဲ့ရန်ပြောသည်။ ထိုနောက် အမျိုးသမီးနှစ်ယောက်က မ–တ ကို မန္တလေးသို့သွားရန် ရထားလက်မှတ် တစောင်ပေးခဲ့သည်။ မန္တလေးသို့ရောက်သောအခါ မည်သည့်နေရာသို့ထပ်သွားမလဲဟုမေးကြည့်ရာ ထို အမျိုးသမီးတို့က မူစယ်သို့သွား ကြမည်ဟု ပြန်ဖြေခဲ့သည်။ အမျိုးသမီး သုံးဦးစလုံး မူဆယ်သို့ရောက်သည့်တိုင် မ–တ မှာ သူမ လူကုန်ကူးခံရသည်ကို မသိရှိသေးချေ။ သူမတို့ နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ပြီး ရွှေလီ ရှိ ဦး–က ၏ နေအိမ်တွင်တည်းခိုကြသည်။ ဦး–က မှာ အသက် ၄၈ နှစ်ရှိ တရုတ်အမျိုးသားတဦးဖြစ်သည်။ ဦး–က နှင့် သူ တို့ ဧည့်ခန်းတွင် စကားပြောနေစဉ် မ–တ ကို အိပ်ခန်းတွင်နေစေခဲ့သည်။ ယင်းတို့ စကားပြောပြီးနောက် မ–တ ဧည့်ခန်းထဲသို့ဝင်လာသည့်အခါ ထိုအမျိုးသမီးနှစ်ယောက်မရှိတော့ချေ။ မ–တ မှာ ဦး–က အိမ်ဖော်အဖြစ် လစာမရပဲ တလကျော်အလုပ်လုပ်ခဲ့ရသည်။ တလကြာပြီးနောက် ဦး–က က သူမကို တရုတ်ပြည် ရှန်ဒေါင်သို့ ထပ်မံရောင်းစားလိုက်ပြန်သည်။ ဦး–က က မ–တကိုလက်ထပ်ရမည်၊ လက်ထပ်လျှင် ယွမ်ငွေ ၃၀၀၀ ပေးမည်ဟု ပြောသည်။ ဦး–က ၏စီစဉ်မှုအတိုင်း လိုက်လာခဲ့သောကြောင့် မည်သည့်အရပ်သို့ရောက်နေသည်ကို မသိရှိနိုင်ပဲ ငွေလည်းမရရှိခဲ့ပေ။ သူမမှာ ရှန်ဒေါင် သို့ ရောင်းစားခံရပြီး အသက် ၄၀ အရွယ် တရုတ်အမျိုးသား တဦးကိုလက်ထပ်ခဲ့ရသည်။ လက်ထပ်ပြီး သုံးနှစ်ကြာသော်လည်း မ–တမှာ ကလေးမရရှိသည့်အတွက် သူမ၏ ယောကျ်ားက ယွမ်ငွေ ၁၀၀၀ ပေးပြီး ပြန်ခိုင်းခဲ့သည်။ မ–တမှာ မည်ကဲ့သို့သွားလာရမည်ကိုမသိသည့်အတွက် သူမ၏ယောကျ်ားကိုပို့ပေးရန် တောင်းဆို သော်လည်းလိုက်မပို့ ခဲ့ချေ။ သူမ ယူနန်ပြည်နယ်သို့သွားချင်သော်လည်း လက်မှတ်မှားဝယ်မိသည့်အတွက် တရုတ်နိုင်ငံ အရှေ့ မြောက်ပိုင်းရှိ တုန်ပိုင် တွင်လမ်းပျောက်ခဲ့ရသည်။ လက်ထဲတွင်ငွေမရှိတော့သည့်အတွက် ခရီး ဆက်မထွက်နိုင်ပဲ ထိုဒေသတွင် ပန်းကန်ဆေးအလုပ်ဝင်လုပ်ခဲ့သည်။ တနေ့တွင်သူမအလုပ်လုပ်သည့်စားသောက် ဆိုင်တွင် တရုတ်ပုလိပ် လာရောက်စားသောက်စဉ် သူမကို တွေ့ရှိခဲ့ပြီး အသားညိုသောကြောင့် တရားမဝင် ဝင်ရောက် လာသူဟု သံသယဝင်ခဲ့ပြီး ဖမ်းဆီးခဲ့သည်။ တရုတ်ပြည်သို့ တရားမဝင် ဝင်ရောက်မှုဖြင့် တရားရုံးတွင် အမှု တင်ရာ သူမကို ၁၅ ရက်ထောင်ဒါဏ်ချမှတ်ခဲ့သည်။ သူမ ၏ အမှုကိုပြန်လည် စစ်ဆေးချက်ပြုလုပ်ပြီး ပြစ်ဒဏ် တလတိုးခဲ့သည်။ အကျဉ်းကျကာလ တလပြည့်ပြီးနောက် တရုတ်ရဲနှစ်ဦးက သူမကို ရွှေလီသို့ လေယာဉ်ဖြင့် ပြန်ပို့ခဲ့သည်။ မ–တ ဂျယ်ဂေါင်သို့ရောက်သောအခါ ဦး–က ကိုအလွန်စိတ်ဆိုးပြီး လိုက်ရှာသော်လည်း မတွေ့ရတော့ပေ။ ထိုအိမ်အနီးရှိသူကိုမေးကြည့်ရာ ဦး–က အိမ်ပြောင်းသွားခဲ့ကြောင့် ပြောပြသည်။ ထိုနောက် ထိုလူက ဘာအတွက်ကြောင့် ဦး–က ကိုလိုက်ရှာသလဲဟု မေးမြန်းရာ ဖြစ်ကြောင်းကုန်စင်ပြောပြခဲ့ပြီး ထိုလူက သူမ ၏ နေရပ်သို့ အရောက် ပြန်နိုင်ရန် ကူညီပေးခဲ့သည့် ပလောင်အမျိုးသမီးအစည်းအရုံးနှင့် ဆက်သွယ် ပေးခဲ့ပါသည်။

## *ကူညီထောက်ပံ့မှုနှင့်တရားမျှတမှု ရရှိနိုင်မည့်လမ်းကြောင်းများ ကန့်သတ်ခံရခြင်း*

မိဘများမှာ ယင်းတို့၏သားသမီးငယ်များ လူကုန်ကူးခံရသည်ကို သိရှိ(သို့)သံသယဖြစ်လာသည့်အချိန်တွင် ပြန်လည် လွတ်မြောက်ရန်အတွက် နည်းလမ်းပေါင်းစုံ ကြိုးပမ်းခဲ့ကြသည်။ သူတို့အသိုင်းအဝိုင်းပြင်ပသို့ ခရီးသွားလာတတ်သူတိုင်း ကို သားသမီးတို့၏ သတင်းရှာဖွေထောက်လှမ်းပေးရန် အကူအညီတောင်းကြသည်။ ဒေသခံအာဏာပိုင်များ၊ လူမှု

အဖွဲ့အစည်းများကို ချဉ်းကပ်ပြီး လူကုန်ကူးသူများကို ဖမ်းဆီးရန်နှင့် ပျောက်ဆုံးနေသော သားသမီးများကို ရှာဖွေရန် အကူအညီတောင်းကြသည်။ ရဲတပ်ဖွဲ့၊ ရွာသူကြီးများ၊ အစိုးရလက်အောက်ခံ ပြည်သူ့စစ်၊ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၊ ဒေသခံ ပလောင်စာပေယဉ်ကျေးမှုကော်မီတီ၊ ပလောင်အမျိုးသမီးအစည်းအရုံးနှင့် နိုင်ငံတကာအစိုးရ မဟုတ်သည့်အဖွဲ့အစည်းများ (ကလေးသူငယ်များကူညီကယ်ဆယ်ရေးအဖွဲ့) တို့လည်း ပါဝင်သည်။ မိဘများအနေဖြင့် အစိုးရဖွဲ့စည်းထားသည့် ဒေသအခြေစိုက် လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ထံ အကူအညီတောင်းခဲ့သည်ကို ဖြစ်စဉ် နှစ်ခုတည်းသာ လေ့လာတွေ့ရှိခဲ့သည်။ ထိုကဲ့သို့သော ကိစ္စများအတွက် အထူးရည်ရွယ်ဖွဲ့စည်းထားခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ် ၉ ခုသာ လူကုန်ကူးသူများကို ဒေသခံအာဏာပိုင်များက ဖမ်းဆီးနိုင်ခဲ့ပြီး ထိုအထဲမှ ဖြစ်စဉ် တခုပါ လူကုန်ကူးသူ မှာ သူ့အားလွှတ်ပေးရန်အတွက် ရဲတပ်ဖွဲ့ကို ယွမ်ငွေ ၃၀၀၀ လာဘ်ထိုးခဲ့သည်။ အမျိုးသမီး နှစ်ဦးမှာလည်း ဖမ်းဆီးခြင်း မပြုရန်အတွက် မန်တုံရှိ အစိုးရလက်အောက်ခံ ပြည်သူ့စစ်ခေါင်းဆောင်ကို ကျပ်ငွေ ရှစ်သိန်း လာဘ်ထိုးခဲ့ရသည်။

အချို့ လူကုန်ကူးသူများမှာ ထောင်ဒဏ်ချမှတ်ခံရပြီး၊ အချို့မှာ ယင်းတို့ကုန်ကူးခဲ့သူများ၏မိဘတို့အား လျော်ကြေးငွေ ပေးရန်သာအပြစ်ပေးခဲ့သည်။ အမျိုးသမီးငယ်တဦးကို ယွမ်ငွေ ၂၅၀၀၀ (အမေရိကန်ဒေါ်လာ ၃၈၅၀ ခန့်)ဖြင့် ရောင်းစား ခဲ့သူ လင်မယားစုံတွဲမှာ လျော်ကြေးငွေ ၁၇၀၀၀၀ ကျပ် (ယူအက်စ်ဒေါ်လာ ၁၇၀ ခန့်) သာ ပြန်ပေးရန် အမိန့်ပေးခဲ့သည်။

ဖြစ်စဉ်များစွာတွင် အာဏာပိုင်များမှာ မည်သည့်ကူညီမှုမျှ မပေးနိုင်ခဲ့ချေ။ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ အပါအဝင် အာဏာပိုင်များ၊ အဖွဲ့အစည်းများမှာ တရုတ်–မြန်မာနယ်စပ်တွင်ဖြစ်ပွားခဲ့သော် လူကုန်ကူးမှုများမှ လူကုန်ကူးခံရသူ တစုံတယောက်ကို လွတ်မြောက်အောင် ကူညီပေးနိုင်ခဲ့ခြင်း မရှိသည်ကို ကံမကောင်းစွာ တွေ့မြင်ရသည်။

သိသာထင်ရှားမှုအဖြစ်ဆုံးမှာ မည်သည့်လူကုန်ကူးခံရသူ (သို့) မိသားစုများကမှတနိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့စည်း ထားသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ထံ အကူအညီတောင်းခံခြင်း (သို့) ဆက်သွယ်ရန်ကြိုးပမ်းခြင်း ပြုလုပ်ခဲ့ သည်ဟုမပြောပြခဲ့ချေ။ ထိုအဖွဲ့လည်းလူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ရှားမှုများလုပ်ဆောင်သည့်လုပ်ငန်းစဉ်များရှိသည်။

## *မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့*

အစိုးရပံ့ပိုးမှုဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၏ ရည်မှန်းချက်များထဲမှ တခုမှာ "အမျိုးသမီးနှင့် ကလေးသူငယ်များအား လူကုန်ကူးနေမှုများကို အမျိုးသားရေးတာဝန်အဖြစ် လျော့ချရန်နှင့် တိုက်ဖျက်ရန်"[၁၀] ဟူ၍ ဖြစ် သည်။ စစ်အုပ်စုက စီဒေါ(CEDAW)တွင် ပြန်လည်ချေပချက်များအရ အမျိုးသမီးရေးရာအဖွဲ့သည် အသိပညာမြှင့်တင်ရေးလုပ်ငန်းစဉ် များဆောင်ရွက်ခြင်း၊ နှစ်သိမ့်ဆွေးနွေးရေးဌာနများဖွင့်လှစ်ခြင်းများ နှင့် အမျိုးသမီးများကို ကာကွယ်ပေးနေသည့် ဥပဒေရေးရာများကို ဗဟုသုတ ရရှိစေရန်ဖြန့်ဝေပေးခြင်း တို့ဖြင့် လူကုန်ကူးမှုများ တိုက်ဖျက် နေလျှက် ရှိပါသည်။[၁၁] အမျိုးသမီးရေးရာအဖွဲ့သည် လူပေါင်း ၈၃၀ ၀၀၀ ကို လူကုန်ကူးခြင်းအန္တရာယ်အကြောင်း ပညာပေးခဲ့သည် ဟု အစိုးရ အရာရှိများက စာရင်းဇယားဖြင့် ရှင်းလင်းခဲ့ပါသည်။[၁၂]



*ရှမ်းပြည်နယ်၊ လားရှိုး အမျိုးသမီးရေးရာရုံး*

သို့သော်လည်း မြန်မာနိုင်ငံအမျိုးသမီးရေးရာမှာ ဖော်ပြပါလုပ်ရှားမှု များကို လူကုန်ကူးမှုအဖြစ်များသည့် နမ့်ခမ်းမြို့တွင် အနည်းငယ်သာ ပြုလုပ်ခဲ့သည်ကို ပလောင်အမျိုးသမီးအစည်းအရုံးမှ တွေ့ရှိခဲ့သည်။ နမ့်ခမ်းမြို့နယ်ရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်တဦးကိုတွေ့ဆုံမေးမြန်းရာ အောက်ပါအတိုင်းတွေ့ရှိရသည်။ "ကျမတို့ လူကုန်ကူးမှုနဲ့ စပ်ဆက်တဲ့လှုပ်ရှားမှုတွေ အနည်းအကျဉ်းပဲလုပ်ခဲ့တယ်။ ဒါကြောင့် လူကုန်ကူးခံရတဲ့သူတွေ ကျမတို့ကို ဆက်သွယ်ဖို့အရမ်းခက်ခဲပါတယ်။ ဒေသခံပြည်သူ နဲနဲပဲ ကျမတို့ကို လာပြောပြတာ၊ ဘယ်သူမှ လာမပြောပြချင်ဘူး။ ကျမတို့ နမ့်ခမ်းဒေသမှာ လူကုန်ကူးမှုနဲ့ပတ်သက်တဲ့ အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုတွေမလုပ်ခဲ့ပါဘူး။ အမျိုးသမီး ရေးရာအဖွဲ့ရဲ့အခြားဒေသအဖွဲ့ခွဲတွေလည်းလုပ်တာမကြားမိဘူး။ ကျမတို့ရဲ့အဓိကလုပ်ငန်းစဉ်တွေကတော့ အထက် အရာရှိတွေ ကျမတို့ဒေသကိုအလည်လာရင်ကြိုဆိုတာရယ်၊ သူတို့အမိန့်တွေအတိုင်းလိုက်လုပ်ရတာတွေပဲ ဖြစ်တယ်"

## *လွတ်မြောက်လာသူများနေရပ်ဌာနသို့ပြန်ရောက်လာစဉ် ရင်ဆိုင်ရသည့်အခက်အခဲများ*

လူကုန်ကူးခံရသည့်အခြေအနေမှ ပြန်လည်လွတ်မြောက်လာသော အမျိုးသမီးများမှာ ယင်းတို့၏ မူလအသိုင်းအဝိုင်းကြားတွင် ပုံမှန်ဘဝဖြင့် ပြန်လည်ရပ်တည်ရန် ကြီးမားသည့်အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ ယင်းတို့သည် စိတ်ဒါဏ်ရာရရှိပြီး အမြဲတစေထိတ်လန့်ကာ ယင်းတို့၏ဆွေမျိုးအပါအဝင်အခြားသူများကို ယုံကြည်မှုပေးရန် အလွန်ခက်ခဲလျှက်ရှိပါသည်။ ယင်းတို့မှာ လူကုန်ကူးခြင်းခံခဲ့ရသည်ဟု သိရှိထားသော်လည်း၊ ပြည့်တန်ဆာလုပ်ငန်းတွင် အလုပ်လုပ်ခဲ့သည်ဟုယူဆတတ်ကြသည့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတို့၏ခွဲခြားဆက်ဆံမှုကိုလည်း တပြိုင်တည်း ရင်ဆိုင်ကြရသည်။

အမျိုးသမီးများမှာ မိသားစု၏ ပြစ်တင်ဝေဖန်ခြင်းကိုလည်း ရင်ဆိုင်ကြရပြီး ယင်းတို့၏မိသားစုမှာ အိမ်နီးချင်းများ နှင့် အခြား ပတ်ဝန်းကျင်အသိုင်းအဝိုင်းများပါ ယင်းတို့၏သမီး ဖြစ်ပျက်ခဲ့သည်များကို မသိရှိစေရန် ကြိုးစားဖုံးကွယ်ကြသည်။ အချို့အမျိုးသမီးများမှာ အိမ်တွင်းတွင်သာနေထိုင်ရန် ကန့်သတ်ခံကြရပြီး၊ မိသားစုခွင့်ပြုချက်မရပဲ အပြင်ထွက်ခွင့်မရချေ။ အချို့မိသားစုမှာ အိမ်တွင်းရှိ အခြားသမီးပျိုများကိုပါ အရှက်ရစေနိုင်သည့် အကြောင်းပြချက်ဖြင့် ထိုလူကုန်ကူးခံရသည့် သမီးကို မိသားစုတွင်းသို့ ပြန်လက်မခံချင်တော့ပေ။

ထိုကဲ့သို့ဖြစ်ခြင်းသည် ကျူးလွန်သူကို အရေးယူရန်ကြိုးပမ်းရန်အတွက် အမျိုးသမီးအား အင်အားယုတ်လျော့စေပါသည်။ တရုတ်အဖိုးအို၏ ဇနီးမယားအဖြစ်ရောင်းစားခံရခြင်းမှ ပြန်လည်လွတ်မြောက်လာခဲ့သော ၁၉ နှစ်အရွယ် နမ့်ခမ်း အမျိုးသမီးငယ်တဦးမှာ သူမကို လူကုန်ကူးခဲ့သူအား အပြစ်ပေး အရေးယူနိုင်ရန်အတွက် အမှုပြန်လည်ရင်ဆိုင်ရန် အလွန်ရှက်ရွံ့နေခဲ့သည်။



ထိုအမည်းစက်တို့ကြောင့် လူကုန်ကူးခြင်းခံရစဉ် ရရှိလာနိုင်သည့် လိင်ပိုင်း ဆိုင်ရာကူးစက်မှုအတွက် ဆေးဝါးကုသမှုခံယူရန်ဆလျှည်း မရှိကြတော့ချေ။ အရှက်တရားကိုကျော်လွှားပြီး ဆေးခန်းသို့ သွားဝံ့သော်လည်း ဆေးကုသရန်အတွက် ဆေးဝါးခရရှိရန်ပင် အလွန်ခက်ခဲလှပါသည်။ HIV ကူးစက် သူများအဖို့ အမည်းစက်မှာ ပိုမိုဆိုးရွားပြီး အချို့ လူမှုအသိုင်းအဝိုင်းများမှာ ယင်းတို့ကို ရပ်ရွာများတွင် ပြန်လည် နေထိုင်ရန် မလက်ခံချင်တော့ချေ။

လူကုန်ကူးခံရခြင်းမှလွတ်မြောက်လာသူ၏ အချို့မိသားစုများမှာ တရုတ်အမျိုးသား နှင့် အတင်းအဓမ္မလက်ထပ်၍ မွေးလာသော ကလေးများကို မိသားစုဝင်အဖြစ် လွယ်လွယ်ကူကူ လက်ခံရန် ခက်ခဲလေ့ရှိပါသည်။ တရုတ် အမျိုးသားနှင့်ဆက်စပ်ပြီး ကလေးမွေးဖွားပေးခဲ့သည်ကို ပတ်ဝန်းကျင်မှ အထင်မြင်သေးမှုများရှိ နေသောကြောင့် ထိုကလေးငယ်များမှာ အမြဲတစေခွဲခြားဖိနှိပ်ခံရပါသည်။


လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသောသူအများအပြားမှာ အများပြည်သူ သွားလာသည့်နေရာများသို့ အလည်သွားရန် (သို့) ရပ်ရာပွဲလမ်းသဘင်များတွင် ပါဝင်ရန်အတွက် စိတ်မသက် မသာ ခံစားကြရပြီး၊ စိတ်ဓါတ်ကျခြင်း၊ တဦးတည်း နေလိုခြင်းများဖြစ်လာသည်။ ထိုဖိအားများအပေါ် ပြန်လည်တုန့်ပြန်မှုအချို့မှာ ယင်းတို့ကိုများစွာထိခိုက်နစ်နာစေပါသည်။ ဥပမာ အချို့သူများမှာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် ပဋိပက္ခထပ်မံ ဖြစ်ပွားရန် ဖန်တီးစေနိုင်သည့် အရက်သေစာများသောက်စား၍ ပြဿနာရှာခြင်း၊ ရာဘာဆေးနှင့် ဘိန်းဖြူများ သုံးစွဲခြင်းတို့ပြုလာကြသည်။


တရုတ်ပြည်သို့ လိင်လုပ်သားအဖြစ် လူကုန်ကူးခံခဲ့ရပြီး ရွာသို့ပြန်ရောက်လာသော ၁၉ နှစ်အရွယ် ပလောင် အမျိုးသမီးငယ်သည် ပတ်ဝန်းကျင်၏ ဝေဖန်ပြစ်တင်မှုများကို များစွာရင်ဆိုင်ခဲ့ရပြီး သူမကိုယ်တိုင် လမ်းဆုံးနေသော သူမ၏ဘဝကို ပြန်လည်တည့်မတ်ရန် မစွမ်းနိုင်တော့သည်ကို ဖြစ်စဉ်တခုတွင်တွေ့ရပါသည်။ ထိုကဲ့သို့သော ပြဿနာများကြောင့် လူကုန်ကူးခံရသော အချို့အမျိုးသမီးများမှာ ယင်းတို့၏ မူလရပ်ရွာသို့ ပြန်မလာဝံ့တော့ပဲ အခြား နေရာဒေသများတွင်သာ နေထိုင်ပြီး ဘဝသစ်ထူထောင်ကြပါသည်။

## *ပလောင်ဒေသမှ ရွှေ့ပြောင်းအလုပ်သမားများ ကြီးမားစွာတိုးပွားလာခြင်း*

နမ့်ခမ်းမြို့နယ်ရှိ မတူညီသောကျေးရွာအုပ်စုမှ လူကုန်ကူးခံရသည့်ဖြစ်စဉ်များ ကောက်ခံခဲ့သောပလောင်ရွာနှစ်ရွာကို PWOမှ အိမ်ထောင်စုစစ်တမ်းကို ၂၀၁၁ ခုနှစ်အစောပိုင်းကာလတွင် သုတေသနပြုခဲ့ပါသည်။ အိမ်ထောင်စုရှိလူဦးရေ၊ နေရပ်စွန့်ခွာပြီး ရွှေ့ပြောင်းအလုပ်လုပ်နေသည့် အိမ်ထောင်စုအရေအတွက်(ယခုလက်ရှိ အိမ်တွင်နေထိုင်ခြင်း မရှိသူများ)၊ ရွှေ့ပြောင်းအလုပ်လုပ်နေသည့် နေရာဒေသ စသည့်အချက်အလက်များကို မေးမြန်းခဲ့သည်။

က–ရွာတွင် အိမ်ထောင်စုပေါင်း ၄၄ စုရှိပြီး မူလလူဦးရေမှာ ၂၆၆ ဦး ရှိသည်။ ထိုအထဲမှ လူဦးရေ ၄၅ ရာခိုင်နှုန်း (သို့) ၁၁၉ ဦး (ကျား ၆၅၊ မ ၅၄ ဦး) မှာ လွန်ခဲ့သည့် ငါးနှစ်ခန့်ကတည်းက အခြားနေရာဒေသအသီးသီးသို့ ရွှေ့ပြောင်းအလုပ်သမား အဖြစ် အလုပ်လုပ်နေကြသည်။








ခ–ရွာတွင် အိမ်ထောင်စုပေါင်း ၃၇ စုရှိပြီး မူလလူဦးရေမှာ ၂၀၉ ဦး ရှိသည်။ ထိုအထဲမှ လူဦးရေ ၃၁ ရာခိုင်နှုန်း(သို့) ၆၄ ဦး (ကျား ၃၁၊ မ ၃၃ ဦး) မှာ လွန်ခဲ့သည့် ငါးနှစ်ခန့်ကတည်းက အခြားနေရာဒေသအသီးသီးသို့ ရွှေ့ပြောင်းအလုပ်သမား အဖြစ် အလုပ်လုပ်နေကြသည်။

ခ–ရွာတွင်ရှိ အိမ်တိုင်းတွင် အနည်းဆုံး မိသားစုဝင် နှစ်ဦးမှာ အခြားနေရာဒေသတွင် အလုပ်လုပ်ခဲ့ဖူးသည်။ က–ရွာတွင်ရှိ အိမ်ထောင်စု နှစ်စုမှလွဲ၍ ကျန်သည့်အိမ်များအားလုံး အခြားနေရာတွင် အလုပ်လုပ်သည့် မိသားစုဝင်များရှိသည်။ ရွှေ့ပြောင်းအလုပ်လုပ်သည့်သူများမှာ အများအားဖြင့် ၁၆ နှင့် ၄၀ နှစ်ကြား အရွယ်များဖြစ်ကြပြီး၊ အသက်ကြီးသူနှင့် ကလေးငယ်များသာရွာတွင် အများစုအဖြစ်ကျန်ရှိနေထိုင်လျှက်ရှိသည်။

တရုတ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်ရှိအခြားဒေသတို့မှာ လူအများဦးတည်ရွှေ့ပြောင်း အလုပ်လုပ်ကြသည့် နေရာဒေသသုံးခုဖြစ်သည်။





*ရွှေလီ ရှိ ကျောက်အရောင်တင် စက်ရုံ*

“ကျမတို့ မြန်မာပြည်မှာ လုပ်အားခ ကောင်းကောင်းရတဲ့ အလုပ်မရှိဘူး။ လက်ဖက်ခြံ လုပ်ငန်းမှာ နေ့လယ်စာ ထမင်းပါ ယူရတာ တောင်တနေ့လုပ်အားခ ၂၀၀၀ ကျပ် အောက်ပဲရတယ်။ အဲဒါ ကျမတို့ မိသားစုအတွက် မလုံလောက်ပါဘူး။ အခု တရုတ် ပြည်မှာ သူဌေးက တနေကုန်ထမင်းကျွေးတယ်၊ လစာကလည်း တလကိုယွမ်ငွေ ၇၅၀ ရတယ်။ ဒါကြောင့် ကျမလုပ်အားခကို စုနိုင်ပြီး ကျမရဲ့ မိသားစုကိုထောက်ပံ့နိုင် ပါတယ်။ ကျမဒီမှာ အလုပ်လုပ် ရတာပျော်တယ်” မူဆယ် မှ အလုပ်သမား

တရုတ်နိုင်ငံရှိ ခြံလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်စက်ရုံများတွင် လုပ်အားခမြင့်မားခြင်းတို့မှာ ရွှေ့ပြောင်းအလုပ်သမားများ လာရောက်ကြရန် ဆွဲဆောင်နေသည့် အဓိကသော့ချက်ပင်ဖြစ်သည်။ တရုတ်အလုပ်သမားများထက် မြန်မာ အလုပ်သမားများကို လုပ်အားခဈေးနိမ့်ပေးသော်လည်း၊ မြန်မာပြည်ရှိ အလုပ်သမားများ၏ လုပ်အားခထက် ပိုမြင့်နေပါသည်။

ရှမ်းနှင့်ကချင်ပြည်နယ်ရှိဒေသများသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများမှာ အဓိကအားဖြင့် ဘိန်းခြံစိုက်ပျိုးသည့် အလုပ်သမားများအဖြစ် လုပ်ကိုင်ကြသည်။ အခြားကျေးရွာများမှာ ဖားကန့်၊ မိုင်းရှုး အစရှိသည့် ကျောက်တွင်းသို့ သွားကြပြီး အလုပ်လုပ်ကြသည်။

“ကျမတို့ရွာမှာ လူတွေ ၂၀၀၀ ကျပ်ပဲလုပ်အားခရတယ်။ ဒါကြောင့်မို့ ပန်ဆေးဒေသက ဘိန်းခြံမှာ အလုပ်သွား လုပ်ကြတယ်။ တရက်ကို အနည်းဆုံး ၃၀၀၀ ကနေ ၄၀၀၀ ကျပ်အကြား ရတယ်” (နမ့်ခမ်း၊ တောင်သူ)

## *လက်ဖက်လုပ်ငန်းအပေါ် အာရုံစူးစိုက်မှုကြီးမားစွာလျော့နည်းလာခြင်း*

“အရင်တုန်းကပိဿာချိန်၁၀၀ထွက်တဲ့လက်ဖက်ခြံဟာအခုဆိုရင်ပိဿာ၆၀ပဲထွက်တော့တယ်။”လက်ဖက်တောင်သူ၊ နမ့်ခမ်းမြို့နယ်။

သုတေသနပြုသည့်ဒေသများတွင် ယခင်က အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်နှစ်တာကာလတွင် လက်ဖက်ဈေးမှာ နေထိုင်စားသောက်ရန် လုံလောက်ခဲ့သော်လည်း၊ စက်ရုံများစွာ ရှိလာပြီးနောက်ပိုင်း လုံလောက်မှုမရှိတော့ပါဟု လက်ဖက်တောင်သူများက ရှင်းပြပါသည်။

၂၀၀၅ ခုနှစ်တွင် PSLA လက်နက်အပ်ပြီးနောက်ပိုင်း အဓိကပြောင်းလဲလာသည့်အရာမှာ မြန်မာစစ်တပ်များ ပလောင်ဒေသအတွင်း အင်အားတိုးချဲ့လာပြီး၊ စစ်အုပ်စုလိုလားသူ ပြည်သူ့စစ်များဖွဲ့စည်းကာ ပလောင်ဒေသကို ထိန်းချုပ်လာကြသည်။ ထို ပြည်သူ့စစ်တပ်ဖွဲ့တို့သည် ကုန်ရောင်းဝယ်ရေး၊ စိုက်ပျိုးကုန်များသယ်ယူပို့ဆောင်ရေး အစရှိသော စီးပွားရေး လုပ်ငန်းများအပေါ် အခွန်များအတင်းအဓမ္မကောက်ခံပိုင်ခွင့်အာဏာ အပ်နှင်းခြင်းခံထားရသဖြင့် ဒေသခံပြည်သူလူထုများအတွက် ကြီးလေးသည့်ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေပါသည်။

နမ့်ဆန်ဒေသတွင်ထွက်ရှိသည့် လက်ဖက်အရည်အသွေးထက် အနည်းငယ်နိမ့်သော နမ့်ခမ်းဒေသထွက် လက်ဖက် ဈေးကွက်များမှာလည်းကျဆင်းနေပါသည်။ ယခင်ကာလများတွင် လက်ဖက်တောင်သူများမှာ မြန်မာနှင့်တရုတ် ဈေးကွက် နှစ်ခုလုံး၌ ရောင်းနိုင်ခဲ့ကြသော်လည်း၊ ရိုးသားမှုမရှိသောကုန်သည်များက လက်ဖက်တွင်အခြားသစ်ရွက်များရောနှော

၍ တရုတ်နိုင်ငံသို့တင်ပို့ခဲ့ကြသည်ကိုတွေ့ရှိပြီးနောက်ပိုင်းတွင် တရုတ်ကုန်သည်များမှာ ၂၀၀၆ ခုနှစ်ဝန်းကျင်မှစတင်၍ ပလောင်လက်ဖက်များဝယ်ယူခြင်းကို ရပ်ဆိုင်းခဲ့သည်။

ထို့ကြောင့် နမ့်ခမ်းလက်ဖက်တောင်သူများမှာ မြန်မာပြည်အလယ်ပိုင်းဈေးကွက်ကိုမှီခိုလာရသည်။ သယ်ယူပို့ဆောင်ရေး စရိတ်မြင့်မားခြင်း၊ ကုန်ပစ္စည်းသယ်ယူရန် ခွင့်ပြုချက်ပါမစ်ဝယ်ယူရခြင်းအပါအဝင် စစ်ဆေးရေးဂိတ်များစွာကို ပေးကမ်းကျော်ဖြတ်နေရခြင်းတို့ကြောင့် လက်ဖက်တောင်သူများကို လက်ဖက်ဈေးနိမ့်ကျခြင်းနှင့်ရင်ဆိုင်နေကြရသည်။

မြန်မာပြည်အောက်ပိုင်းတွင်လည်း လက်ဖက်ဈေးကွက်အားနည်းကျဆင်းလာသည်ကို လက်ဖက်တောင်သူများ ကြုံတွေ့ကြရသည်။ ၂၀၀၈ မေလတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ဒေသခံများမှာ ကြီးမားသည့် ပျက်စီးဆုံးရှုံးမှု၊ ဆင်းရဲငတ်ပြတ်မှုများ ကျယ်ပြန့်နက်ရှိုင်းစွာခံစားခဲ့ရသည်။ ထမင်းပုံမှန်စားနိုင်ရန် အနိုင်နိုင်ရုန်းကန်နေရသည့်အချိန်တွင် လက်ဖက် အပါအဝင် မလိုအပ်သည့်စားသောက်ကုန်များဝယ်ယူခြင်းကို ရပ်ဆိုင်းခဲ့သဖြင့် လက်ဖက်ဈေးကွက်လည်းပျက်ခဲ့ရသည်။

လက်ဖက်များတွင် ဓါတုဗေဒဆိုးဆေး အိုရာမင်းအို ပါဝင်သည်ဟု သံသယရှိပြီး လက်ဖက်ကုန်အမှတ်တံဆိပ် ၁၀၀ ကျော်ကို ၂၀၀၉ ခုနှစ်တွင် စစ်အုပ်စုမှရုတ်တရက်ပိတ်ပင်လိုက်ခြင်းမှာလည်း နမ့်ခမ်းရှိ လက်ဖက်တောင်သူများကိုများစွာဆိုးကျိုး သက်ရောက်စေပါသည်။ ထိုနှစ်တွင် လက်ဖက်ကုန်သွယ်မှုများဆိုးရွားစွာပျက်စီးခဲ့ပြီး ဈေးများလည်း တဟုန်ထိုးကျဆင်းခဲ့ရသည်။

တချိန်တည်းတွင်ပင် အခြားစားသောက်ကုန်ပစ္စည်းများ၏ဈေးနှုန်းမှာလည်း ဆက်တိုက်မြင့်တက်နေပါသည်။ ပလောင်တောင်သူများမှာ စပါးအနည်းငယ်သာစိုက်ပျိုးနိုင်သဖြင့် မြန်မာပြည်အောက်ပိုင်းမှတင်ပို့သောဆန်များကိုသာ မှီခိုနေရသည်။ သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားခြင်းမှာ ဆန်၊ ဆီ၊ ဆား အပါအဝင်အခြားကုန်ပစ္စည်းဈေးနှုန်းများ ကိုမြင့်တက်စေခဲ့သည်။ လက်ဖက်လုပ်ငန်းမှ ဝင်ငွေလျော့နည်းလာခြင်းကြောင့် မိသားစုစားဝတ်နေရေးအတွက်ရေရှည်ပံ့ပိုးရန်မဖြစ်နိုင်တော့သဖြင့် အခြားဝင်ငွေရသည့်အလုပ်ကို ရှာဖွေရန်လိုအပ်လာပါသည်။ ဒေသအတွင်းမှ ရွှေ့ပြောင်းအလုပ်သမားအဖြစ် အလုပ်လုပ်သူများပြားလာပြီး လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကို ပစ်ပယ်သူ တိုးများလာပါသည်။

*“ရွာထဲမှာ အသက်ကြီးတဲ့လူနဲ့ ကလေးပဲကျန်တော့တယ်၊ ဘာဖြစ်လဲဆိုတော့ လူအများက ကိုယ့်နေရပ်ကိုစွန့်ပြီး အခြား နေရာဒေသတွေဆီထွက်ပြီး အလုပ်ရှာကြတယ်လေ”* လက်ဖက်တောင်သူ၊ နမ့်ခမ်းမြို့နယ်။



## *မီးသွေးလုပ်ငန်းဖြင့် ရေရှည်ရပ်တည်ရန်မဖြစ်နိုင်တော့ခြင်း*

နမ့်ခမ်းမြို့နယ်ရှိ ကျေးရွာများမှာယခင်ကတည်းကပင် အခြားဝင်ငွေရရှိရန် မီးသွေးလုပ်ငန်းကို မှီခိုခဲ့ကြသည်။ ထိုရွာများသည် ရွာနီးချုပ်စပ်ရှိ သစ်တောများကိုမီးသွေးဖုတ်ပြီး လောင်စာများစွာလိုအပ်သော တရုတ်ပြည်သို့ ယင်းတို့ကိုယ်တိုင် (သို့) ပွဲစားများမှတဆင့် တရုတ်ပြည်စျေးကွက်သို့ တင်ပို့ကြပါသည်။

သို့သော် မီးသွေးဖုတ်သူ များပြားလာသဖြင့် သစ်တောများ ပိုမိုလိုအပ်လာခြင်းနှင့်အတူ ရွာသားများလည်း မီးသွေး ပိုမိုထုတ်လုပ်ရန်လိုအပ်သောကြောင့် အလွန်ဝေးလံသော တောင်ပေါ်များသို့ သွားရောက်လုပ်ကိုင်ကြရသည်။ ထို့ကြောင့် မီးသွေးဖုတ်သူများမှာ ကုန်ကျစရိတ်ပိုများလာပြီး၊ မီးသွေးသယ်ယူရန်အတွက် စစ်ဆေးရေးဂိတ်များစွာကိုလည်းဖြတ်ကျော် ပေးကမ်းရသည်။ ထို့ကြောင့် ဝင်ငွေရနိုင်သည့် ဖြစ်နိုင်ချေအရင်းအမြစ်မှာ ရေရှည်ခံနိုင်မည်မဟုတ်ပေ။

"အခု မီးသွေးကနေရတဲ့ ဝင်ငွေအရမ်းနည်းလာတယ်။ ဒါဟာ စစ်ဆေးရေးဂိတ်တိုင်းကို အခွန်ဆောင်နေရတာ လည်းပါတယ်၊ ပြီးတော့ တောထဲမှာနေပြီး မီးသွေးဖုတ်တုန်း စားသောက်စရိတ်နဲ့သယ်ယူပို့ဆောင်ရေးစရိတ် အများကြီးကုန်ကျတယ်။ အမြတ်ဘာမှ မကျန်ဘူး။" (နမ့်ခမ်းမှ ၃၈ နှစ်အရွယ် ရွာသားတဦး)

## **ပညာရေးနှင့်ကျန်းမာရေးစရိတ် မြင့်မားခြင်း**

လက်ဖက်တောင်သူများသည် တိုးမြင့်နေသည့်ပညာရေးနှင့်ကျန်းမာရေးစရိတ်ကို လက်လှမ်းမမီနိုင်တော့ကြောင်း စိတ်ပျက်ညည်းညူလေ့ရှိသည်။ ဤအခန်းကဏ္ဍအတွက် အစိုးရမှရံပုံငွေလျော့ချပေးနေသည်မှာ ရှည်ကြာလှပြီဖြစ်သည်။

နမ့်ခမ်းတွင် အစိုးရကျန်းမာရေးပံ့ပိုးမှု အနည်းငယ်သာရှိသည်။ မြို့ပေါ်တွင် ဗဟိုဆေးရုံမှအပ ကျေးလက်တောရွာများတွင် ဆေးခန်းအနည်းငယ်သာရှိသည်။ ရွာပေါင်း ၃၀ ခန့်အတွက် ပျမ်းမျှအားဖြင့် (ကျန်းမာရေးဝန်ဆောင်မှုနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ညံ့ဖျင်းနည်းပါးသည့်) ဆေးခန်းတခန်းသာ ထားရှိပေးသည်။ ဆေးရုံ၊ ဆေးခန်းတိုင်းတွင် ကုသမှုခံယူခဲ့သော ဆေးဝါးနှင့်ကုသမှုအတွက် လူနာကပေးဆောင်ရသည်။ ဆေးကုသမှုစရိတ်မှာကြီးမားလာသဖြင့် ဆေးဖိုးဝါးခ တတ်နိုင်သူများနည်းပါးလာသည်။

"အရင်တုန်းကဆိုရင် ငွေကျပ် ၅၀၀၀၀ (ယူအက်စ်ဒေါ်လာ ၅၀ ခန့်) လောက်ရှိရင် ဆေးရုံတက်ဆေးကုနိုင်တယ်။ အခုတော့ လက်ထဲ ငွေတသိန်းလောက်ရှိတာတောင်ဆေးရုံမသွားနိုင်သေးဘူး။" (နမ့်ခမ်း၊ လက်ဖက်တောင်သူ)

"လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်တုန်းကဆိုရင် ကလေးမွေးတာ ပိုက်ဆံအများကြီးမကုန်ကျဘူး။ အခုတော့ အခြေအနေမတူတော့ဘူး။ ဒီကနေ့ကာလမှာ သာမန် ကလေးမွေးရင် ငွေကျပ် ၂၀၀၀၀ (ယူအက်စ်ဒေါ်လာ ၂၀ ခန့်) ကုန်ပြီး၊ ခွဲစိပ်ပြီးမွေးရင်တော့ အနည်းဆုံးကျပ်ငွေ ငါးသောင်းလောက်ပေးရတယ်။ ရေဖိုး၊ မီးဖိုး အပါအဝင် သူနာပြုအတွက်လည်းပေးရတယ်။ ပြည်သူ့ဆေးရုံဆိုပေမဲ့ ဘာမှအလကားမရဘူး။" (နမ့်ခမ်း၊ လက်ဖက်တောင်သူ)

အစိုးရ၏ပညာရေးပံ့ပိုးမှုမှာလည်း အလားတူ လစ်လျူရှုခံရပြီး၊ နမ့်ခမ်းရှိ ပလောင်ကျေးရွာများတွင် စာသင်ကျောင်းများ၊ ဆရာ/မများ၊ ကျောင်း သင်ထောက်ကူပစ္စည်းများ အထူးရှားပါးပြတ်လပ် လျှက်ရှိသည်။ ရွာအတော်များများတွင် စာသင်ကျောင်း လုံးဝမရှိပဲ၊ ရှိလျှင်လည်း သေးငယ်ခြင်း၊ ဟောင်းနွမ်းခြင်းနှင့် ပြင်ဆင်ရန်လိုအပ်နေပါသည်။ ဆရာ/မများမှာ လစာ အလွန်အကျွံနည်းနေပြီး၊ ဆင်းရဲနွမ်းပါးသည့်ရွာသားများက ဆရာများ၏လစာအတွက် ကူညီပံ့ပိုးပေးရလေ့ရှိပါသည်။

ယခုနှစ်ပိုင်းအတွင်း ပညာရေးစရိတ် ငါးဆကျော် တက်သွားသည်ကို လက်ဖက်တောင်သူက ပြောပြပါသည်။

"၂၀၀၀ ခုနှစ်တုန်းက မူလတန်းကျောင်းသားတယောက်အတွက် ကျောင်းအပ်ရင် ၅၀၀ နဲ့ ၁၀၀၀ ကျပ်အကြားပဲကုန်တယ်။ ဒါပေမဲ့ အခု ပုံနှိပ်စာအုပ်ဖိုးမပါသေးပဲ ကျောင်းအပ်ခတင် ၅၀၀၀ နဲ့ ၁၀၀၀၀ ကျပ်လောက်ကုန်နေတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်တုန်းက ကျောင်းသားတယောက် ငွေ ၁၀၀၀၀ ကနေ ၂၀၀၀၀ ကျပ်လောက် တနှစ်စာကျောင်းစရိတ်ကုန်ပေမဲ့ အခု တသိန်းကျော်တောင်မလောက်ဘူး။ အချိန်ပိုကြေး၊ ကျူရှင်ကြေးနဲ့ အခြားကြေးတွေ ပေးနေရတာ။"
(နမ့်ခမ်း၊ လက်ဖက်တောင်သူ)







အချို့ ရွှေ့ပြောင်းအလုပ်သမားတွေက လစာကောင်း – သူတို့ကြတော့လည်း ရပ်တည်ရေးအတွက် အမှိုက်ပုံကို မွှေနှောက်ရှာဖွေနေကြရပုံ

## *လူကုန်ကူးမှုဖြစ်ပေါ်စေသည့် လူမှုရေးဆိုင်ရာအချက်အလက်များ*

ပလောင်ဒေသမှ ရွှေ့ပြောင်းအလုပ်သမားများ တိုးပွားစေရန် အကြောင်းအရာမြောက်များစွာပါဝင်ပတ်သက်ခဲ့သည်။ မိမိ တို့၏ သုတေသနပြုသူများကလည်း ထိုအချက်အလက်အချို့တို့မှာ လူကုန်ကူးခြင်းခံရနိုင်သည့် အားနည်းချက်များ ပိုမိုတိုးပွား စေသောအကြောင်းချင်းရာအဖြစ် လက်ခံတွေ့ရှိခဲ့သည်။

### *ပညာရေးချို့တဲ့ခြင်း*

မှတ်တမ်းပြုခဲ့သောဖြစ်စဉ်များတွင် လူကုန်ကူးခံရသည့်သူများ၏ ပညာရေးနောက်ခံအခြေအနေမှာ အများစုသည် ပုံမှန် အတန်းကျောင်းပညာရေးကို အနည်းငယ် (သို့) လုံးဝ မသင်ကြားဖူးကြောင်းကို လေ့လာတွေ့ရှိရသည်။ ထိုကဲ့သို့ ပညာရေးနိမ့်ကျကင်းမဲ့နေခြင်းမှာ လူကုန်ကူးခြင်းခံရနိုင်သည့်အားနည်းချက်ပိုများလာစေမည့် အချက်တချက်အဖြစ် ညွှန်းဆိုနေပါသည်။ နမ့်ဆန်မြို့တွင်တွေ့ရသောဖြစ်စဉ်တခုမှာ လူကုန်ကူးသူများသည် ပညာမတတ်သော အမျိုးသမီးငယ် များကိုသာ ဦးတည်ရှာဖွေခဲ့ကြသည်ကို တွေ့ရှိရသည်။ ပညာတတ်သူများဖြစ်လျှင် အိမ်ပြန်နိုင်ရန်အတွက် မည်ကဲ့သို့ ထွက်ပြေးလွတ်မြောက်နိုင်သည်ကို ကြိုးပမ်းသိရှိနိုင်သဖြင့် စိုးရိမ်ကြောက်ရွံ့နေကြပါသည်။

အစောပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း ပညာရေးအခန်းကဏ္ဍတွင် အစိုးရ၏လစ်လျူရှုထားမှုကြောင့် ဆင်းရဲနိမ့်ပါးသည့် မိသားစုများ လက်လှမ်းမှီရန်ခက်ခဲစေသည့်ပညာရေးစရိတ်မြင့်မားနေခြင်းနှင့်အတူ လိင်ခွဲခြားဆက်ဆံမှုတို့ကြောင့် မိသားစုတွင်း စီးပွားရေးကျပ်တည်းနေချိန်တွင် သမီးငယ်များ၏ပညာရေးထက် သားများကိုသာ ဦးစားပေးခြင်းတို့မှာ အမျိုးသမီးများ၏ ပညာရေးအဆင့်နိမ့်ကျရခြင်းဖြစ်သည်။

### *ကျန်းမာရေးဝန်ဆောင်မှု ချို့တဲ့ခြင်း*

ကျန်းမာရေးဝန်ဆောင်မှုတွင် အစိုးရ၏ဘဏ္ဍာရေးသုံးစွဲမှုနိမ့်ကျနေသည်မှာ ကျန်းမာရေးစရိတ်လက်လှမ်းမမှီနိုင်စေ ရန် ပြုလုပ်ထားခြင်းဖြစ်နေပြီး ပြည်သူများကို လူကုန်ကူးသူများလက်ထဲသို့ တွန်းပို့သကဲ့သို့ ဖြစ်နေသည်။ ကောက်ယူ သိမ်းဆည်းခဲ့သည့် လူကုန်ကူးမှုဖြစ်စဉ်တခုတွင် ကင်ဆာရောဂါခံစားနေရသော အမျိုးသမီးတဦးမှာ ဆေးကုသမှုခံယူရန် ငွေကြေးလိုအပ်သည့်အတွက် သူမ၏ ၁၇ နှစ်အရွယ်သမီးငယ်ကို တရုတ်ပြည်တွင် အလုပ်လုပ်ရန် စေလွှတ်ခဲ့သည်။

ထိုအမျိုးသမီး၏ အတွေ့အကြုံကို ပြန်ပြောပြသည်မှာ–

> "ကျမမှာ ကင်ဆာရောဂါရှိတဲ့အတွက် ဆေးကုသဖို့ ငွေလိုပါတယ်။ မိုင်းဂ– က သူ့ရဲ့အစ်မနဲ့အတူအလုပ်လုပ်ဖို့ ကျမရဲ့ သမီးလက်ခံမယ်ဆိုရင် ကျမရဲ့ဆေးကုသစရိတ်အတွက် သူငွေပေးမယ်လို့ ပြောပါတယ်။ စက်တင်ဘာလ ၂၈ ရက်မှာ ကျမနဲ့သမီးကို နမ့်ခမ်းကိုခေါ်သွားတယ်၊ ဒါပေမဲ့ ကျမကို ဆေးရုံချက်ချင်းမပို့သေးဘူး။ ကျမရဲ့သမီး အတွက် အလုပ်ရှာတွေ့တာနဲ့ ကျမကို ဆေးရုံပို့ပေးမယ်လို့ မိုင်းဂ–ပြောတယ်။ ၂၀၀၉ အောက်တိုဘာလ ၁ ရက်နေ့မှာ သူ ကျမရဲ့သမီးကို သူ့အမနဲ့အတူအလုပ်လုပ်ဖို့ တရုတ်ပြည် ချင်းဟောင် ကိုခေါ်သွားတယ်။ သူ ပြန်လာပြီးတဲ့နောက် ကျမကို ယွမ်ငွေ ငါးရာ ဆေးဖိုးပေးပြီး နောက်လိုရင်လည်းထပ်ပေးမယ်လို့ ကျမကိုပြော ခဲ့တယ်။ နောက်ပိုင်း ဆေးဖိုးလိုလို့တောင်းတော့ ကျမကို ငွေနဲနဲလေးပဲပေးတော့တယ်။ ပြီးတော့ ဒီငွေတွေဟာ ကျမသမီးရဲ့ လုပ်အားခတွေလို့ပြောပြပါတယ်။ နောက်တော့ ကျမလည်း တခုခုတော့ မှားနေပြီလို့ သံသယ ရှိလာတာနဲ့ ကျမသမီးကို ပြန်ခေါ်လာဖို့တောင်းဆိုပေမဲ့ မိုင်းဂ– ကပြန်မခေါ်ပေးခဲ့ဘူး။ ကျမကို သမီးလေးရှိရာ ပို့ပေးဖို့ပြောတော့ သူ့အမအိမ်ကို ကျမကိုခေါ်သွားခဲ့တယ်။ သူ့အမက –နင့်သမီး ဒီမှာ မရှိဘူး၊ နင်သမီးကို ဒီမှာနေဖို့ ကျမရဲ့မောင် မခေါ်လာပါဘူး–လို့ပြောပြီး ကျမတို့ သူ့အိမ်ကိုရောက်တာနဲ့ သူရှောင်ပြေး သွားခဲ့ တယ်။ ကျမလည်းဘာလုပ်ရမှန်းမသိဘူး။ ကျမ နမ့်ခမ်းမြို့နယ်ကိုပြန်မလာခင် မိုင်းဂ–ရဲ့ ဆွေမျိုးအိမ်မှာ တည်းခိုပြီး အနားယူခဲ့တယ်။ ကျမသမီးရဲ့အဖြစ်အပျက်တွေကို သူ့ဆွေမျိုးတွေကို ပြောပြခဲ့တယ်။ မိုင်းဂ– ရဲ့ ဆွေမျိုးတွေကလည်း သူတို့မောင်နှမ နှစ်ယောက် လူကုန်ကူးနေတယ်လို့ သံသယရှိကြတယ်။ မိုင်းဂ– ဆွေမျိုး တွေက –သူတို့မောင်နှမတွေက လူကုန်ကူးနေတယ်၊ နှစ်ယောက်စလုံးအိမ်ကနေထွက်သွားတာလည်း ကြာပြီ–လို့ ကျမကိုပြောတယ်။ လူကုန်ကူးတဲ့သူ နှစ်ယောက်က ကျမရဲ့သမီးကို ယွမ်ငွေ ၂၅၀၀၀ နဲ့ရောင်းခဲ့တဲ့ အကြောင်း ကျမသိရတယ်။ ကျမသမီးကိုပြန်ရှာဖို့ တရုတ်ပြည်ကို ထပ်တခေါက်သွားခဲ့ပေမဲ့ မိုင်းဂ–နဲ့သူ့အမက အရင်တုန်းကနေရာမှာမနေကြတော့ဘူး၊ အိမ်ပြောင်းသွားကြပြီ။ ကျမရဲ့သမီးလေးကို သူတို့ ဘယ်နေရာ ဘယ်ဒေသမှာ လူကုန်ကူး ရောင်းစားခဲ့သလဲဆိုတာ ကျမ မသိသေးပါဘူး။"

## မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် သုံးစွဲမှု တိုးမြင့်လာခြင်း



ပလောင်ဒေသတွင် မူးယစ်ဆေးဝါးသုံးစွဲသူ တိုးပွားလာခြင်းမှာ လူကုန်ကူးမှုပြဿနာဖြစ်ပေါ်စေသည့် တိုက်ရိုက်အခြေခံ အကြောင်းတရားတရပ်ဖြစ်သည်။ ဖြစ်စဉ်များစွာတွင် ကလေးငယ်များသည် မူးယစ်ဆေးဝါးသုံးစွဲသည့် ဖခင်တို့၏ရောင်းစားခြင်းကို ခံခဲ့ကြရသည်။ နမ့်ခမ်းမြို့ရှိ မူးယစ်ဆေးစွဲနေသူ အသက် ၄၅ နှစ်အရွယ်အမျိုးသားတဦးသည် ဘိန်းဝယ်ရန်အတွက် သူပိုင်ဆိုင်သမျှပစ္စည်းကို ရောင်းစားခဲ့ပြီး နောက်ပိုင်းတွင် ၂၅ နှစ်အရွယ်သူ၏သမီးနှင့် တနှစ်အရွယ် တူလေးကို တရုတ်ပြည်သို့ရောင်းစားပြီး မူးယစ်ဆေးဝါးဝယ်ရန် ငွေရှာခဲ့သည်။ ၄၈ နှစ်အရွယ်မူးယစ်ဆေးဆွဲသူ အခြားအမျိုးသား တဦးကလည်း သူ၏ ၁၂ နှစ်အရွယ် သားငယ်ကို တရုတ်ပြည်သို့ ရောင်းစားခဲ့သည်။

ပလောင်အမျိုးသမီးအစည်းအရုံးမှ ထုတ်ဝေခဲ့သည့် အစီရင်ခံစာများတွင်ဖော်ပြခဲ့သည့်အတိုင်း လက်ဖက်ဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် ဘိန်းစိုက်ပျိုးခြင်းသည် လက်ဖက်လုပ်ငန်းထက် ပို၍အမြတ်များသောလုပ်ငန်းဖြစ်လာပြီး၊ ယခုအချိန်တွင် လက်ဖက်တောင်သူအများစုမှာ ဘ၀ ရှင်သန်နိုင်ရန်အတွက် ဘိန်းစိုက်ပျိုးလာခဲ့ကြသည်။ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ ဥစ္စာပစ္စည်းများပျောက်ဆုံးခြင်းနှင့်အခြားမူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် ပြဿနာများတိုးမြင့်လာပြီး ပလောင်ဒေသကို အလွန် အန္တရာယ်ပြုသည့်အဆင့်အထိ ဆက်တိုက်ဆိုးကျိုးသက်ရောက်စေခဲ့ပါသည်။ ပလောင်ဒေသရှိ ကျေးရွာတိုင်းတွင် ဘိန်းဖြူ၊ ရာဘနှင့် ဘိန်းမဲပမာဏ အဆမတန်တိုးတက်များပြားနေပါသည်။ ရွာများတွင် မူးယစ်ဆေးဝါး အလွယ်တကူ ဝယ်ယူရရှိနိုင်သဖြင့် လူငယ်အများအပြားအပါအဝင် လူဦးရေ ၈၀ ရာခိုင်နှုန်းမှာ မူးယစ်ဆေးဝါးသားကောင်များ အဖြစ်သို့ သက်ဆင်းပျက်စီးလျက်ရှိသည်။ မူးယစ်ဆေးဝါးရောင်းသူများမှာ ဒေသခံအာဏာပိုင်များ၊ စစ်တပ်ဖွဲ့၊ ပြည်သူ့စစ် ခေါင်းဆောင်တို့နှင့် တနည်းနည်းဖြင့် ပတ်သက်ဆက်နွယ်နေသောကြောင့် မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း ကြောင့် ယင်းတို့အား မည်သည့် ဆန့်ကျင်အရေးယူခြင်းမျှ မပြုလုပ်နိုင်ချေ။[၃၃]

ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့်ရောင်းဝယ်ခြင်း ပြဿနာများ တိုးပွားလာသကဲ့သို့ အမျိုးသမီးနှင့်ကလေးငယ်များအပေါ် ဆိုးကျိုးများသက်ရောက်မှုမှာလည်း များပြားလာသည်။ မူးယစ်ဆေးသုံးစွဲခြင်းကြောင့် မူးယစ်ဆေးဝါးဝယ်ရန်အတွက် ပိုင်ဆိုင်သည့်ပစ္စည်းအားလုံးကိုရောင်းချသည့်အပြင် အိမ်တွင်းအကြမ်းဖက်မှုများကိုလည်း ပိုမိုကျူးလွန်လာတတ်သည်။ PWO ကောက်ခံရရှိသော လူကုန်ကူးမှုဖြစ်စဉ် တခုတွင် အိမ်တွင်းအကြမ်းဖက်မှုခံစားနေရသော အမျိုးသမီးတဦးသည် သူမ၏ကလေးကို ထိုအကြမ်းဖက်ခံရမှုမှ လွတ်မြောက်လိမ့်မည်ဟု ယုံကြည်သည့်အတွက် သူမ၏ ကလေးကို အခြားသူထံရောင်းစားခဲ့သည်။

လင်ယောကျ်ားအပေါ် မယားကောင်းတယောက်အဖြစ် ပြုမူနေထိုင်းခြင်းမရှိခြင်းကြောင့် လင်ယောကျ်ား မူးယစ်ဆေးဝါးသုံးစွဲနေခြင်းဖြစ်သည်ဟု ဒေသခံပတ်ဝန်းကျင်က ရှုံးရာဝလေ့ထုံးစံယုံကြည်မှုအရ အမျိုးသမီးကိုသာ အပြစ်ဖို့တတ်ကြသည်။ ပလောင်အမျိုးသမီးများသည် ထိုအမည်းစက်ဖြင့်ရှုန်းကန်နေရသကဲ့သို့ ယောကျ်ားများဘိန်းစွဲနေစဉ် မိသားစုတခုလုံး၏ စားဝတ်နေရေးတာဝန်အားလုံးအတွက် တဦးတည်း ငွေရှာဖွေရှင်းကြရသည်။ ဤသို့ဖြင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် ဘိန်းစိုက်ပျိုးမှု များပြားလာခြင်းတို့သည် ပလောင်အမျိုးသမီးများကို အခြားဒေသများသို့ အလုပ်ထွက်ရှာရန် ဖိအားတခု ဖြစ်စေပြီး၊ ထိုသို့ဖြစ်ရခြင်းကြောင့် ယင်းတို့ကို လူကုန်ကူးခံရနိုင်သည့် အန္တရာယ်စက်ကွင်းသို့ တွန်းပို့လိုက်ခြင်းပင် ဖြစ်ပေသည်။

မူးယစ်ဆေးဝါးပြဿနာကြောင့် လူမှုရေးဆိုင်ရာဆိုးကျိုးများဖြစ်ပေါ်စေသော်လည်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုကြောင့် စစ်အုပ်စု၏ နိုင်ငံရေးနှင့်စီးပွားရေးတို့အတွက် အကျိုးအမြတ်များရရှိနေသဖြင့် ပလောင်ဒေသတွင်ဖြစ်ပေါ်နေသော ဘိန်း စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း ပြဿနာများကို ထိရောက်စွာကိုင်တွယ်တားဆီးခြင်း၊ ဖြေရှင်းပေးခြင်း များပြုလုပ်ရန် ပျက်ကွက်နေလျှက်ရှိသည်။

## နိဂုံးနှင့် အကြံပြုချက်များ

ဤအစီရင်ခံစာသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပလောင်ဒေသတွင် ရွှေ့ပြောင်းအလုပ်သမားအဖြစ် အလုပ်ထွက်လုပ်သူ လူဦးရေ များပြားလာခြင်းနှင့် မြန်မာပြည်၏လက်ရှိ စီးပွားရေးအကျပ်အတည်းတို့ကြောင့် လူကုန်ကူးမှုပြဿနာများ ကြီးထွားလာနေသည်ကို သက်သေဖော်ပြလျှက်ရှိသည်။ ယခုကဲ့သို့ နေရာရွှေ့ပြောင်းနေထိုင်ခြင်းသည် တိုင်းရင်းသား ဒေသများကို စစ်အင်အားဖြင့်တင်းကြပ်စွာထိန်းချုပ်ထားသည့် စစ်အုပ်စုပေါ်လစီ၏ တိုက်ရိုက်အကျိုးရလာဒ်ဖြစ်သည်။ စစ်တပ်ဖွဲ့အင်အားနှင့် စစ်တပ်လက်အောက်ခံ ပြည်သူ့စစ်အင်အား အရေအတွက်များလာခြင်းသည် စိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့အပေါ် ကန့်သတ်မှုများ၊ အကောက်ခွန်များတိုးမြှင့်စေရန် သွတ်သွင်းနေခြင်းဖြစ်ပြီး၊ ရိုးရာ လက်ဖက်လုပ်ငန်းကို လည်မျိုညစ်သကဲ့သို့ အကျပ်အတည်းဆိုက်စေပါသည်။ ထိုထိန်းချုပ်မှုများသည် မြန်မာပြည် အလယ်ပိုင်းမှဝင်ရောက်လာသည့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်စေပြီး၊ အစိုးရထောက်ပံ့မှုနိမ့်ကျသော ကျန်းမာရေးနှင့်ပညာရေး ကုန်ကျစရိတ်များကိုလည်းမြင့်တက်စေပါသည်။ ထိုကဲ့သို့ ကုန်ကျစရိတ်များမြင့်တက်ခြင်း ကြောင့် လက်ဖက်တောင်သူပလောင်လူမျိုးတို့မှာ လက်ဖက်လုပ်ငန်းဖြင့် ရေရှည်ရပ်တည်နေထိုင်ရန် မဖြစ်နိုင်တော့ပဲ လူငယ်များမှာ ဘဝရပ်တည်ရေးအတွက် နေအိမ်မှစွန့်ခွာပြီး အခြားနေရာဒေသတွင် အလုပ်လုပ်လာကြရသည်။

မြန်မာစစ်တပ်ဖွဲ့နှင့်ယင်းတို့၏ပြည်သူ့စစ်များမှာ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းမှ အကျိုးအမြတ်များရရှိနေသဖြင့် ပလောင် ဒေသတွင် ဘိန်းစိုက်ပျိုးမှု ပိုမိုတိုးပွားလာပါသည်။ ဆင်းရဲမွဲတေမှုနှင့် မူးယစ်ဆေးဝါးအလွဲသုံးစားမှုများလည်း မြင့်တက်စေခဲ့ ပြီး၊ လူကုန်ကူးမှုများဖြစ်စေရန်အတွက် တိုက်ရိုက်ပင့်တင်အားဖြည့်စေခဲ့သည်။

နိုဝင်ဘာလ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း အခြေအနေများပိုဆိုးရွားလာသည်ကို တွေ့ရှိရသည်။ နမ့်ခမ်း မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည့် နာမည်ကြီးမူးယစ်ရာဇာ ပန်ဆေးကျော်မြင့် အပါအဝင် မြန်မာစစ် အုပ်စုတို့၏ လက်ဝေခံများကို ပလောင်ဒေသတွင် အနိုင်ရရှိစေရန် ပြုလုပ်ထားခဲ့ကြသည်။ စစ်တပ်အုပ်စိုးမှု ဆက်လက် ကြီးထွား လျှက်ရှိပြီး၊ အပစ်အခတ်ရပ် တိုင်းရင်းသားတပ်ဖွဲ့များကို ထိုးစစ်ဆင်တိုက်ခိုက်မှုအသစ်များပြုလုပ်လာခြင်းကြောင့် ရှမ်းပြည်မြောက်ပိုင်းတွင် စစ်မီးငွေ့များ တဖန်ပြန်လည် တောက်လောင်လာနေပါသည်။ ပါလီမန်လွှတ်တော်သစ် ခေါ်ယူကျင်းပခဲ့သော်လည်း ပညာရေးနှင့်ကျန်းမာရေး အသုံးစရိတ်ထက်ကျော်လွန်ပြီး စစ်အသုံးစရိတ်ကို ဦးစားပေး သုံးစွဲရန် နိုင်ငံတော် ဘတ်ဂျက်ချမှတ်ခဲ့သည်။

လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းအလုပ်သမားကိစ္စများကို လက်ငင်းကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အခြေခံကျသည့် နိုင်ငံရေးစံနစ် ပြုပြင်ပြောင်းလဲခြင်းများပြုလုပ်ရန် လိုအပ်လျှက်ရှိပါသည်။

ထို့ကြောင့် ပလောင်အမျိုးသမီးအစည်းအရုံးမှ အောက်ပါတောင်းဆိုချက်များကို တောင်းဆိုအကြံပြုလိုက်ပါသည်။

စစ်တပ်လက်အောက်ခံ အစိုးရ အနေဖြင့် –

- စစ်မှန်သောငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိရန်အတွက် စစ်တပ်လက်အောက်ခံအစိုးရ အနေဖြင့် ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုများနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ချက်ချင်း ပြုလုပ်ရန်။
- တပြည်လုံးအတိုင်းအတာဆောင်သည့် အပစ်ခတ်ရပ်စဲရေးများပြုလုပ်ပြီး၊ တိုင်းရင်းသားဒေသများတွင် ထိုးစစ်ဆင် နေခြင်းများကို ချက်ချင်းရပ်တန့်ရန်။
- လူကုန်ကူးခြင်းများ ဖြစ်ပွားရသည့် အဓိကအရင်းအမြစ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လူကုန်ကူးမှု တိုက်ဖျက် ရေး ပေါ်လစီများကို ပြန်လည်သုံးသပ်ရန်။
- လူကုန်ကူးခံရသူများကို ကူညီနေသူများအပါအဝင် လူထုအခြေပြုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများအပေါ် ချမှတ် ထားသည့် ကန့်သတ်မှု အားလုံးကို ရုပ်သိမ်းရန်။

နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် –

- ဒီမိုကရေစီမဆန်သော စစ်တပ်ကျောထောက်နောက်ခံပြုထားသည့်အစိုးရကို အသိအမှတ်မပြုရန်။
- မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးကိုဦးတည်စေမည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ စတင် နိုင်ရန်အတွက် စစ်တပ်လက်အောက်ခံအစိုးရကို ပိုမိုဖိအားပေးရန်။

အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများ INGOs နှင့် NGOs အနေဖြင့် –

- မြန်မာပြည်တွင်းတွင် ကူညီထောက်ပံ့ပေးနေသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်းများ၏ ထိရောက်မှုကို သုံးသပ် ရန်နှင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိ/မရှိကို သေချာစွာကြီးကြပ်ရန်။
- လူကုန်ကူးခံရခြင်းကြောင့် ထိခိုက်နစ်နာသူများကို တိုက်ရိုက်ကူညီနေသည့် နယ်စပ်ဖြတ်ကျော် အလုပ်လုပ်နေသူများ အပါအဝင် လူထုအခြေပြု အဖွဲ့အစည်းများကို ပိုမိုထောက်ပံ့ပေးရန်။

တရုတ်အစိုးရ အနေဖြင့် –

- စစ်တပ်လက်အောက်ခံအစိုးရအား စီးပွားရေးနှင့်သံတမန်ရေးအရ ကူညီထောက်ခံနေခြင်းကြောင့် တရုတ်ပြည်တွင်း သို့ ကြီးမားသောရွှေ့ပြောင်းအလုပ်သမားများ၊ လူကုန်ကူးမှုများ စီမ့်ဝင်နေခြင်းနှင့် မြန်မာပြည်သူလူထုများအား ဆင်းရဲမွဲတေမှုနှင့် ပဋိပက္ခအတွင်းသို့ ဆက်လက်ကျရောက်နေစေမည့် မူဝါဒများဖြစ်ပေါ်စေခြင်းတို့ကြောင့် ထိုကဲ့သို့ ထောက်ခံနေမှုများကို ပြန်လည်သုံးသပ်ပေးရန်။

ဒေသခံပြည်သူလူထုများအနေဖြင့် –

- လူကုန်ကူးခံရသူများ၏ ဘဝပြန်လည်တည်ဆောက်နိုင်ရန်အတွက် ထွက်ပြေးလွတ်မြောက်လာသူများကို လိုအပ် သည့်ကူညီစောင့်ရှောက်မှုများ ပံ့ပိုးပေးရန်နှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်းသို့ ပြန်လည်လက်ခံပေးရန်။

## နောက်ဆက်တွဲ – ၁ ရွေးချယ်ထားသည့် ဖြစ်စဉ်များ

### ဖြစ်စဉ် ၁၃

လူကုန်ကူးမှု ဖြစ်ပွားခဲ့သည့် နေ့ရက် – နိုဝင်ဘာလ ၂၀၀၄ ခုနှစ်
လူကုန်ကူးမှု ဖြစ်ပွားရာ နေရာ – နမ့်ဆန်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း
လူကုန်ကူးမှု ဦးတည်ရာပန်းတိုင် – တရုတ်နိုင်ငံ

ကုန်ကူးခံရသူများ – လွေးဆ–၊ ပလောင်အမျိုးသမီး၊ ၁၈ နှစ်
လွေးဇ–၊ ပလောင်အမျိုးသမီး၊ ၁၈ နှစ်

လူကုန်ကူးသူ – မိုင်းက–၊ ပလောင်အမျိုးသား၊ ၂၃ နှစ်


ကျေးရွာများတွင် လက်ဖက် ပြင်ဆင်နေကြစဉ်

မိုင်းက– နမ့်ဆန်မြို့နယ်ရှိ ၁၈ နှစ်အရွယ်မိန်းကလေးနှစ်ဦးကို တရုတ်ပြည် နယ်စပ်မိုင်းမော်မြို့သို့ သူနှင့်အတူလိုက်ခဲ့ရန် ပြောခဲ့သည်။ တရုတ်ပြည်သို့ရောက်လျှင် အလုပ်ရှာပေးမည်ဟုပြောသဖြင့် မိန်းကလေးနှစ်ဦးကလည်း သူနှင့်အတူလိုက်သွားရန် သဘောတူခဲ့သည်။ ရွာတွင်ရှိသော လူ အများစုကဲ့သို့ပင် သူတို့မှာ လည်း အလုပ်လက်မဲ့ဖြစ်နေပြီး မိသားစုကို လုံလောက်စွာ ထောက်ပံ့ရန် ငွေရှာလိုကြသည်။ အချို့ မိသားစုများမှာ လက်ဖက်ခြံ ပိုင်ဆိုင်ကြသော်လည်း၊ စစ်အုပ်စု က လက်ဖက်ဈေးကွက်ကိုထိန်း ချုပ်ထားပြီး၊ အခြားကုန်ဈေးနှုန်း မှာမူ မြင့်တက်နေသောကြောင့် စီးပွားရေး အတွက် အလွန်ထိခိုက်နစ်နာနေပါသည်။ ထို့ကြောင့် ရွာတွင်ရှိသော လူအများစုက လက်ဖက်လုပ်ငန်းဖြင့် ဆက်လက်ရပ်တည်ရန် ခက်ခဲလာပြီး ဝင်ငွေပိုရနိုင်သည့်အခြားနေရာဒေသသို့ ထွက်ပြီးအလုပ်လုပ်ကြပါသည်။

မိုင်းက– တို့လင်မယားမှာ မိုင်းမော်တွင်နေထိုင်ပြီး မိန်းကလေးနှစ်ယောက် ရောက်ရှိလာသောအခါ နေအိမ်အပြင်ဘက်သို့ ပေးမထွက်တော့ပါ။ မိုင်းက–၏ အမျိုးသမီးသည် ထိုမိန်းကလေးနှစ်ဦးကို သူမ၏အကိုမှတဆင့် တရုတ်ပြည်သို့ ရောင်းစားခဲ့သည်။ မိုင်းက– သည် ကျေးရွာများရှိ အမျိုးသမီးငယ်များကို လူကုန်ကူးသည့်အလုပ်ကို ဆက်လက်လုပ်ကိုင်နေပြီး လူအများစုမှာလည်း သူ့ကို လူကုန်ကူးသူအဖြစ် သိရှိကြသည်။ ထိုမိန်းကလေးငယ်များ၏ မိဘများက သူတို့သမီးငယ်များ ၏ အကြောင်းကိုသိရှိရန် မေးမြန်းသောအခါ မိုင်းက–က သမီးငယ်များမှာ တရုတ်ပြည်ရှိ စက်ချုပ်လုပ်ငန်းတွင် အလုပ်လုပ် နေသည်ဟု ဖြေကြားခဲ့သော်လည်း မိန်းကလေးများ၏ မိဘတို့က မယုံကြည်ကြချေ။ မိဘများမှာ မိုင်းမော်ရှိ သူတို့၏ နေရပ်လိပ်စာကိုသိရှိထားသဖြင့် လိုက်သွားသောအခါ ထိုနေရာတွင်မရှိကြတော့ပဲ အခြားနေရာသို့ပြောင်းရွှေ့သွားခဲ့သည်။ ထိုနောက် ယင်းတို့၏ သမီးငယ်များမှာ လူကုန်ကူးခံရကြောင်း အသေအချာ သိရှိခဲ့ရပြီး၊ ရွာသူကြီးက မိုင်းက–တို့ လင်မယားကိုဖမ်းဆီးရန်အမိန့်ပေးခဲ့သော်လည်း၊ သူတို့လင်မယားနှစ်ဦးမှာ အဖမ်းခံရမည်ကိုစိုးရိမ်ပြီး ရွာသို့ပြန်မလာတော့ချေ။

## ဖြစ်စဉ် ၁၇

လူကုန်ကူးမှု ဖြစ်ပွားခဲ့သည့် နေ့ရက် – ၂၀၀၄ ခုနှစ်
လူကုန်ကူးမှု ဖြစ်ပွားရာ နေရာ – နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း
လူကုန်ကူးမှု ဦးတည်ရာပန်းတိုင် – ကူမင်း၊ တရုတ်နိုင်ငံ

ကုန်ကူးခံရသူများ – လွေးက–၊ ပလောင်အမျိုးသမီး၊ ၂၃ နှစ်
လွေးခ–၊ ပလောင်အမျိုးသမီး၊ ၂၀ နှစ်
လွေးဂ–၊ ပလောင်အမျိုးသမီး၊ ၂၀ နှစ်
လွေးဃ–၊ ပလောင်အမျိုးသမီး၊ ၂၁ နှစ်
လွေးင–၊ ရှမ်းအမျိုးသမီး၊ ၂၀ နှစ်
လူကုန်ကူးသူ – လွေးစ–၊ ရှမ်းအမျိုးသမီး၊ အသက်မသိ

၂၀၀၄ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ပလောင်အမျိုးသမီးလေးဦးနှင့် ရှမ်းအမျိုးသမီး တဦး တရုတ်ပြည်သို့ လူကုန်ကူးခြင်းခံခဲ့ရသည်။ ပလောင်ဒေသစီးပွားရေးအခြေအနေကြောင့် ထိုအမျိုးသမီးငယ် ငါးဦးက အခြားမြို့ရွာတွင် အလုပ်လုပ်ရန်အတွက် ဆုံးဖြတ်ချက်ချပြီး ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ အလုပ်ရှာနေစဉ်ကာလအတွင်း တရုတ်နိုင်ငံ ကူမင်းမြို့တွင် လိမ္မော် နှင့်ကြံခြံတို့တွင် အလုပ်သမားများစွာလိုအပ်နေသည်ဟု ပြောသော အမျိုးသမီးတဦးနှင့်တွေ့ဆုံခဲ့သည်။ သူမနှင့် တရုတ်ပြည်သို့လိုက်လျှင် အလုပ်ရရှိရန်အတွက်တာဝန်ယူမည်ဟု အမျိုးသမီးငယ် ငါးဦးကို ကတိပေးသဖြင့် သူမနှင့် ခရီးထွက်ခဲ့ကြသည်။ သို့သော် တရုတ်အမျိုးသားများ၏ ဇနီးမယားအဖြစ် သူတို့အားလုံးကို လွေးစ– ရောင်းစားခဲ့သည်။ အမျိုးသမီးငါးဦးတို့ အိမ်ပြန်လာလည်ခြင်းမရှိသည့်အချိန်တွင် ထိုအမျိုးသမီးများ၏ မိဘတို့က လွေးစ–ကို စတင်ရှာဖွေခဲ့ကြသည်။ နောက်ပိုင်းတွင် သူမမှာ လူကုန်ကူးသူတယောက်ဖြစ်ပြီး၊ သူတို့၏သမီးငယ်များကိုလည်း ရောင်းစားခဲ့ပြီးကြောင်းကိုရှာဖွေတွေ့ရှိခဲ့သည်။ ရွာသားများက လွေးစ–ကို ဖမ်းဆီးချင်အရေးယူချင်သည်ကို ကြားသိရ၍ ထိုရွာသို့ သူမ ပြန်မလာတော့ချေ။ လွေးစ–သည် သူမ၏အမျိုးသားနှင့်အတူ တရုတ်ပြည်တွင် နေထိုင်လျှက်ရှိသည်။

## ဖြစ်စဉ် ၃၂

လူကုန်ကူးမှု ဖြစ်ပွားခဲ့သည့် နေ့ရက် – မေလ ၂၀၀၇ ခုနှစ်
လူကုန်ကူးမှု ဖြစ်ပွားရာ နေရာ – ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း
လူကုန်ကူးမှု ဦးတည်ရာပန်းတိုင် – မသိ

ကုန်ကူးခံရသူများ – လွေးခခ–၊ ပလောင်အမျိုးသမီး၊ ၂၂ နှစ်
လွေးဂဂ–၊ ပလောင်အမျိုးသမီး၊ ၁၇ နှစ်

လူကုန်ကူးသူ – လွေးဃဃ–၊ အမျိုးသမီး၊ ၃၅ နှစ်

လွေးခခ–သည် လွေးဃဃ–နှင့်အတူ အလုပ်ရှာရန်အတွက် သူမအမေ၏ခွင့်ပြုချက်ဖြင့် မေလ၂၀၀၇ ခုနှစ်တွင် အိမ်မှထွက်ခွာခဲ့သည်။ သို့သော် လည်း သူမမှာ လူကုန်ကူးခြင်းခံခဲ့ရပြီး၊ တရုတ်အမျိုးသားနှင့် အတင်းအဓမ္မလက်ထပ်ရန် စေခိုင်းခံခဲ့ရသည်။ လွေးခခ– သည် လွေးဃဃ–နှင့်အတူ ထွက်သွားစဉ်က သူမတို့မည်သည့်နေရာဒေသသို့ သွားကြသည်ကို သူမ၏မိဘများက တိတိကျကျ မသိရှိကြချေ။ မူဆယ်မြို့မှနေ၍ လေးငါးရက်ခန့် ဆက်သွားမှ ယင်းတို့၏ သမီးငယ် အလုပ်လုပ်သည့်နေရာသို့ ရောက်ရှိနိုင်သည်ကိုမူ သိရှိကြသည်။ လေးခခ– ကိုရောင်းစားမည့်နေရာသို့ ရောက်ရှိသွားသည့် အချိန်တွင် လူငယ် ခပ်ချောချော တဦးနှင့် လက်ထပ်လိုက်ပြီဖြစ်ကြောင်းနှင့် ထိုလူငယ်နှင့်အတူတွဲရိုက်ထားသည့် ဓါတ်ပုံနှင့်အတူ ကျပ်ငွေသုံးသိန်းခွဲ (အမေရိကန်ဒေါ်လာ ၄၂၈) ကို သူမ၏ မိဘထံသို့ ပို့ပေးခဲ့သည်။ အမှန်စင်စစ်မှာမူ လိမ်လည်ခြင်းသာဖြစ်ပြီး အသက်ကြီးသော တရုတ်အမျိုးသားတဦးနှင့် အတင်းအဓမ္မလက်ထပ်ခိုင်းခြင်းဖြစ်သည်။ သူမ၏ မိဘမှာလည်း သမီးငယ် လူကုန်ကူးခံရခြင်းကို မသိရှိပဲ ငွေပို့ပေးသည့်အတွက် ကျေးဇူးတင်ခဲ့ကြသည်။ ဇူလိုင် ၂၀၀၈ ခုနှစ် တွင် လွေးဃဃ–က လွေးခခ–၏ ညီမဖြစ်သူ လွေးဂဂ–ကို အလုပ်ရှာပေးရန်အတွက် ထပ်မံခေါ်ဆောင်သွားခဲ့သည်။ ယခု တကြိမ်တွင်မူ သမီးငယ်များ၏မိခင်မှာ မည်သည့်သတင်းအချက်အလက်မျှ မရရှိတော့သည့်အပြင် သမီးငယ်များ လူကုန်ကူးခံရပြီဟု သိရှိပြီးနောက်ပိုင်း သမီးငယ်များနှင့်လည်း အဆက်အသွယ်မရရှိတော့ချေ။

## ဖြစ်စဉ် ၆၉

လူကုန်ကူးမှု ဖြစ်ပွားခဲ့သည့် နေ့ရက် – စက်တင်ဘာ ၂၀၁၀ ခုနှစ်
လူကုန်ကူးမှု ဖြစ်ပွားရာ နေရာ – နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း
လူကုန်ကူးမှု ဦးတည်ရာပန်းတိုင် – တရုတ်နိုင်ငံ

ကုန်ကူးခံရသူများ – လွှေးဟ–၊ ပလောင်အမျိုးသမီး၊ ၂၀ နှစ်

လူကုန်ကူးသူ – လွှေး၄–၊ အမျိုးသမီး၊ အသက်မသိ
လွှေးအ–၊ အမျိုးသမီး၊ အသက်မသိ
လွှေးကက–၊ အမျိုးသမီး၊ အသက်မသိ

စက်တင်ဘာလ ၂၀၁၀ ခုနှစ်တွင် နမ့်ခမ်းမြို့နယ်မှ ၂၀ နှစ်အရွယ်ရှိ အမျိုးသမီးငယ်တဦး လူကုန်ကူးခံခဲ့ရသည်။ လွှေးဟ– သည် သူမ၏ရပ်ရွာဒေသတွင်အလုပ်မရှိသဖြင့် အခြားနေရာဒေသသို့ အလုပ်ထွက်ရှာရန် ဆုံးဖြတ်ခဲ့သည်။ ထိုကဲ့သို့ အလုပ်ရှာနေစဉ် လွှေး၄–နှင့်အတူ အခြားအမျိုးသမီးနှစ်ဦး၏ လှည့်ဖြားခြင်းကို ခံခဲ့ရသည်။ လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူ လွှေးဟ– က သူမကြုံတွေ့ခဲ့ရသည်များကို အောက်ပါအတိုင်း ဖွင့်ဟခဲ့သည်။

> "ကျမ အမေက ဒေသခံအကူအညီတွေယူပြီး ကျမကို အလုပ်ရဖို့ ကူရှာပေးပါတယ်။ ကျမတို့ လွှေး၄– ရဲ့ အိမ်ကို ရောက်တဲ့အခါ၊ နမ့်ခမ်းမှာရှိတဲ့ သူမရဲ့ယောကျ်ားက ကျမအလုပ်ရဖို့အတွက် ကူညီပေးနိုင်မယ်လို့ လွှေး၄– ပြောပါတယ်။ ကျမကို လွှေး၄– နဲ့တွေ့ဖို့ ခေါ်လာပြီး အမေရွာကိုပြန်သွားတယ်။ ကျမလည်း လွှေး၄– နဲ့အတူ နမ့်ခမ်းကို သွားရပါတယ်။ နမ့်ခမ်း ကိုရောက်တဲ့အချိန်မှာ လွှေး၄–နဲ့ သူ့ရဲ့အဖော် နှစ်ယောက်က အလုပ်ရှာဖို့ ကျမကို တရုတ်ပြည်ကိုခေါ်သွား ပါတယ်။ ကျမတို့ တရုတ်ပြည်နယ်စပ်ကိုဖြတ်ဖို့ မြစ်ကူးတဲ့အချိန်မှာ အဲဒီအမျိုးသမီးနှစ်ယောက်က ကျမကို တယောက် ယောက်ဆီ ရောင်းစားဖို့ တရုတ်စကားနဲ့ ဖုန်းဆက်ပါတယ်။ ကံကောင်းစွာပဲ ကျမ တရုတ်စကား နားလည်တာကြောင့် သူတို့နဲ့ ဆက်မလိုက်နိုင်တော့ဘူး၊ ရွာကိုပဲပြန်မယ်လို့ ပြောခဲ့ပါတယ်။ သူတို့က ကျမကို ငွေတွေအများကြီးပေးမယ်လို့ ကတိပေးပြီး ဖိအားပေးပေမဲ့ သူတို့ကို မယုံကြည်တဲ့အတွက် ကျမရွာကိုပြန်ခဲ့ပါတယ်။"



ရွှေလီမြစ် ဖြတ်ကူးနေစဉ်

## ဖြစ်စဉ် ၆၉

လူကုန်ကူးမှု ဖြစ်ပွားခဲ့သည့် နေ့ရက် – စက်တင်ဘာ ၄ ရက်၊ ၂၀၀၉ ခုနှစ်
လူကုန်ကူးမှု ဖြစ်ပွားရာ နေရာ – နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း
လူကုန်ကူးမှု ဦးတည်ရာပန်းတိုင် – ဝမ်တိန်၊ တရုတ်နိုင်ငံ

ကုန်ကူးခံရသူများ – လွေးငင–၊ ပလောင်အမျိုးသမီး၊ ၂၉ နှစ်

လူကုန်ကူးသူ – လွေးစစ–၊ အမျိုးသမီး၊ ၄၄ နှစ်
မိုင်းခ–၊ အမျိုးသမီး၊ ၄၂ နှစ်

၄ရက်–၉လ–၂၀၀၉ ခုနှစ်တွင် ရှမ်းပြည်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ် ကျေးရွာတခုရှိ မိုင်းခ–နှင့် လွေးစစ–တို့ လင်မယား နှစ်ယောက်သည် လွေးငင– ကို သူတို့ မီးသွေးပြုလုပ်သည့်နေရာ မိုင်းမော်မြို့နယ်တွင် အလုပ် အတူတူသွားလုပ်မည် ဟူ၍ လိမ်လည်ခေါ်ဆောင်ပြီး ဝမ်တိန်ဘက်သို့ ရောင်းစားလိုက်ပါသည်။

မိုင်းခ–လင်မယားသည် လွေးငင– ကို မီးသွေးဖုတ်ပြီးလျှင် ရရှိလာမည့် ငွေပမာဏကို တဝက်စီ ခွဲပေးမည်ဟု သူမကို ပြောဆိုခဲ့ပါသည်။ ၄ ရက်၊ ၉လ၊ ၂၀၀၉ ခုနှစ်တွင် နေအိမ်မှ မီးသွေးဖုတ်သည့်နေရာသို့ ထွက်ခွါသွားခဲ့ပါသည်။ မိုင်းမော် သို့ရောက်သည့်အခါတွင် မိုင်းခ–က ပစ္စည်းမေ့ကျန်ခဲ့ဟန် ယောင်ဆောင်၍ ရွာသို့ ပြန်သွားပြီး လွေးစစ–နှင့် လွေးငင– တို့နှစ်ယောက်ကို မိုင်းမော်မှာထားခဲ့ပါသည်။

လွေးစစ–သည် သူ့အမျိုးသား ပြန်သွားပြီး (၄) ရက်အကြာတွင် လွေးငင–ကို တရုတ်ဘိုးတော်တစ်ယောက် လက်ထဲသို့ အပ်ပြီး ဒီတစ်ယောက်က ကျမတို့ရဲ့လောပန်းဟု လွေးစစ–ပြောပြီး၊ အမျိုးသားကို ပြန်ရှာမည်ဟု အိမ်ပြန်လာခဲ့ပါသည်။ လွေးငင–ကို ယွမ်ငွေ နှစ်သောင်းငါးထောင်ဖြင့် ရောင်းလိုက်သည်ဟု ရွာသားတဦး၏ ပြောပြချက်အရ သိရှိရပါသည်။

ရွာသားတစ်ယောက်က “ ကျနော်က မိုင်းခ–ကို နမ့်ခမ်းမှာ တွေ့ပါတယ်။ အိမ်ပြန်မှာလားပေ့ါ။ သူက သူ့အမျိုးသမီးကို စောင့်ဦးမယ်လို့ပြောတယ်။ မီးသွေးဖိုးကို ထုတ်လာပေးလို့ ကျနော်ကိုပြောခဲ့တယ်။ ကျနော်လဲအိမ်ပြန်သွားပါတယ်။ နောက်တော့ လွေးငင–က မီးသွေးဖုတ်သွားတာမဟုတ်ဘဲ တခြားနေရာမှာ အလုပ်သွားလုပ်တယ်လို့ ရွာထဲမှာ သတင်း တွေကြားနေရတယ်။ ပြီးတော့ သူပျောက်သွားပြီးလို့လည်း ထပ်မံကြားရပါတယ်။ သူ့သတင်းကိုမိုင်းမော် စုံစမ်းကြည့်တဲ့အခါမှာ လွေးစစ– က လွေးငင–ကို ယွန်ငွေ (၂၅၀၀၀)တိတိနဲ့ ရောင်းစားလိုက်တယ်လို့ မိန်းဘော်ရှိတဲ့ ရှမ်းအမျိုးသမီး တယောက်ကပြောပြပါတယ်။”

သူတို့လင်မယား နှစ်ယောက်ရွာပြန်ရောက်သည့်အချိန်တွင် ကျေးရွာဥက္ကဌ မှ ယင်းတို့နှစ်ယောက်ကို ခေါ်ယူ စစ်ဆေးပြီး လွေးငင–ကို မည်ကဲ့သို့ပြုလုပ်ခဲ့သည်ကို မေးမြန်းခဲ့ပါသည်။ သူတို့နှစ်ယောက်လည်း ထပ်ခါထပ်ခါ ငြင်းဆိုခဲ့ပါသည်။ မိုင်းမော်တွင်ရှိသည့် မျက်မြင်သက်သေတယောက်ကို ဖုန်းဆက်ခေါ်မေးမည်ဟု ပြောလိုက်သည့်အချိန်မှသာ လွေးငင– ကို အမှန်တကယ်ရောင်းစားလိုက်ပြီဟု ဝန်ခံခဲ့ပါသည်။ ယင်းတို့လင်မယားနှစ်ယောက်ကို လျှော်ကြေး (၁၇) သိန်းကျပ် ပေးရမည်ဟု ရွာဥက္ကဌက အမိန့်ချမှတ်ခဲ့ပါသည်။




*တရားဝင်နယ်စပ်စစ်ဆေးရေးဂိတ်ရှိ ကြေညာဆိုင်းဘုတ်*

## နောက်ဆက်တွဲ – ၂
## လူကုန်ကူးမှုဖြစ်စဉ်များ အကျဉ်းချုပ်

| ဖြစ်စဉ် | အခင်းဖြစ် သည့်ရက်စွဲ | လူကုန်ကူး ခံရသည့် ဒေသ | လူကုန်ကူး ခံရသူအရေ အတွက် | လိင် | အသက် | လူမျိုးစု | မြို့နယ် |
|---|---|---|---|---|---|---|---|
| ၁ | မတ်လ ၁၉၉၉ | တရုတ် | ၁ | မ | ၂၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၂ | ၂၀၀၀ | တရုတ် | ၁ | မ | ၁၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၃ | ၂၀၀၀ | တရုတ် | ၁ | မ | ၁ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၄ | ၁၊ ဖေဖော်ဝါရီလ ၂၀၀၁ | တရုတ် | ၁ | ကျား | ၆ | ပလောင် | မန်တုန်မြို့နယ် |
| ၅ | ဇန်နဝါရီလ ၂၀၀၃ | တရုတ် | ၁ | မ | ၂၅ | ရှမ်း | နမ့်ခမ်းမြို့နယ် |
| ၆ | ၁ရက် ဇန်ဝါရီလ ၂၀၀၃ | တရုတ် | ၂ | မ | ၂၅ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | ကျား | ၁နှစ်ခွဲ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၇ | ဇူလိုင် ၂၀၀၃ | ရွှေလီ၊ တရုတ်နိုင်ငံ | ၂ | မ | ၁၈ | ပလောင် | နမ့်ဆန်မြို့ |
| | | | | မ | ၁၈ | ပလောင် | နမ့်ဆန်မြို့ |
| ၈ | ၁၀ရက် မတ်လ ၂၀၀၄ | တရုတ်ပြည် ကျန်းဖုန်း | ၁ | မ | ၁၃ | ပလောင် | မူဆယ်မြို့နယ် |
| ၉ | မတ်လ ၂၀၀၄ | တရုတ်ပြည် ကျန်းဖုန်း | ၁ | မ | ၂၈ | ပလောင် | မူဆယ်မြို့နယ် |
| ၁၀ | ဇွန်လ၊ ၂၀၀၄ | တရုတ် | ၃ | မ | ၁၀ | ရှမ်း | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၁၀ | ရှမ်း | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၁၀ | ရှမ်း | နမ့်ခမ်းမြို့နယ် |
| ၁၁ | ဇွန်လ၊ ၂၀၀၄ | တရုတ် | ၁ | ကျား | ၇ လ | ရှမ်း | နမ့်ခမ်းမြို့နယ် |
| ၁၂ | ၁၀၊ ဩဂုတ်လ၊ ၂၀၀၄ | တရုတ်ပြည် ကူမင်းမြို့ | ၁ | မ | ၂၂ | ပလောင် | မန်တုန်မြို့နယ် |
| ၁၃ | စက်တင်ဘာ ၂၀၀၄ | တရုတ် | ၅ | မ | ၂၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၂၃ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | ကျား | ၂၇ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | ကျား | ၃၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | ကျား | ၃၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၁၄ | နိုဝင်ဘာ ၂၀၀၄ | တရုတ် | ၂ | မ | ၁၈ | ပလောင် | နမ့်ဆန်မြို့နယ် |
| | | | | မ | ၁၈ | ပလောင် | နမ့်ဆန်မြို့နယ် |
| ၁၅ | ၁၂၊ နိုဝင်ဘာ၊ ၀၄ | တရုတ် | ၁ | မ | ၁၆ | ပလောင် | နမ့်ခမ်းမြို့နယ် |

| | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|
| | လောင်းကစားသမားဖခင်မှသူ၏သမီးအား တရုတ်နိုင်ငံသို့ပို့၍ တရုတ်အမျိုးသားထံရောင်းစားခဲ့သည်။ |
| | လူကုန်ကူးမှုဖြင့် အဖမ်းခံရသောအမျိုးသမီးသည် ထောင်မှထွက်လာပြီးနောက်ပိုင်းတွင် တခြားသောအမျိုးသမီးများကိုဆက်လက်၍ လူကုန်ကူးမှုများကျူးလွန်နေသည်။ |
| | ပျောက်ဆုံးသွားသော တစ်နှစ်အရွယ် ကလေးငယ်အား မိဘများရှာမတွေ့ခင်တွင် တရုတ်ပြည်တွင်ရောင်းစားလိုက်သည်။ |
| | ၆ နှစ်အရွယ် သားငယ်အား သူ၏ အဒေါ်ဖြစ်သူမ တရုတ်ပြည်သို့ ခေါ်သွားပြီး ရောင်းစားလိုက်သည်။ |
| | တရုတ်ပြည်သို့အလုပ်ရှာရန်ခေါ်သွားပြီးတရုတ်ဘိုးတော်၏ ဒုတိယမယားအဖြစ်ရောင်းစားလိုက်သည်။ အိမ်ထဲတွင်လှောင်ပိတ်ထားပြီး ပြင်ပသို့ထွက်ခွင့်မပေးပဲ အကြိမ်ကြိမ် အဓမ္မပြုကျင့်ခဲ့သည်။ |
| | ဘိန်းစွဲနေသူတစ်ဦးမှ သူ၏ သမီးနှင့်တူမကိုပါ ဆေးဝါးသုံးစွဲရန်အတွက် တရုတ်ပြည်တွင် ရောင်းစားလိုက်သည်။ |
| | အမျိုးသမီးငယ် ၂ ဦးမှ အလုပ်ရှာရန်အတွက် တရုတ်ပြည်သို့ အမျိုးသမီးကြီးတစ်ဦးနှင့် လိုက်သွားခဲ့ပြီး သူမ မှတရုတ်ပြည်ရှိ အပျော်ခန်းတွင် ရောင်းစားလိုက်သည်။ |
| | ၁၃ နှစ်အရွယ်အမျိုးသမီးငယ်တစ်ဦးအား ဖြားယောင်းသွေးဆောင်၍ ကျန်းဖုန်းမြို့တွင်ရောင်းစားလိုက်သည်။ |
| | တရုတ်ပြည်တွင်အလုပ်သွားရှာရန်စည်းရုံး၍ ခေါ်ဆောင်သွားပြီးနောက်ပိုင်းတွင် ရောင်းစားခံလိုက်ရသည်။ သူမအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာများပါခံစားခဲ့ရသည်။ |
| | ၁၀ နှစ်အရွယ်အမျိုးသမီးငယ်တစ်ဦးအား ဖြားယောင်းသွေးဆောင်၍ တရုတ်ပြည်တွင် ရောင်းစားလိုက်သည်။ |
| | ၇လ အရွယ် ကလေးငယ်အားဖြားယောင်းသွေးဆောင်၍ တရုတ်ပြည်တွင်ရောင်းစားလိုက်သည်။ ယခင်ကလည်း ကလေး၄ ဦးကိုရောင်းစားခဲ့ဖူးသည်။ |
| | တရုတ်ပြည်တွင်အလုပ်ရှာပေးမည်ဟုဆိုကာ ကူမင်းမှ တရုတ်ဘိုးတော်ထံရောင်းစားလိုက်သည်။ |
| | အမျိုးသမီး ၂ ဦးနှင့် အမျိုးသား ၃ ဦးသည် အလုပ်လုပ်ရန်အတွက် အမျိုးသမီးကြီးတစ်ဦးနှင့် တရုတ်ပြည်သို့လိုက်သွားခဲ့သည်။ တရုတ်ပြည်ရောက်သောအခါ အမျိုးသမီးငယ်နှစ်ဦးအား အပျော်ခန်းတွင် ရောင်းစားပြီး အမျိုးသား၃ ဦးအား မျှော့စာကျွေးသောနေရာတွင် ရောင်းစားလိုက်သည်။ |
| | အမျိုးသမီးနှစ်ဦးအား တရုတ်ပြည်တွင်အလုပ်ရှာပေးမည်ဟုဆိုကာ တရုတ်အမျိုးသား ထံရောင်းစားခံလိုက်ရသည်။ |
| | အမျိုးသမီးတစ်ဦးအား တရုတ်ပြည်သို့ ခေါ်သွား၍ ၂ လတာအလုပ် လုပ်ပြီး နောက်ပိုင်းတွင် တရုတ်အမျိုးသားထံရောင်းစားခြင်းခံလိုက်ရသည်။ |

| ဖြစ်စဉ် | အခင်းဖြစ် သည့်ရက်စွဲ | လူကုန်ကူး ခံရသည့် ဒေသ | လူကုန်ကူး ခံရသူအရေ အတွက် | လိင် | အသက် | လူမျိုးစု | မြို့နယ် |
|---|---|---|---|---|---|---|---|
| ၁၆ | ၂၀၀၁ ၂၀၀၄ | တရုတ် | ၂ | မ | ၂၅ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၂၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၁၇ | ၂၀၀၄ | တရုတ် | ၄ | မ | ၁၈၊၁၉ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၁၈၊၁၉ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၁၈၊၁၉ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၁၈၊၁၉ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၁၈ | ၂၀၀၄ | တရုတ်နိုင်ငံ ၊ ကူမင်းမြို့ | ၅ | မ | ၂၃ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၂၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၂၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၂၁ | ပလောင် | မူဆယ်မြို့နယ် |
| | | | | မ | ၂၀ | ရှမ်း | မူဆယ်မြို့နယ် |
| ၁၉ | ၁၀၊ မတ်လ၊ ၂၀၀၅ | တရုတ် | ၁ | မ | | ပလောင် | မန်တုန်မြို့နယ် |
| ၂၀ | ၂၈၊မတ်လ၊ ၂၀၀၅ | တရုတ်နိုင်ငံ ၊ ကူမင်းမြို့ | ၁ | မ | ၂၅ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၂၁ | ၂၅၊ ဇွန်လ၊ ၂၀၀၅ | တရုတ် | ၂ | မ | ၂၀ | ပလောင် | နမ့်ဆန်မြို့နယ် |
| | | | | မ | ၁၉ | ပလောင် | နမ့်ဆန်မြို့နယ် |
| ၂၂ | ၁၀၊ ဒီဇင်ဘာ၊ ၂၀၀၅ | တရုတ်နိုင်ငံ ၊ ကူမင်းမြို့ | ၁ | မ | | ပလောင် | နမ့်ဆန်မြို့နယ် |
| ၂၃ | ၁၊ ဒီဇင်ဘာ၊ ၂၀၀၅ | တရုတ် | ၁ | မ | ၁၈ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၂၄ | ၂၀၀၅ | တရုတ်နိုင်ငံ ယင်ကျန်းမြို့ | ၁ | မ | ၁၂ | ဗမာ | ကျောက်မဲမြို့နယ် |
| ၂၅ | ၂၀၀၆ | တရုတ်နိုင်ငံ၊ ကွမ်ကျုံးမြို့ | ၁ | မ | ၂၁ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၂၆ | ၂၀၊ဇွန်၊ ၂၀၀၆ | တရုတ်နိုင်၊ ရှမ်းတုန်မြို့ | ၁ | မ | ၃၃ | ရှမ်း–ရခိုင် | ရန်ကုန် |
| ၂၇ | ဇွန်လိုင်၊ ၂၀၀၆ | တရုတ် | ၁ | မ | ၂၀ | ရှမ်း | နမ့်ခမ်းမြို့နယ် |
| ၂၈ | ၁၀၊အောက်တို ဘာ၊၂၀၀၆ | တရုတ် | ၁ | မ | ၂၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၂၉ | အောက်တိုဘာ၊ ၂၀၀၆ | တရုတ် | ၁ | မ | ၁၅ | ပလောင် | မန်တုန်မြို့နယ် |
| ၃၀ | ၅၊ဖေဖော်ဝါရီ၊ ၂၀၀၇ | တရုတ်နိုင်ငံ ၊ ကူမင်းမြို့ | ၁ | မ | ၁၅ | ပလောင် | နမ့်ခမ်းမြို့နယ် |

| | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|
| | အသက် ၂၀အရွယ်အမျိုးသမီးအား တရုတ်ပြည်တွင်အလုပ်ရှာပေးမည်ဟုဆိုကာ ရောင်းစားလိုက်သည်။ ထိုအမျိုးသမီးသည်သူမ၏ ညီမအရင်းကိုလည်းရောင်းစားခဲ့ဖူးသည်။ |
| | အမျိုးသမီးငယ် ၄ ဦးအား ဖြားယောင်းခေါ်ဆောင်သွားပြီးနောက် တရုတ်ပြည်တွင် တရုတ်အမျိုးသားများထံရောင်းစားလိုက်သည် |
| | အမျိုးသမီးငယ် ၅ ဦးအား တရုတ်ပြည်တွင်အလုပ်သွား လုပ်ရန်စည်းရုံးပြီး တရုတ်ပြည်ရောက်သောအခါတွင် တရုတ်အမျိုးသားများထံ ရောင်းစားခြင်း ခံလိုက်ရသည်။ |
| | အမျိုးသမီးအား တရုတ်ပြည်တွင်အလုပ်သွားလုပ်ရန်ခေါ်ဆောင်သွားပြီးနောက် ၁၀ ရက်ကြာသောအခါ တရုတ်အမျိုးသားထံရောင်းစားခံလိုက်ရသည်ဟု ဆိုသည် |
| | တရုတ်ပြည်ရှိ တူလုပ်သည့်စက်ရုံတွင် အလုပ်ပေးမည်ဟုဆိုကာ ခေါ်ဆောင်သွား ပြီးနောက်ပိုင်းတွင် ကူမင်းမြို့သို့ ခေါ်သွားပြီးနောက် ပြည်တန်ဆာခန်းတွင် ရောင်းစားခြင်းခံလိုက်ရသည် ။ |
| | မယ်သီလရှင်မှ အမျိုးသမီးငယ် ၂ ဦးအား တရုတ်ပြည်တွင် အလုပ်ရှာပေးမည်ဟုဆိုကာ တရုတ်ဘိုးတော်ထံ ရောင်းစားလိုက်သည်။ |
| | အမျိုးသမီးတစ်ဦးမှ အလုပ်ရှာပေးမည်ဟု ဖြားယောင်းသွေးဆောင်း၍ တရုတ်ပြည် ရောက်သောအခါ အခြားအမျိုးသမီးတစ်ဦးထံ ရောင်းစားလိုက်သည်။ |
| | ယောကက္ခမ ဖြစ်သူမှ သူမ၏ ချွေးမကို  အပျော်ခန်းတွင်ရောင်းစားလိုက်ရာမှ ထွက်ပြေးလာပြီး နောက်ပြည်တန်ဆာခန်းတွင်ထပ်မံရောင်းစားခံရသည်။ နောက်ဆုံးတွင် တရုတ်အမျိုးသား၏ ဇနီးအဖြစ်ရောင်းစားခံရသည်။ |
| | ၁၁ နှစ် ၁၂ နှစ်အရွယ်တွင် တရုတ်ပြည်တွင်ရောင်းစားခံရပြီးနောက် ၁၇ နှစ်အရွယ်တွင် ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ |
| | အမျိုးသမီးငယ်အားတရုတ်ပြည်မှ တစ်ဆင့် ကွမ်းကျိုးမြို့သို့ခေါ်သွားခဲ့သည်။ တစ်ပတ်လောက်အကြာတွင် မျှော့စာကျွေးရန်အတွက် ရောင်းစားခံလိုက်ရ သည်ဟုသိလိုက်သည်။ ကံကောင်းစွာဖြင့် တရုတ်ရဲများ၏ အကူအညီဖြင့် လွတ်မြောက်လာပြီးနောက် သူမ၏ရွာသို့ ပြန်သွားနိုင်ခဲ့သည်။ |
| | အလုပ်ရှာရန်အတွက် အမျိုးသမီး၂ ဦးနှင့် တရုတ်ပြည်သို့လိုက်သွားခဲ့ရာမှ တရုတ်ဘိုးတော်၏ ဇနီးမယားအဖြစ်ရောင်းစားခံလိုက်ရသ ည်၊ ထိုအမျိုးသားမှတစ်ဆင့်တခြားအမျိုးသားထံထပ်မံရောင်းစားခံရသည်။ |
| | မိဘဖြစ်သူမှ ကလေးငယ်အားတရုတ်အမျိုးသားထံရောင်းစားလိုက်သည်။ |
| | မိဘဖြစ်သူမှသူတို့၏သမီးဖြစ်သူအား တရုတ်အမျိုးသား ထံရောင်းစားပြီး လက်ထပ်ခိုင်းလိုက်သည်။ |
| | ရောင်းစားခံရသောအမျိုးသမီးအား လစာကောင်းသောအလုပ်ရှာပေးမည်ဟုဆိုကာ တရုတ်ပြည်သို့ခေါ်သွားခဲ့ရာ လိုက်သွားခဲ့သည်။ ပလောင်ခေါင်းဆောင်များနှင့် တရုတ်ရဲမှအမျိုးသမီးအားပြန်လည်ကယ်တင်ခဲ့သည်။ |
| | လူကုန်ကူးခံရသူအမျိုးသမီးသည် တရုတ်ပြည်တွင် တရုတ်အမျိုးသားထံ ရောင်းစားခံလိုက်ရသည်။ |

| ဖြစ်စဉ် | အခင်းဖြစ်သည့်ရက်စွဲ | လူကုန်ကူးခံရသည့်ဒေသ | လူကုန်ကူးခံရသူအရေအတွက် | လိင် | အသက် | လူမျိုးစု | မြို့နယ် |
|---|---|---|---|---|---|---|---|
| ၃၁ | ဖေဖော်ဝါရီလ ၂၀၀၇ | တရုတ် | ၁ | မ | ၂၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၃၂ | မေ၊ ၂၀၀၇ | တရုတ် | ၁ | မ | ၁၈ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၃၃ | မေလ ၂၀၀၇ | တရုတ် | ၂ | မ | ၂၂ | ပလောင် | ကွတ်ခိုင်မြို့ |
| | | | | မ | ၁၇ | ပလောင် | ကွတ်ခိုင်မြို့ |
| ၃၄ | ၁၊ဇွန်လ၊၂၀၀၇ | တရုတ် | ၁ | မ | ၁၆ | ပလောင် | မူဆယ်မြို့နယ် |
| ၃၅ | ၂၅၊ ဩဂုတ်လ၊ ၂၀၀၇ | တရုတ်နိုင်ငံ၊ ကူမင်းမြို့ | ၁ | မ | ၁၉ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၃၆ | ၂၅၊ ဩဂုတ်လ၊ ၂၀၀၇ | တရုတ် | ၁ | မ | ၁၆ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၃၇ | ၂၆၊ဩဂုတ်လ၊ ၂၀၀၇ | ရှမ်းပြည်နယ်ရှိ၊ တရုတ်အိမ် | ၁ | မ | ၁၇ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၃၈ | ၉၊စက်တင်ဘာ၊ ၂၀၀၇ | တရုတ်နိုင်ငံ၊ လင်းချမ်း | ၁ | မ | ၁၉ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၃၉ | ၁၇ ၊ စက်တင်ဘာ၊ ၂၀၀၇ | တရုတ်နိုင်ငံ၊ ကျိန်ဆူး | ၂ | မ | ၁၉ | ရှမ်း | နမ်းခမ်းမြို့နယ် |
| | | | | ကျား | ၂၀ | တရုတ် | မူဆယ်မြို့နယ် |
| ၄၀ | ၅၊မေလ၊၂၀၀၈ | တရုတ် | ၂ | မ | ၁၉ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၄၁ | ၇၊ဇူလိုင်လ၊ ၂၀၀၈ | တရုတ်နိုင် ကွမ်တုံမြို့ | ၁ | မ | ၁၆ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၄၂ | ၃၊ဩဂုတ်၊ ၂၀၀၈ | တရုတ်နိုင်ငံ ၊ ကျောက်ဖုန်း | ၁ | မ | ၁၃ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၄၃ | စက်တင်ဘာ၊ ၂၀၀၈ | တရုတ်နိုင်ငံ ၊ ရွှေလီ | ၉ | မ | ၂၉ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | ၁၄ | ပလောင် | မူဆယ်မြို့နယ် |
| | | | | မ | | ပလောင် | |
| | | | | မ | | ပလောင် | |
| | | | | မ | | ပလောင် | |
| | | | | မ | | ပလောင် | |
| | | | | မ | | ပလောင် | |
| | | | | မ | | ပလောင် | |
| | | | | ကျား | | ပလောင် | |

| | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|
| | အမျိုးသမီးငယ်တစ်ဦးအား ဖြားယောင်းသွေးဆောင်၍ တရုတ်ပြည်တွင် ရောင်းစားလိုက်သည်။ |
| | အဒေါ်ဖြစ်သူမှ သူမ၏တူမအားအလုပ်ရှာပေးမည်ဟုကတိပြုကာ ပြည့်တန်ဆာအဖြင့်အတင်းအဓမ္မခိုင်းစေ၍ အိမ်ဖော်အဖြစ်လုပ်ခိုင်းခဲ့သည်။ |
| | မိဘဖြစ်သူမှ သူမ၏သမီးအားဒေသခံအမျိုးသမီးတစ်ဦးနှင့် အလုပ်ရှာရန်အတွက် ထည့်လိုက်သည်။ ထိုအမျိုးသမီးမှ တရုတ်အမျိုးသားထံ ရောင်းစားပြီးအတင်း လက်ထပ်ခိုင်းခဲ့သည်။ |
| | သူမအလုပ် လုပ်နေသောစားသောက်ဆိုင် ပိုင်ရှင်မှ သူမ၏မိခင်ဖြစ်သူအားပြောပြပြီး တရုတ်အမျိုးသားထံရောင်းစား၍ လက်ထပ်ခိုင်းခဲ့သည်။ |
| | တရုတ်နိုင်ငံ ကော်ဖီဆိုင်တွင်အလုပ်ပေးမည်ဟုဆိုကာ တရုတ်နိုင်ငံရောက်သောအခါတွင် ပြည့်တန်ဆာခန်းတွင်ရောင်းစားလိုက်သည်။ |
| | အမျိုးသမီးငယ်တစ်ဦးအား ဖြားယောင်းသွေးဆောင်၍ တရုတ်ပြည်သို့ခေါ်သွားရာ လမ်းတွင် သူမ၏မိဘများမှ တာဝန်ရှိသူများနှင့်ပေါင်း၍ ကယ်တင်နိုင်ခဲ့သည်။ |
| | အမျိုးသမီးအားအလုပ်ရှာပေးမည့်ဟုကတိပြုကာ အတင်းအဓမ္မခိုင်းစေ၍ အိမ်ဖော်အဖြစ်လုပ်ခိုင်းခဲ့သည်။ |
| | အမျိုးသမီးတစ်ဦးမှ အလုပ်ရှာပေးမည်ဟု ဖျားယောင်းသွေးဆောင်၍ တရုတ်ပြည် ရောက်သောအခါ အခြားအမျိုးသမီးတစ်ဦးထံ ရောင်းစားလိုက်သည်။ |
| | အမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံရှိ စက်ရုံတွင်အလုပ်ရှာပေးမည်ဟုဆိုကာခေါ်သွားခဲ့သည်။ နောက်ပိုင်းတွင်စုံစမ်းကြည့်ရာရောင်းစားခံရသည်ဟုသိရသည်။ |
| | အဒေါ်ဖြစ်သူမှ သူမ၏တူမအားအလုပ်ရှာပေးမည်ဟုကတိပြုကာ တရုတ်အမျိုးသား ထံရောင်းစားလိုက်သည်။ |
| | အလုပ်လက်မဲ့ဖြစ်နေသောအမျိုးသမီးတစ်ဦးမှတရုတ်နိုင်ငံတွင်အလုပ်သွားရှာရာမှ တရုတ်အမျိုးသားထံရောင်းစားခံလိုက်ရသည်။ |
| | တရုတ်ပြည်တွင်အလုပ်ရှာပေးမည်ဟုဆိုကာ ခေါ်သွားပြီးနောက်ပျောက်သွားခဲ့သည်။ |
| | အမျိုးသမီး ၈ ဦးနှင့် အမျိုးသား ၁ ဦးမှတရုတ်နိုင်ငံရွှေလီတွင်ရောင်းစားခံရပြီး အမျိုးသမီး ၆ ယောက်နှင့်အမျိုးသား မှာလွတ်မြောက်လာပြီး ကျန်အမျိုးသမီး ၂ ဦးမှာရောင်းစားခံလိုက်ရသည်။ |

| ဖြစ်စဉ် | အခင်းဖြစ်သည့်ရက်စွဲ | လူကုန်ကူးခံရသည့်ဒေသ | လူကုန်ကူးခံရသူအရေအတွက် | လိင် | အသက် | လူမျိုးစု | မြို့နယ် |
|---|---|---|---|---|---|---|---|
| ၄၄ | အောက်တိုဘာ၊ ၂၀၀၈ | တရုတ် | ၃ | မ | ၁၅ | ပလောင် | နမ့်ဆန်မြို့နယ် |
| | | | | မ | ၁၆ | ပလောင် | |
| | | | | မ | ၁၇ | ပလောင် | |
| ၄၅ | ၁၁၊နိုဝင်ဘာ၊၂၀၀၈ | တရုတ် | ၁ | ကျား | ၄ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၄၆ | ၂၀၊ဒီဇင်ဘာ၊ ၂၀၀၈ | မူဆယ်မြို့ | ၁ | မ | ၂ | ပလောင် | လားရှိုး |
| ၄၇ | ၂၁၊ဒီဇင်ဘာ၊၂၀၀၈ | တရုတ်နိုင်ငံ၊ မန်စီမြို့ | ၁ | မ | ၁၈ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၄၈ | ၂၊ဇန်နဝါရီ၊၂၀၀၉ | တရုတ်နိုင်ငံ၊ ရွှေလီ | ၁ | မ | ၁၈ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၄၉ | ၁၆၊ဇန်နဝါရီ၊၂၀၁၀ | | ၁ | မ | ၅ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၅၀ | ၁၄၊ဖေဖော်ဝါရီလ၊၂၀၀၉ | တရုတ် | ၁ | ကျား | ၁၂ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၅၁ | ၂၁၊ ဖေဖော်ဝါရီလ၊ ၂၀၀၉ | တရုတ် | ၂ | ကျား | ၁၈ | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | ကျား | ၂၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၅၂ | ၂၆၊ ဖေဖော်ဝါရီလ၊ ၂၀၀၉ | တရုတ် | ၁ | မ | ၇ လ | ပလောင် | မန်တုံမြို့နယ် |
| ၅၃ | ၈၊ မတ်လ၊ ၂၀၀၉ | တရုတ်နိုင်ငံ ၊ ဖန် | ၁ | မ | ၁၆ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၅၄ | ၁၀၊ မတ်လ၊ ၂၀၀၉ | တရုတ်နိုင်ငံ ၊ ဇင်ဖန် | ၁ | မ | ၂၀ | ဗမာ | မန္တလေးတိုင်း |
| ၅၅ | ၁၄၊ အေပြီ၊ ၂၀၀၉ | တရုတ်နိုင်ငံ | ၁ | ကျား | ၅ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၅၆ | ၄၊ မေ၊ ၂၀၀၉ | တရုတ် | ၂ | မ | ၁၈ | ပလောင် | မန်တုံမြို့နယ် |
| | | | | မ | ၁၆ | ပလောင် | |
| ၅၇ | ၂၊ ဇွန်လ၊ ၂၀၀၉ | တရုတ်နိုင်ငံ၊ ရွှေလီ | ၁ | မ | ၂၅ | ဗမာ | မကွေးတိုင်း |
| ၅၈ | ၁၊ ဇူလိုင်လ၊ ၂၀၀၉ | တရုတ်နိုင်ငံ၊ ကူမင်းမြို့ | ၁ | မ | ၂၀ | ပလောင် | မန်တုံမြို့နယ် |
| ၅၉ | ၁၊ ဇူလိုင်လ၊ ၂၀၀၉ | တရုတ် | ၁ | ကျား | ၃ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၆၀ | ၁၅၊ ဇွန်လ၊ ၂၀၀၉ | တရုတ်နိုင်ငံ၊ ရွှေလီ | ၁ | မ | ၁၇ | ပလောင် | နမ့်ခမ်းမြို့နယ် |

| | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|
| | ဒေသခံအမျိုးသမီးတစ်ဦးမှ အလုပ်ရှာပေးမည်ဟုဆိုကာခေါ်သွားပြီးနောက်ပိုင်းတွင် အမျိုးသမီး ၃ ဦးမှာ ပြန်မရောက်လာတော့ပဲပျောက်သွားခဲ့သည်။ |
| | ၄ နှစ်အရွယ်သားငယ်အား ကစားနေစဉ်တွင်ချော့မော့၍ ခေါ်သွားပြီး တရုတ်နိုင်ငံတွင် ရောင်းစားခဲ့သည်။ |
| | မိခင်ဖြစ်သူမှ ပထွေး၏နှိပ်စက်မှုမှလွတ်မြောက်ရန်အတွက်စဉ်စားပြီး သမီးဖြစ်သူအားရောင်းစားလိုက်သည်။ |
| | အမျိုးသမီးတစ်ဦးမှ အလုပ်ရှာပေးမည်ဟုဖြားယောင်းသွေးဆောင်း၍ တရုတ်ပြည် ရောက်သောအခါ အမျိုးသားတစ်ဦးထံ ရောင်းစားလိုက်သည်။ |
| | တရုတ်ပြည်တွင်အလုပ်လုပ်ရန်အတွက် ထွက်သွားရာမှ ပျောက်သွားခဲ့သည်။ ရောင်းစားခံလိုက်ရသည်ဟု သံသယရှိသည်။ |
| | ၅ နှစ်အရွယ် ကလေးမလေးအား ဖြားယောင်းသွေးဆောင်၍ တရုတ်ပြည်သို့ခေါ်သွားပြီးနောက် ယခုချိန်ထိအိမ်ပြန်မရောက်လာတော့ပေ။ |
| | ၁၂ နှစ်အရွယ်သားငယ်အား သူ၏ဖခင်မှ ဘိန်းသုံးစွဲရန်အတွက်ငွေလိုသဖြင့်ရောင်းစားလိုက်သည်။ |
| | လူကုန်ကူးခံရသူများမှာ တရုတ်ပြည်တွင်အလုပ်ရှာပေးမည်ဟုကတိရခဲ့ပြီးနောက် လိုက်သွားခဲ့ရာ နောက်ပိုင်းတွင် ချုပ်နှောင်ထားခြင်းခံရသည်။ |
| | ၇ လအရွယ်ကလေးငယ်ကို မွေးစားမည်ဟု ဆိုကာမိခင်ထံမှယူခဲ့ပြီး ရောင်းစားခဲ့သည်။ |
| | ၁၆ နှစ်အရွယ်သမီးငယ် မိခင်နှင့်တရုတ်ပြည်သို့လိုက်သွားခဲ့ပြီး ရောင်းစားခြင်းခံရသည်။ |
| | တရုတ်နိုင်ငံသို့လိုက်ခဲ့ရန် ဖြားယောင်းခံရပြီး တရုတ်အမျိုးသားများနှင့် ဆက်တိုက် လက်ထပ်ခဲ့ရသည်။ |
| | ၀ါးနှစ်အရွယ် လူငယ်လေးမှာ ဆေးစွဲသူ ဖခင်က လူကုန်ကူးသူ၏လက်သို့ ရောင်းစားခဲ့သည်။ |
| | တရုတ်ပြည်တွင် အလုပ်လုပ်ရမည်ဟု သူငယ်ချင်း၏ လှည့်ဖြားမှုကိုခံရပြီး လူကုန်ကူးခံရသည်။ |
| | လွတ်မြောက်လာသူမှ တရုတ်ပြည်တွင်အလုပ်ကောင်းရမည်ဟု တရုတ်စုံတွဲ၏ လှည့်ဖြားမှုကိုခံရပြီး တရုတ်အမျိုးသား၏မယား (သို့) ပြည့်တန်ဆာခန်းတွင် ရောင်းစားခံခဲ့ရသည်။ |
| | ရပ်ရွာဇာတိတူသူ လူကုန်ကူးသူ နှင့်တွေ့ဆုံပြီး လူကုန်ကူးခံခဲ့ရသည်။ |
| | ဘိန်းစွဲနေသော ဖခင်က ၃ နှစ်အရွယ် သားငယ်ကိုမကျွေးနိုင်သဖြင့် မွေးစားရန်ပေးခဲ့သည်။ မွေးစားမည်ဟု ယူသွားသည့်စုံတွဲမှာ ကလေးကို ရောင်းစားလိုက်သည်။ |
| | လူကုန်ကူးခံရခြင်းမှလွတ်မြောက်လာသော အမျိုးသမီးငယ်မှာ ဒေသအတွင်းတွင်ပင် အလုပ်ရမည်ဟု လိမ်ခံရပြီး တရုတ်နိုင်ငံတွင်ရောင်းစားခံရသည်။ |

| ဖြစ်စဉ် | အခင်းဖြစ်သည့်ရက်စွဲ | လူကုန်ကူးခံရသည့်ဒေသ | လူကုန်ကူးခံရသူအရေအတွက် | လိင် | အသက် | လူမျိုးစု | မြို့နယ် |
|---|---|---|---|---|---|---|---|
| ၆၁ | ဇွန်လ၊ ၂၀၀၉ | တရုတ် | ၃ | မ | ၁၇ | ပလောင် | မန်တုံမြို့နယ် |
| | | | | မ | ၂၀ | ပလောင် | မန်တုံမြို့နယ် |
| | | | | ကျား | ၁၉ | ပလောင် | မန်တုံမြို့နယ် |
| ၆၂ | ၉လ ၊ ၂၀၀၉ | | ၁ | ကျား | ၃ လ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၆၃ | ၄၊ စက်တင်လာ၊ ၂၀၀၉ | တရုတ်နိုင်ငံ၊ ရွှေလီ | ၁ | မ | ၂၉ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၆၄ | ၁၊ အောက်တိုဘာလ၊ ၂၀၀၉ | တရုတ်နိုင်ငံ | ၁ | မ | ၁၇ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၆၅ | ၂၉၊ နိုဝင်ဘာလ၊ ၂၀၀၉ | တရုတ်နိုင်ငံ | ၁ | မ | ၂၈ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၆၆ | ၁၂၊ နိုဝင်ဘာလ၊ ၂၀၀၉ | | ၃ | မ | | ပလောင် | နမ့်ခမ်းမြို့နယ် |
| | | | | မ | | ပလောင် | နမ့်ဆန်မြို့နယ် |
| | | | | မ | | ပလောင် | နမ့်ဆန်မြို့နယ် |
| ၆၇ | ၁၃၊ ဖေဖော်ဝါရီလ၊ ၂၀၁၀ | တရုတ်နိုင်ငံ၊ ရွှေလီ | ၁ | မ | ၁၉ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၆၈ | ၁၅၊၀၈၊ ၂၀၁၀ | တရုတ်နိုင်ငံ၊ ရှားအီဆန် | ၁ | မ | ၂၂ | ဗမာ | ရန်ကုန် |
| ၆၉ | စက်တင်ဘာလ၊ ၂၀၀၉ | တရုတ်နိုင်ငံ | ၁ | မ | ၂၀ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၇၀ | ဇန်ဝါရီလ၊ ၂၀၁၁ | တရုတ်နိုင်ငံ | ၁ | မ | ၂၁ | ပလောင် | နမ့်ဆန်မြို့နယ် |
| ၇၁ | ၁၊ ဖေဖော်ဝါရီလ၊ ၂၀၁၁ | တရုတ်နိုင်ငံ၊ နော်တောင်း | ၁ | မ | ၁၆ | ပလောင် | နမ့်ခမ်းမြို့နယ် |
| ၇၂ | ဖေဖော်ဝါရီလ၊ ၂၀၁၁ | တရုတ်နိုင်ငံ၊ ရွှေလီ | ၂ | မ | ၂၆ | ပလောင် | မန်တုံမြို့နယ် |

| | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|
| | လူကုန်ကူးခံရသူများမှ အလုပ်ကောင်းရမည်ဟု ကတိရရှိခဲ့ပြီးနောက် တရုတ်နိုင်ငံတွင် လူကုန်ကူးခံခဲ့ရသည်။ |
| | ကလေးမွေးစားမည်ဟုဆိုသော သူ၏ ရောင်းစားခြင်းကို ၂ လသားအရွယ်ကလေးငယ်ခံခဲ့ရသည်။ ထိုလူကုန်ကူးသူမှာ ပုလိပ်ကိုလာဘ်ထိုးပြီး လွတ်မြောက်ခဲ့သည်။ |
| | မီးသွေးဖုတ်မည်ဟု အကြောင်းပြချက်ဖြင့် ခေါ်ခဲ့ပြီး လူကုန်ကူးခံခဲ့ရသည်။ |
| | တရုတ်ပြည်တွင်အလုပ်လုပ်ရမည်ဟုကတိရခဲ့ပြီး ရောက်သည်နှင့် ရောင်းစားခံရသည်။ |
| | အလုပ်ရရှိရန်အတွက် တရုတ်နယ်စပ်သို့ထွက်ခဲ့သည်။ အလုပ်ရှာစဉ် အခြားသူအားအကူအညီတောင်းခံရာ လူကုန်ကူးခံခဲ့ရသည်။ |
| | မိန်းကလေးငယ် ၃ ဦးကိုလူကုန်ကူးခဲ့သည်။ ရွာပြန်ရောက်လာစဉ် ထိုလူကုန်ကူးသူဖမ်းခံရပြီး ရုံးတင်ခဲ့သည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ငွေပေးပြီး ပြန်လည်လွတ်မြောက်လာခဲ့သည်။ |
| | တရုတ်ပြည်တွင်အလုပ်ရရှိမည်ဟုကတိရခဲ့သော်လည်း အသက်ကြီးသောတရုတ်အမျိုးသားနှင့် အတင်းလက်ထပ်ခြင်းခံခဲ့ရသည်။ |
| | အလုပ်လုပ်ရန်အတွက် တရုတ်နိုင်ငံသို့ထွက်ခဲ့သည်။ တရုတ်အမျိုးသားနှင့်လက်ထပ်ခဲ့ပြီးနောက် သူမ၏ယောကျ်ားကိုယ်တိုင် တခြားသူထံရောင်းစားခဲ့သည်။ |
| | ရွာထဲတွင်အလုပ်လုပ်နေစဉ် လှည့်ဖြားခံရပြီး တရုတ်နိုင်ငံသို့ရောင်းစားခံခဲ့ရသည်။ |
| | တရုတ်ပြည်တွင် အလုပ်လုပ်နေသော သူငယ်ချင်းထံ လာခဲ့ရာ နယ်စပ်တွင်ပင် လူကုန်ကူးခြင်းခံလိုက်ရသည်။ |
| | မီးသွေးဖုတ်ရန်အတွက် လုပ်ငန်းခွင်သို့လိုက်သွားခဲ့ရာ နောက်ပိုင်းတွင် တရုတ်အမျိုးသားတဦးကို အတင်းလက်ထပ်ခိုင်းခံရသည်။ |
| | တရုတ်ပြည်တွင်အလုပ်လုပ်ရန် ထွက်ခွာခဲ့ပြီး နောက်ပိုင်းတွင် သူတို့သမီးအဖြစ် ရောင်းစားခံရသည်။ နောက်ပိုင်းတွင်လည်း သူမ၏ ညီမဖြစ်သူ အလားတူ ရောင်းစားခံခဲ့ရသည်။ |

# နောက်ဆက်တွဲ – ၃
# လူကုန်ကူးမှုနှင့် ဆက်စပ်သည့် ဥပဒေဖွင့်ဆိုချက်များ

## နိုင်ငံတကာဥပဒေ – လူကုန်ကူးခြင်းဆိုတာ ဘာလဲ။

လူပုဂ္ဂိုလ်ကို ကူးသန်းရောင်းဝယ်ခြင်းသည် ဆိုးရွားသည့်လူ့အခွင့်အရေးချိုးဖောက်ခြင်း ဖြစ်သည်။[၁၄] ကုလသမဂ္ဂ၏ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာစီစဉ်ကျူးလွန်ခြင်းကို ဆန့်ကျင်သည့်သဘောတူညီချက်စာချုပ် UNCTOC သည် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာစီစဉ်ကျူးလွန်ခြင်းကို စီမံကိုင်တွယ်ရန် အခြေခံကျသည့် ဥပဒေ စာချုပ်စာတမ်း တရပ်ဖြစ်သည်။ ၂၀၀၃ ဒီဇင်ဘာလတွင် လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များကို တိုက်ရိုက်ကိုင်တွယ်ဖြေရှင်း နိုင်မည့် နောက်ဆက်တွဲစာချုပ် နှစ်ရပ်ကို သဘောတူညီချက်စာချုပ်ကို အထောက်အကူပြုနိုင်ရန် လက်ခံပြဋ္ဌာန်းခဲ့သည်။[၁၅] ယင်းတို့မှာ –

- အမျိုးသမီးနှင့် ကလေးသူငယ်များကို အထူးပြုသည့်လူကုန်ကူးမှု တားဆီးရေး၊ နှိမ်နင်းရေးနှင့် အပြစ်ပေးအရေးယူရေး ဆိုင်ရာ နောက်ဆက်တွဲစာချုပ်
- ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းလမ်းတို့ဖြင့် ရွှေ့ပြောင်းအလုပ်သမားများ ခိုးယူတင်သွင်းခြင်းကို ဆန့်ကျင်သည့် နောက်ဆက်တွဲစာချုပ်

UNCTOC သဘောတူညီချက်စာချုပ်နှင့် ယင်း၏နောက်ဆက်တွဲစာချုပ်များကို လက်ခံကျင့်သုံးခြင်းသည် လူကုန်ကူးမှုကို ဆန့်ကျင်တိုက်ဖျက်ရေးအတွက် အလွန်အရေးကြီးသည့် တိုးတက်မှုဖြစ်သည်။ ထိုသဘောတူညီချက်များကို မြန်မာနိုင်ငံမှ လက်ခံပြီးဖြစ်သည်။[၁၆] UNCTOC သဘောတူညီချက်စာချုပ်နှင့် နောက်ဆက်တွဲစာချုပ်များကို လက်ခံကျင့်သုံးခြင်းမပြု မီကာလများတွင် လူကုန်ကူးမှုဟူသော ဝေါဟာရကို နိုင်ငံတကာဥပဒေတွင် ရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆိုခြင်း မရှိခဲ့ချေ။ ထို့ကြောင့် သဘောတူညီချက်စာချုပ် မူကြမ်းပြုစုစဉ်ကာလများတွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများ အားလုံး "လူကုန်ကူးခြင်း" အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် ဘုံသဘောတူနားလည်လက်ခံနိုင်မှုရရှိရန်နှင့် နိုင်ငံတကာဥပဒေအရ တရားဝင်အဓိပ္ပာယ် ဖွင့်ဆိုချက်တခု ရရှိရန်ခွင့်ပြုဆောင်ရွက်ခဲ့ပါသည်။

အမျိုးသမီးနှင့် ကလေးသူငယ်များကို အထူးပြုသည့်လူကုန်ကူးမှု တားဆီးရေး၊ နှိမ်နင်းရေးနှင့် အပြစ်ပေးအရေးယူရေး ဆိုင်ရာ နောက်ဆက်တွဲစာချုပ် ပုဒ်မ ၃၊ အပိုဒ် (က) အရ–

လူကုန်ကူးခြင်း ဆိုသည်မှာ ခြိမ်းခြောက်ခြင်း (သို့) ဖိအားပေးခြင်း (သို့) အခြားပုံစံများဖြင့် နိုင်ထက်စီးနင်းပြုခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း၊ လိမ်လည်ခြင်း၊ လှည့်စားခြင်း၊ အာဏာအလွဲသုံးစားပြုခြင်း (သို့) အားနည်းချက်ကို အသုံးပြုခြင်း (သို့) လူတဦးက အခြားသူတဦးကို ထိန်းချုပ်နိုင်သည့်သဘောတူညီမှုရရှိရန်အတွက် အကျိုးအမြတ် (သို့) ငွေကြေး လက်ခံခြင်း (သို့) ပေးကမ်းခြင်း တို့ပြုပြီး ခေါင်းပုံဖြတ်အမြတ်ထုတ်ရန်အတွက် လူပုဂ္ဂိုလ်ကို စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပြုခြင်း (သို့) လက်ခံထားခြင်း ကိုဆိုလိုသည်။ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း ဟုဆိုရာတွင် အနိမ့်ဆုံးအားဖြင့် ပြည့်တန်ဆာလုပ်စေခြင်းဖြင့် ခေါင်းပုံဖြတ်ခြင်း (သို့) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အတင်းအဓမ္မလုပ်အားခိုင်းစေခြင်း (သို့) ဝန်ဆောင်မှုပြုစေခြင်း၊ ကျွန်ပြုခြင်း (သို့) ကျွန်သဖွယ် ခိုင်းစေပြုမူခြင်း၊ ခန္ဓာကိုယ် အင်္ဂါများကို ခိုင်းစေထိန်းချုပ်ခြင်း (သို့) ဖယ်ရှားခြင်း တို့ပါဝင်သည်။[၁၇]

သဘောတူညီချက်စာချုပ်သည် လူကုန်ကူးမှုအလားတူရှုပ်ထွေးမှုဖြစ်တတ်သော တရားမဝင်ရွှေ့ပြောင်းအလုပ်သမားနှင့် ရွှေ့ပြောင်းအလုပ်သမားများကို ခိုးသွင်းခြင်း အစရှိသည့်ကိစ္စရပ်များကို ချေဖျက်လိုက်ခြင်းဖြင့် လူကုန်ကူးမှုကို တိကျစွာ ရှင်းလင်းကိုင်တွယ်ခဲ့သည်။[၁၈] သဘောတူညီချက်စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အားလုံးသဘောတူခဲ့သည့် လူကုန်ကူးမှု အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တရားဝင်ပြုလုပ်ထားရပြီး၊ ယင်းတို့၏လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ပြည်တွင်းဥပဒေများကို အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ယောင်ပြန်ဟပ်စေရန် ပြုပြင်မွမ်းမံခြင်း၊ ရေးဆွဲခြင်းပြုလုပ်ရန်အား ပေးရမည်။[၁၉] နောက်ဆက် တွဲစာချုပ်၏ အဆုံးစွန်သောရည်ရွယ်ချက်မှာ လူကုန်ကူးမှုနှင့်စပ်လျဉ်းသည့် နိုင်ငံတကာ၏ သဘောသဘာဝတို့ကို ပိုမို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နိုင်ငံ၏ပြည်တွင်းလူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေအကြား ပိုမို လိုက်လျောညီထွေ စေရန် အတွက် မြှင့်တင်ပေးရန်ဖြစ်သည်။[၂၀]

မြန်မာနိုင်ငံမှ လက်မှတ်ထိုး (သို့) လက်ခံထားသော လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ အခြားနိုင်ငံတကာ ဥပဒေများမှာ[၂၁]

- ကလေးအခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာချုပ်
- အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းနှင့်သက်ဆိုင်သည့် အပြည်ပြည်အလုပ်သမားအဖွဲ့ချုပ်၏ သဘောတူညီချက်စာချုပ် (ILO 29)

### လူကုန်ကူးခြင်းနှင့် CEDAW

ကုလသမဂ္ဂ၏ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ဆန့်ကျင်ခွဲခြားဖိနှိပ်မှု တိုက်ဖျက်ရေးဆိုင်ရာသဘောတူညီချက်စာချုပ် (CEDAW) သည် နိုင်ငံတကာဥပဒေဖြင့် အမျိုးသမီးများ၏ လူ့အခွင့်အရေးကို ကာကွယ်ရန်အတွက် အရေးအကြီးဆုံးနှင့် တခုတည်းသော စာချုပ်စာတမ်းတခုဖြစ်သည်။[၂၂]

CEDAW ဆီဒေါ ပုဒ်မ ၆ သည် အမျိုးသမီးများအား လူကုန်ကူးခြင်းကို တိုက်ရိုက်ရည်ညွှန်းထားပါသည်။

"အဖွဲ့ဝင်နိုင်ငံများသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ရောင်းဝယ်ခြင်းနှင့် ပြည့်တန်ဆာပြု ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း တို့ကို တိုက်ဖျက်ရန်အတွက် ဥပဒေပြုခြင်းအပါအဝင် သင့်လျော်သော စီမံချက်များ အားလုံးပြုလုပ်ရမည်။"[၂၃]

ဆီဒေါ ပုဒ်မ ၆ ထပ်မံဖြည့်စွက်ချက်မှာ လူကုန်ကူးမှုဖြစ်စဉ်များတွင် လိင်ကွဲပြားမှု၏ အခန်းကဏ္ဍကို အသိအမှတ်ပြုထားသည်။ ကျား၊မ နှစ်မျိုးလုံးမှာ လူကုန်ကူးခံခဲ့ရသော်လည်း လူကုန်ကူးခြင်းသည် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ်အချိုးအစား မမျှတစွာ ထိခိုက်နစ်နာစေသည့် လူ့အခွင့်အရေးချိုးဖောက်ခြင်း ဖြစ်သည်။[၂၄]

## ပြည်တွင်းဥပဒေ

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုသည် ရာဇဝတ်မှုဖြစ်ပြီး ထောင်ဒဏ်တသက်တကျွန်းအထိ အပြစ်ပေးအရေးယူနိုင်သည်။[၂၅]

လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ ကို စက်တင်ဘာလ ၂၀၀၅ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး၊ လူကုန်ကူးမှု ဖွင့်ဆိုချက်မှာ–

လူတဦး၏ ဆန္ဒအလျောက်ဖြစ်စေ၊ ဆန္ဒမပါဘဲဖြစ်စေ ခေါင်းပုံဖြတ်အမြတ်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါ မည်သည့်လုပ်ဆောင်မှုကိုမဆို ကျူးလွန်လုပ်ဆောင်ပြီး လူပုဂ္ဂိုလ်ကို စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားယူခြင်း၊ ငှားပေးခြင်း၏ ခိုလှုံခွင့်ပြုခြင်း (သို့) လက်ခံထားခြင်း ကိုဆိုလိုသည်။

၁) ခြိမ်းချောက်ခြင်း (သို့) ဖိအားပေးခြင်း (သို့) အခြားပုံစံများဖြင့် နိုင်ထက်စီးနင်းပြုခြင်း၊
၂) ဖြားယောင်းသွေးဆောင်ခြင်း၊
၃) လိမ်လည်ခြင်း၊
၄) လှည့်စားခြင်း၊
၅) အာဏာအလွဲသုံးစားပြုခြင်း (သို့) လူတဦး၏အားနည်းချက်ကို အသုံးပြုခြင်း
၆) လူတဦးက အခြားသူတဦးကို ထိန်းချုပ်နိုင်သည့်သဘောတူညီမှုရရှိရန်အတွက် အကျိုးအမြတ် (သို့) ငွေကြေးလက်ခံ ခြင်း (သို့) ပေးကမ်းခြင်း [၂၆]

ဥပဒေပြုခြင်း၏အခြေခံအလုပ်မှာ လူကုန်ကူးမှုများကို တားဆီးရန်နှင့်တိုက်ဖျက်ရန်ဖြစ်သကဲ့သို့ အမျိုးသမီး၊ ကလေးငယ်နှင့်လူငယ်များကို လူကုန်ကူးခြင်းအားပိုမိုအလေးထားဆောင်ရွက်ရန် ဥပဒေအရဖော်ပြထားသည်။[၂၇] ထို့ကြောင့် မြန်မာနိုင်ငံ ပြည်တွင်းဥပဒေရှိ လူကုန်ကူးမှု အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ကုလသမဂ္ဂ၏နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ စီစဉ်ကျူးလွန်ခြင်းကိုဆန့်ကျင်သည့်သဘောတူညီချက်စာချုပ်ကို ဖြည့်စွက်ထားသောအမျိုးသမီးနှင့် ကလေးသူငယ်များကို အထူးပြုသည့်လူကုန်ကူးမှု တားဆီးရေး၊ နှိမ်နင်းရေးနှင့် အပြစ်ပေးအရေးယူရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်တွင်

ပါရှိချက်အရ နိုင်ငံတကာလက်ခံသည့် ဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အလွန်နီးကပ်စွာ ယောင်ပြန်ဟပ်လျက်ရှိသည်။

လူကုန်ကူးမှုထိန်းချုပ်ကွပ်ကဲရေးဗဟိုဌာန (CBTIP) ကို ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ–၂၀၀၅ အရ ဖွဲ့စည်းခဲ့ပြီး၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် လူကုန်ကူးမှုထိန်းချုပ်ကွပ်ကဲရေး အလုပ်အဖွဲ့များကိုပါ ဗဟိုဌာန၏ စီမံမှု အောက်တွင် ဖွဲ့စည်းထားရှိခဲ့သည်။[၂၈] ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးမှာ လူကုန်ကူးမှုထိန်းချုပ်ကွပ်ကဲရေးဗဟိုဌာန၏ ဥက္ကဋ္ဌ ဖြစ်သည်။[၂၉]

## ဒေသတွင်းသဘောတူညီချက်များနှင့် အစပြုဆောင်ရွက်ချက်များ

### ကုလသမဂ္ဂဆိုင်ရာ လူကုန်ကူးမှုပပျောက်ရေးအေဂျင်စီ စီမံချက် – မဲခေါင်ဒေသဆိုင်ရာ လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်း UNIAP-COMMIT

ကုလသမဂ္ဂဆိုင်ရာ လူကုန်ကူးမှုပပျောက်ရေးအေဂျင်စီ စီမံချက်သည် လူကုန်ကူးမှုများကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေသော မဲခေါင်ဒေသတွင်း လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး ကြိုးပမ်းနေမှုများနှင့် ပူးပေါင်းလုပ်ဆောင်ရန် တာဝန်ရှိသည်။[၃၀]

ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ် တို့ပါဝင်သော မဟာမဲခေါင်ဒေသ(GMS) နှင့် အခြားနိုင်ငံများအကြား နိုင်ငံပေါင်းစုံပါဝင်သည့် အပြန်အလှန်နားလည်သဘောတူညီချက်ကို ၂၉ ရက်နေ့ အောက်တိုဘာလ ၂၀၀၄ ခုနှစ် တွင် ထို ၆ါးနိုင်ငံအစိုးရများနှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။[၃၁] အပြန်အလှန်နားလည်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံအစိုးရသည် လူကုန်ကူးမှုပြဿနာရပ်များကိုတုန့်ပြန်ဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီရန်နှင့် နိုင်ငံတကာတွင်ဖြစ်တတ်သောလူကုန်ကူးမှုသဘောသဘာဝများ၊ အဖြစ်အပျက်ပေါင်းစုံများကို ကိုင်တွယ်ဖြေရှင်းရန် မဟာမဲခေါင်ဒေသရှိ အခြားအစိုးရများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိကိုယ်ကို အာမခံထားခြင်းဖြစ်သည်။[၃၂]

## လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ အခြားဆက်စပ်သည့် အပြန်အလှန်နားလည်မှုစာချွန်လွှာများ

- လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံအကြား အပြန်အလှန်နားလည်မှု သဘောတူညီချက် (၂၀၀၉ ခုနှစ်)

## မြန်မာနိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် အကျင့်ပျက်ချစားမှု

### တရားဥပဒေစိုးမိုးရေး

မြန်မာနိုင်ငံတွင် နိုင်ငံတကာဥပဒေစာချုပ်စာတမ်းများကို လက်ခံကျင့်သုံးမည်ဟု အာမခံထားသည့် ကုလသမဂ္ဂ၏ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ စီစဉ်ကျူးလွန်ခြင်းကို ဆန့်ကျင်သည့်သဘောတူညီချက်စာချုပ်နှင့် နောက်ဆက်တွဲစာချုပ်များ၊ မြန်မာနိုင်ငံ၏လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၀၅ တွင် ပြဋ္ဌာန်းခြင်း စသည်တို့သည် မြန်မာ နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးနှင့် ကျူးလွန်ခဲ့သောအပြစ်အတွက်ဒါဏ်ခတ်ခံရမှုမှကင်းလွတ်ခြင်းယဉ်ကျေးမှုကို အောင်နိုင်လွှမ်းမိုးရေးတို့အတွက် မဖြစ်မနေ ဆက်စပ်ထည့်သွင်းစဉ်းစားရမည့် အခြေအနေများဖြစ်သည်။[၃၃]

မြန်မာနိုင်ငံသည် တရားဥပဒေစိုးမိုးမှုအားနည်းနေခြင်းနှင့် လွတ်လပ်သောတရားစီရင်ပိုင်ခွင့်မရှိခြင်းတို့အတွက် ကျယ်ပြန့်စွာဝေဖန်ရှုတ်ချခံနေရသည်။[၃၄] အထူးသဖြင့် တိုင်းရင်းသားကျေးလက်ဒေသများနှင့် ပလောင်လူဦးရေများပြားသော ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကဲ့သို့ ဝေးလံခေါင်းပါးသည့် တောင်ပေါ်ဒေသများတို့တွင် တရားဥပဒေ

စိုးမိုးရေး အလွန်အားနည်းသည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် ထုတ်ပြန်ခဲ့သည့် ၂၀၁၀ မတ်လ အစီရင်ခံစာတွင် ဖော်ပြထားသည်မှာ–

"တရားဥပဒေစိုးမိုးမှုအားနည်းနေခြင်းနှင့် လွတ်လပ်သောတရားစီရင်ပိုင်ခွင့်မရှိခြင်းတို့သည် (နှစ်ပေါင်းများစွာကတည်းက တည်ရှိနေပြီး၊ ယခုလည်း ဆက်လက်တည်ရှိနေမည့် ကြီးမားကျယ်ပြန့်ပြီး စံနစ်တကျ ကျူးလွန်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများ) အတွက် ကြိုတင်သတ်မှတ်ချက်များ ဖြစ်သည်။"[၃၅]

လူ့အခွင့်အရေးချိုးဖောက်သူများဟု စွပ်စွဲခံနေရသူများကို ဥပဒေအရ တာဝန်ခံမှုရှိစေရန် နိုင်ငံ၏ဆောင်ရွက်မှု ကျရှုံးခြင်းကိုလည်း လူ့အခွင့်အရေးအထူးကိုယ်စားလှယ်က ဝေဖန်မှတ်ချက်ပြုခဲ့သည်။ ကျူးလွန်ခဲ့သောအပြစ်အတွက် ဒါဏ်ခတ်ခံရမှုမှ ကင်းလွတ်သည့်ယဉ်ကျေးမှုကို မြန်မာပြည်၏ နိုင်ငံယန္တရားများအတွင်း ပျံ့နှံ့စေရန် ခွင့်ပြုထားခြင်းဖြစ်သည်။

"တာဝန်ခံမှု မရှိခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းများမှာ နိုင်ငံ၏ပေါ်လစီအကျိုးရလာဒ်ဖြစ်သည်ကို ညွှန်ပြနေခြင်းဖြစ်ပြီး၊ အဆင့်မြင့်အာဏာပိုင်များ၊ စစ်တပ်ဖွဲ့၊ တရားစီရင်ရေး အဆင့်တိုင်း၏ မူလဘူတဆုံးဖြတ်ချက်များဖြစ်သည်။" [၃၆]

မြန်မာပြည်တွင်တရားဥပဒေစိုးမိုးရေးနှင့်လွတ်လပ်သောတရားစီရင်ပိုင်ခွင့်တို့မပေါ်ပေါက်သေးပါကနိုင်ငံတော်အပါအဝင် နိုင်ငံသားပါ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ (သို့) အမျိုးသမီးတို့၏ လူအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးသည့် နိုင်ငံတကာစာချုပ်စာတမ်းများဖြစ်သည့် UNCTOC နှင့် CEDAW တို့ကို မည်ကဲ့သို့မျှတာဝန်ခံနိုင်မည်မဟုတ်ပေ။ ထို့ပြင် အမျိုးသမီးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာအခွင့်အရေးများကို ကာကွယ်ရန် ကျရှုံးပျက်ကွက်နေခြင်းသည် လူကုန်ကူးခြင်းကို ပိုမိုဖြစ်ပေါ်တိုးတက်စေသည့် အခြေအနေများကို ဖန်တီးနေခြင်းဖြစ်သည့်အတွက် နိုင်ငံများမှတာဝန်ရှိကြောင်းကို အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကို ဆန့်ကျင်တိုက်ဖျက်ရေးအတွက် အထူးကိုယ်စားလှယ်ဟောင်းက ထောက်ပြခဲ့သည်။ [၃၇]

## အကျင့်ပျက်ချစားမှု

အကျင့်ပျက်ချစားမှုကို ပုဂ္ဂလိကရပိုင်ခွင့်အတွက် အာဏာအသုံးပြုပြီး ယုံကြည်အပ်နှံမှုကိုဖောက်ဖျက်ခြင်း ဟူ၍ ဖွင့်ဆိုနိုင်သည်။[၃၈] အကျင့်ပျက်ချစားသည့်ယဉ်ကျေးမှုနှင့် တရားဥပဒေစိုးမိုးရေးနှင့်လူအခွင့်အရေးတို့ကို ရိုသေလေးစားမှုမရှိခြင်း တို့မှာ မြန်မာအစိုးရ၏ အုပ်ချုပ်မှုအဆင့်တိုင်းတွင် ဆက်လက်ရှင်သန်ကြီးထွားနေလျှက်ရှိသည်။ [၃၉]

လူကုန်ကူးမှုစီမံချက်များတွင် အစိုးရအရာရှိများ၏ကြံရာပါပူးပေါင်းဆောင်ရွက်သည့် အချက်အလက်များစွာရှိပါသည်။[၄၀] ထိုတွေ့ရှိမှုများမှာ မြန်မာအစိုးရအတွင်းတွင် ဒါဏ်ခတ်ခံရမှုမှ ကင်းလွတ်သည့်ယဉ်ကျေးမှု ပျံ့နှံ့နေသည်ကို သိသာထင်ရှားစေလျှက်ရှိသည်။ အဆင့်မြင့်အရာရှိများ လူကုန်ကူးမှုအတွက် တရားစွဲအရေးယူခံရသည့်အချိန်တွင် လုံလောက်သည့် စုံစမ်းစစ်ဆေးခြင်းများမပြုပဲ နောက်ဆုံးတွင် ကွင်းလုံးကျွတ်လွတ်လေ့ရှိသည်။[၄၁] အရပ်သားစွပ်စွဲခံရသူများပါသည့် လူကုန်ကူးမှုများတွင် ဥပဒေအကောင်အထည်ဖော်သည့်အရာရှိများက စွပ်စွဲခံရသူများကို အကျဉ်းထောင်မှလွတ်ပေးရန်အတွက် ယင်းတို့ထံမှ လာဘ်ငွေများအကြိမ်ကြိမ်လက်ခံကြသည်။ ရာဇဝတ်ဂိုဏ်း ကွန်ယက်များ လှုပ်ရှားနိုင်ရန် ဒါဏ်ခတ်ခံရမှုမှ ကင်းလွတ်သည့်ယဉ်ကျေးမှုကို ခွင့်ပြုထားသည်။[၄၂]

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုလျော့ချနိုင်ရန်အတွက် အဓိကအဟန့်အတားတရပ်မှာ အကျင့်ပျက်ချစားမှုဖြစ်ပြီး ပြည်တွင်းဥပဒေများကို အကောင်အထည်ဖော်ရာတွင် ပိတ်ပင်တားဆီးမှုပေါင်းမြောက်များစွာနှင့်ရင်ဆိုင်နေရ သည်။[၄၃] ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) ၏ တွေ့ရှိချက်အရ မြန်မာပြည်၏တရားစီရင်မှုစနစ် အဆင့်တိုင်းတွင် အကျင့်ပျက်ချစားမှုများတိုးတက်များပြားလျှက်ရှိသည်။[၄၄] ဤအချင်းအရာသည် ဆင်းရဲသောကျေးလက်ဒေသမှ လူကုန်ကူးခံရသူများမှာ တရားမျှတမှုရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန် လက်တွေ့မဖြစ်နိုင်တော့ပေ။ ထိုကဲ့သို့ တရားမျှတမှု အရင်းအမြစ်များကို ရယူပိုင်ခွင့်မရှိသောလူကုန်ကူးခံရသည့်အမျိုးသမီးများ အများအပြားရှိနေပြီး၊ မြန်မာပြည်၏အုပ်ချုပ်မှုယန္တရားတွင် ထိုကဲ့သို့ တရားမျှတမှုအရင်းအမြစ်များရယူတောင်းဆိုပိုင်ခွင့်များ ငြင်းပယ်ခံနေရခြင်းသည် ပြဿနာရပ်များ ပိုမိုဆိုးရွားလာစေမည့် အကြောင်းတရားပင်ဖြစ်သည်။ ချစားသည့်တရားစီရင်ရေး စနစ်ကြောင့် အမျိုးသမီးများအပေါ် အချိုးအစား မမျှတစွာထိခိုက်နစ်နာစေသည့် လူကုန်ကူးမှုပြဿနာများတွင် အမျိုးသမီးများအပေါ်ဆန့်ကျင်ခွဲခြားမှုများ ဤကဲ့သို့ ဆက်လက်ဖြစ်ပေါ်နေလျှက်ရှိပါသည်။ [၄၅]

## ကျမ်းကိုးစာရင်း


[1] *Virus of tea*, Palaung Working Group, 2008, available in Burmese at www.palaungland.org

[2] 2010 election news, November 9, 2010 at www.palaungwomen.com

[3] *Driven Away*, Kachin Women's Association of Thailand, 2005.

[4] *Eastward Bound*, Kachin Women's Association of Thailand, 2008.

[5] Ibid.

[6] "The Effect of China's One-Child Family Policy after 25 years," Hesketh, T. & Xing, Z.W, in *The New England Journal of Medicine*, 2005, 353:1171-1176.

[7] Ibid.

[8] Ibid.

[9] Ibid.

[10] Combined second and third report of Myanmar to the CEDAW Committee, September 4, 2007, p. 13.

[11] Information provided by the Government of Myanmar in follow-up to the concluding observations of the CEDAW Committee, October 25, 2010, p.2

[12] Combined second and third report of Myanmar to the CEDAW Committee, September 4, 2007, p. 20.

[13] *Poisoned Hills*, Palaung Women's Organization, 2010.

[14] Report of the Special Rapporteur on Trafficking in Persons, especially Women and Children to the UN Human Rights Council, February 20, 2009, p.9.

[15] The third Protocol is "The Protocol against the Illicit Manufacturing of and Trafficking in Firearms, their Parts and Components and Ammunition."

[16] "Violence against and Trafficking in Women as Symptoms of Discrimination: The Potential of CEDAW as an Antidote," Economic and Social Commission for Asia and the Pacific, Gender and Development Discussion Paper Series No.17 (December 2005) pg.5.

[17] United Nations Convention Against Transnational Organised Crime And The Protocols Thereto, Article 3, Paragraph a. UNODC Vienna, 2004.

[18] Gender and Development Discussion Paper Series, No.17, ESCAP, 2005, p.5.

[19] United Nations Convention against Transnational Organised Crime and its Protocols, UNODC website at http://www.unodc.org/unodc/en/treaties/CTOC/index.html Accessed February 3, 2011.

[20] Ibid.

[21] *Laws and Policies: National Legal and Policy Framework around Trafficking in Persons*, ARTIP website at http://www.artipproject.org/artip-tip-cjs/laws-policies-national-ams.html Accessed February 7, 2011.

[22] Gender and Development Discussion Paper Series, No.17, ESCAP, 2005, p.27.

[23] *United Nations Convention on the Elimination of All Forms of Discrimination Against Women*, Part I, Article 6. United Nations Division for the Advancement of Women website http://www.un.org/womenwatch/daw/cedaw/text/econvention.htm#article6 Accessed February 4, 2011.

[24] Gender and Development Discussion Paper Series, No.17, ESCAP, 2005, p.11-12.

[25] *Anti-Trafficking in Persons Law*, Chapter IX, The Union of Myanmar State Peace and Development Council Law No. 5/ 2005, 2005.

[26] Ibid., Chapter I.

[27] Ibid., Chapter II.

[28] *The Mekong Region Country Datasheets on Human Trafficking 2010*, UNIAP, September 2010, p.23

[29] Ibid.

[30] *The Mekong Region Country Datasheets on Human Trafficking 2010*, UNIAP, September 2010, p.ii.

[31] *Memorandum of Understanding on Cooperation Against Trafficking in Persons in the Greater Mekong Sub-Region*, October 29, 2004, p.1-6.

[32] *COMMIT: The Coordinated Mekong Ministerial Initiative Against Trafficking*, UNIAP website http://www.no-trafficking.org/commit.html Accessed February 7, 2011.

[33] Progress report of the Special Rapporteur on the situation of human rights in Myanmar, Tomás Ojea Quintana', March 2010, p.5.

[34] "Chapter 6: Trafficking and Smuggling," *Burma Human Rights Yearbook*, 2008, p.243.

[35] *Progress report of the Special Rapporteur on the situation of human rights in Myanmar*, Tomás Ojea Quintana, March 2010, p.5.

[36] Ibid., p.21.

[37] Gender and Development Discussion Paper Series, No.17, ESCAP, 2005, p. 12.

[38] *The Anti-Corruption Plain Language Guide*, Transparency International, 2009, p.14

[39] "Chapter 6: Trafficking and Smuggling," *Burma Human Rights Yearbook*, 2008, p.245.

[40] Ibid., p.276.

[41] Ibid., p.267.

[42] Ibid., p.268.

[43] Ibid., p.245-276.

[44] Ibid., p.267.

[45] *Gender and Corruption*, Transparency International, Working Paper No.3, 2007, p.3.

၂၀၁၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

## ပလောင်အမျိုးသမီးအစည်းအရုံး

မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုတွင် ပလောင်အဖွဲ့အစည်းများအတွင်း အမျိုးသမီးများ၏ တက်ကြွစွာပူးပေါင်းပါဝင်မှု ရှားပါးနေသည်ကို အဖြေရှာသည့်အနေဖြင့် ပလောင်အမျိုးသမီးအစည်းအရုံးကို ၂၀၀၀ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။ အချို့သော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကြောင့် အမျိုးသားများသည် ပညာပေးမှုများ၊ သင်တန်းပေးမှုများ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများ၊ ခေါင်းဆောင်မှု သင်တန်းများ နှင့် အခြားသောအခွင့်အရေးများ ပိုမို၍ရနိုင်ခြေရှိသည်ကို တွေ့မြင်ပါသည်။ ပလောင်အမျိုးသမီးအစည်းအရုံးသည် အမျိုးသမီးများအား ပညာပေးရန်နှင့် စွမ်းရည်မြှင့်တင်ဆောင်ရွက်ပေးရန်အတွက် ရည်ရွယ်ဖွဲ့စည်းခြင်း ဖြစ်ပါသည်။ သို့မှသာလျှင် အမျိုးသမီးများ၏ကိုယ်ပိုင်ပြဌာန်းခွင့်ကို ပိုမိုခိုင်မာစွာကျင့်သုံးလာနိုင်ခြင်း၊ ပလောင်အမျိုးသားရေးနှင့် နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍအသီးသီးတွင် အမျိုးသမီးခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန်နှင့် လူမှုအဖွဲ့အစည်းအတွင်း တန်းတူရည်တူ ပါဝင်ဆောင်ရွက်လာနိုင်စေရန် ဖြစ်ပါသည်။

## ရည်မှန်းချက် ပန်းတိုင်

မိမိတို့သည် တရားမျှတမှု၊ ကျားမတန်းတူညီမျှမှုနှင့် ငြိမ်းချမ်းမှုရှိပြီး ဒီမိုကရေစီထွန်းကားသော လူ့ဘောင်အဖွဲ့အစည်းသို့ ရှေ့ရှု၍ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီးတွင် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စည်းရုံးလှုပ်ရှားဆောင်ရွက်ပေးနေသည့် ပလောင်အမျိုးသမီးအစည်းအရုံးဖြစ်သည်။

## ရည်မှန်းချက်များ

- ပလောင်အမျိုးသမီးများ၏ ဘဝအဆင့်အတန်းတိုးတက်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရေးအခန်းကဏ္ဍ အသီးသီးတွင် ပါဝင်လာစေရေးအတွက် ဆောင်ရွက်သွားရန်။
- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများအားလုံး ပပျောက်ရေးအတွက် တက်ကြွစွာလှုပ်ရှားဆောင်ရွက်သွားရန်။
- ပလောင်ပြည်သူလူထုများ၏ ကျန်းမာရေး၊ တိုးတက်ကောင်းမွန်လာစေရေးအတွက် စည်းရုံးလှုပ်ရှား ဆောင်ရွက်သွားရန်။
- ပလောင်ဒေတွင်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများအား မြန်မာပြည်သူလူထုများ၊ ဒေသဆိုင်ရာ အစိုးရနှင့် နိုင်ငံတကာအစိုးရများမှ သိရှိပြီး တုန့်ပြန်ဆောင်ရွက်သွားနိုင်ရန်။
- ပလောင်အမျိုးသမီးအစည်းအရုံး၏ ဘဏ္ဍာဝင်ငွေများအားထိန်းသိမ်းပြီး စနစ်တကျစီမံခန့်ခွဲသွားရန်နှင့် စာရင်းဇယားများအား စနစ်တကျလုပ်ဆောင်သွားရန်။
- ပလောင်စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်သွားရန်။

ပလောင်အမျိုးသမီးအစည်းအရုံးတွင် အဓိကသော့ချက်ကျသော လုပ်ငန်းစဉ် ၃ ခုနှင့် စီမံချက် ၁ ခုရှိပါသည်။
အဓိကလုပ်ငန်းစဉ်များ၊ စီမံကိန်းနှင့် လုပ်ငန်းဌာန

၁) ပလောင်အမျိုးသမီးများ၏ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်
၂) အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစဉ်
၃) ကျန်းမာရေးလုပ်ငန်းစဉ်
၄) ဝင်ငွေလည်ပတ်စီးဆင်းမှု စီမံကိန်း
၅) သတင်းမှတ်တမ်းနှင့် သုတေသနဌာန

ပလောင်အမျိုးသမီးအစည်းအရုံး၏ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစဉ်တွင် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။

## ဆက်သွယ်ရန်

P.O. Box 98
63110, Tak
Mae Sot, Thailand

အီးမေးလ်**:** pwotaang@gmail.com
ဝက်ဆိုဒ်**:** www.palaungwomen.com

## ကျေးဇူးတင်စကား

ဤ လူကုန်ကူးမှု အစီရင်ခံစာထုတ်ဝေနိုင်ရန်အတွက် အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် သတင်းအချက်အလက်မှန်များ ရရှိနိုင်ရန်သုတေသနပြုသူများကို ပူးပေါင်းကူညီခဲ့သည့် လူပုဂ္ဂိုလ်များ၊ ဒေသခံများ နှင့် အစီရင်ခံစာ ဖြစ်ပေါ်လာရန် အတွက် တန်ဖိုးရှိသော အကြံဉာဏ်အချက်အလက်များ ပံ့ပိုးကူညီခဲ့သူများ အားလုံးကို ပလောင်အမျိုးသမီးအစည်းအရုံး အနေဖြင့် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

Burma Relief Center (BRC) ၏ နည်းပညာပိုင်းပံ့ပိုးမှုမှာ ကျေးဇူးကြီးလှပါပေသည်။ အချက်အလက်ကောက်ခံခြင်းမှ အစီရင်ခံစာ ပုံနှိပ်ထုတ်ဝေနိုင်သည့်အထိ ဘဏ္ဍာရေးကူညီပံ့ပိုးပေးသည့် International Women’s Development Agency (IWDA) ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

မြေပုံဆွဲပေးခြင်း၊ ဘာသာပြန်ခြင်းတို့ဖြင့် စိတ်ရှည်လက်ရှည်ပူးပေါင်းပါဝင်ပေးကြသည့် TSYO နှင့် PSLF တို့ကိုလည်း ကျေးဇူးတင်ပါသည်။ နောက်ဆုံးအနေဖြင့် မဖြစ်မနေ ကျေးဇူးတင်ရမည့်ပုဂ္ဂိုလ်မှာ အစီရင်ခံစာဖြစ်မြောက်ရန် မိမိတို့နှင့် အစအဆုံးလက်တွဲလုပ်ကိုင်ပေးသော Voluntary Service Overseas (VSO) မှ စေတနာ့ဝန်ထမ်း Ms.Jane Welch ဖြစ်ပါသည်။



***သိမ်းပိုက်ခံ ဘဝများ*** အစီရင်ခံစာတွင် မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း၌ နိုင်ငံရေးနှင့်စီးပွားရေး အခြေအနေဆိုးရွားမှုကြောင့် တရုတ်နိုင်ငံသို့လူကုန်ကူးမှုများ မည်ကဲ့သို့ စိုးရိမ်ဖွယ်အဆင့်ထိ တိုးပွားများပြားလာသည်ကို အချက်အလက်ကောက်ခံစုဆောင်းထားပါသည်။ မိရိုးဖလာ လက်ဖက်လုပ်ငန်းဖြင့် ဆက်လက် ရပ်တည်ရန် မလုံလောက်သောကြောင့် ပလောင်လူငယ်များမှာ မိမိတို့၏ မွေးရပ်မြေကိုစွန့်ခွာပြီး အခြားဒေသတွင် အလုပ်ရှာကြရသဖြင့် အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးငယ်များပါ လူကုန်ကူးသူများ၏ အနိုင်ကျင့်အမြတ်ထုတ်မှု လက်အောက်သို့ ကျရောက်နေကြရပါသည်။

**ပလောင်အမျိုးသမီးအစည်းအရုံး**